# မဇ္ဈပဏ္ဏး ဝဋ္ဌိ

၄၂၇၈

# " ဤမုန္တပန်းတိုင် "

## ကျေးဇူးတင်လွှာ၊

★

ဤစာအုပ်ဖြစ်မြောက်ရေးအတွက်၊ လိုက်လိုက်လဲ့လဲ့ အားပေးကူညီသော (ကမ္ဘာကျော်-ဘုန်းဝင်း ရုပ်ရှင်) ကုမ္ပဏီပိုင်ရှင် ဦးကျော်ဇော-ဇနီး ဘောင်ဒရီ-အလွတ် ပညာသင် ကျောင်း၊ ဆရာမကြီး ဒေါ်ခင်ခင်အေးတို့အား များစွာကျေးဇူးအထူးတင်ရှိပါသည်။

(ပုံ) ကိုကိုကြီး၊

(ပုံ) ကိုကိုကြီး
နက္ခတ်ဗေဒင် ပညာရှိ
( မှူ ဝိုင် )

(အဖိုး ၃-ကျပ်)

# " ဤမုဒ္ဒပန်းတိုင် "

ဟူသော ကျမ်းစာသည် နှစ်ကျိပ် ရှစ်ဆူသောဘုရားရှင် အပေါင်းတို့၏ အတ္ထုပ္ပတ္တိ ဂုဏ်တော် ကျေးဇူးတော် အကြောင်းအစစ်အမှန်ပါရှိသဖြင့် ဗုဒ္ဓဘာသာဝင်အပေါင်း တို့၏အထွဋ် သရဖူဆောင်းသော စာမူ–စာအုပ်ဖြစ်ပေသဖြင့် ထုတ်ဝေသူနှင့် ဖတ်ရှုသူ အပေါင်းတို့အား မဟာ ကုသိုလ် အကျိုးရရှိပေပြီ။

ဤကုသိုလ်ကြီးကို ကျေးဇူးရှင်ဘခင်ကြီး (ဦးလွှမ်းပြန်) ကွယ်လွန်သူ မွေးသမိခင် ကျေးဇူးရှင် (မေမေထွေးညွန့်) တို့အား ဤစာအုပ်ဖြင့် ရည်စူး၍၊ ကန်တော့ပါ၏။

(ပုံ) ကိုကိုကြီး
နက္ခတ်ဗေဒင် ပညာရှိ
( မူ ၀ိ ၆ )

(အမှိုး ၃–ကျပ်)

ပဉ္စမထုတ်ဝေခြင်း အုပ်ရေ (၅,၀၀၀)
၁၉၆၂-ခု၊ မေလ။

★

ရန်ကုန်မြို့၊
ဘောင်ဒရီလမ်း၊ သီဟဗာဟု- ရောင်စုံပုံနှိပ်တိုက်တွင်
ရိုက်နှိပ်၍၊ ၁၀၂-က, ဘောင်ဒရီလမ်း၊
ဦးညွန့်တင်က ထုတ်ဝေသည်။

# မာတိကာ

×××××××××××


| ပါတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | အခလောင်းတော် နေစဉ်အခါဘဝဖြစ်စဉ် .... | ၉ |
| ၂။ | နှစ်ကျိပ်လေးဆူသော ဘုရားရှင်တို့၏ အတ္တုပ္ပတ္တိ အကျဉ်းပြ .... .... | ၁၅ |
| ၃။ | နှစ်ကျိပ်ရှစ်ဆူသော ဘုရားရှင်အပေါင်း တို့၏ အမည်တော်များ.... .... | ၂၈ |
| ၄။ | ဘုရားရှင်အပေါင်းတို့၏ ဖြည့်ကျင့် ဆည်းပူးခဲ့သော ပါရမီဆယ်ပါး .... | ၂၉ |
| ၅။ | ဘုရားလောင်း စွန့်ခြင်းကြီးငါးပါး .... | ၃၀ |
| ၆။ | နှစ်ကျိပ်ရှစ်ဆူသော ဘုရားရှင်တို့၏ အတ္တုပ္ပတ္တိ အကျဉ်းပြ .... .... | ၃၁ |
| ၇။ | နှစ်ကျိပ်ရှစ်ဆူသော ဘုရားရှင်တို့၏ လက်ထက်၌ ဂေါတမမြတ်စွာဘုရားအလောင်း တော်၏ ထင်ရှားသောဘဝအကျဉ်းချုပ်.... | ၃၆ |
| ၈။ | မင်းအဖြစ် ရှစ်ကြိမ် .... | ၃၆ |
| ၉။ | ပုဏ္ဏားမျိုး၌ ခုနစ်ကြိမ် .... .... | ၃၇ |
| ၁၀။ | လုလင်ဘဝ၌ သုံးကြိမ် .... .... | ၃၇ |
| ၁၁။ | ရသေ့ဘဝ ငါးကြိမ် .... .... | ၃၇ |
| ၁၂။ | ရဟန်းဘဝ ကိုးကြိမ် .... .... | ၃၈ |
| ၁၃။ | အလောင်းတော်ပါရမီရင့်ချိန်၌ဘဝဖြစ်စဉ်— | ၃၉ |
| ၁၄။ | အလောင်းတော်နတ်သား လူ့ပြည်၌ ပဋိသန္ဓေယူခန်း .... .... | ၄၀ |
| ၁၅။ | မယ်တော် အိမ်မက်ခန်း .... | ၄၁ |

# မာတိကာ

| နံပါတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁၆။ | အလောင်းတော်မင်းသား ဖွါးမြင်တော်မူခဏ်း .... .... | ၄၁ |
| ၁၇။ | ပုဗ္ဗ နိမိတ် .... .... | ၄၃ |
| ၁၈။ | ဖွါးဘက်တော် ခုနှစ်ပါး.... .... | ၄၅ |
| ၁၉။ | အလောင်းတော်ကလေး ဇာတာ စစ်ဆေးခဏ်း .... .... | ၄၆ |
| ၂၀။ | မယ်တော် နတ်ရွာလားခဏ်း .... | ၄၆ |
| ၂၁။ | သိကြားမင်း ရေကန်ဖန်ဆင်းပေးအပ်ခဏ်း- | ၄၇ |
| ၂၂။ | ဆွေတော် မျိုးတော်အဆက် .... | ၄၈ |
| ၂၃။ | လက်ထပ်တော်မူခဏ်း .... .... | ၄၉ |
| ၂၄။ | နန်းစီးစိမ် ခံစားခြင်း .... .... | ၅၀ |
| ၂၅။ | ဥယျာဉ်တော် လှည့်လည်ခဏ်း .... | ၅၀ |
| ၂၆။ | နိမိတ်လေးပါး မြင်ခဏ်း .... | ၅၁ |
| ၂၇။ | သားတော် ရာဟုလာ ဖွါးမြင်ခဏ်း .... | ၅၅ |
| ၂၈။ | တောထွက်တော်မူခဏ်း.... .... | ၅၅ |
| ၂၉။ | မာရ်နတ်သား တားခဏ်း .... | ၅၈ |
| ၃၀။ | ဆံတော်ပါယ်၍၊ ရဟန်းပြုတော်မူခဏ်း.... | ၅၉ |
| ၃၁။ | ခုနှစ်ပတ်လုံး တည်ငြိမ်စွာနေခြင်း .... | ၆၁ |
| ၃၂။ | အလောင်းတော်မြတ် ဆွမ်းခံကြွတော်မူခဏ်း .... .... | ၆၁ |
| ၃၃။ | ရသေ့နှစ်ဦးထံ စွန့်သမာပါတ်နှီးနှောခြင်း | ၆၃ |
| ၃၄။ | ပဉ္စဝဂ္ဂီများ ခစားလုပ်ကျွေးခြင်း .... | ၆၄ |
| ၃၅။ | ဒုက္ကရ စရိယာ ခြောက်နှစ်ကြာမျှ ကျင့်တော်မူရပုံ .... .... | ၆၄ |

| နံပါတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၃၆။ | ပဉ္စဝဂ္ဂီ ငါးဦးတို့ စွန့်ခွါသွားပုံ .... | ၆၆ |
| ၃၇။ | အလောင်းတော်မြတ် ငါးရပ်သောအိပ်မက် | ၆၇ |
| ၃၈။ | သူဌေးသမီး သုဇာတာ ဆုတောင်းခန်း.... | ၆၉ |
| ၃၉။ | သုဇာတာ ဃနာနို့ဆွမ်းကပ်လှူခြင်း .... | ၇၀ |
| ၄၀။ | အလောင်းတော်မြတ် နို့ဃနာ ဘုန်းပေးခြင်း .... .... | ၇၂ |
| ၄၁။ | အလောင်းတော်မြတ်ရွှေခွက်မြောခန်း.... | ၇၂ |
| ၄၂။ | မြက်သမ်းသမား သောတ္ထိယ အလောင်းတော်ကို မြက်ရှစ်ဆုပ်လှူခန်း .... | ၇၃ |
| ၄၃။ | ရေသုံးသပ်၍ ခရီးကြွတော်မူခြင်း .... | ၇၃ |
| ၄၄။ | မြက်ရှစ်ဆုပ် လှူဒါန်းခြင်း.... .... | ၇၄ |
| ၄၅။ | မြက်ရှစ်ဆုပ် ကြဲဖြန့်၍ ပလ္လင်တော် ပေါ်ခြင်း .... .... | ၇၄ |
| ၄၆။ | ဗောဓိပင်အောက်၌ သီတင်းသုံးခြင်း .... | ၇၅ |
| ၄၇။ | ဗောဓိပင်အောက် အလောင်းတော် ထံမှောက် မာရ်နတ်ကြီး ရောက်လာပြန်ခြင်း | ၇၆ |
| ၄၈။ | မာရ်နတ်စစ်သည်တို့၏ ရှေ့ပြေးနိမိတ် .... | ၇၇ |
| ၄၉။ | မာရ်နတ်ကြီးစစ်သည်များနှင့်ပလ္လင်လုခြင်း- | ၇၉ |
| ၅၀။ | လေတိုက်ဖျက်ဆီးခြင်း .... .... | ၈၂ |
| ၅၁။ | မိုးရွာ၍ ဖျက်ဆီးစေခြင်း .... .... | ၈၂ |
| ၅၂။ | ကျောက်ခဲမိုး ရွာခြင်း .. ... | ၈၃ |
| ၅၃။ | လက်နက်မိုး ရွာခြင်း .... ... | ၈၃ |
| ၅၄။ | သဲမိုး ရွာခြင်း .... .... | ၈၄ |
| ၅၅။ | ရွှံ့မိုး ရွာခြင်း .... .... | ၈၄ |

# မာတိကာ


| နံပါတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၅၆။ | မိုးခဲမိုး ရွာခြင်း .... .... | ၈၅ |
| ၅၇။ | အမှောင်ထုကျ၍ ပျက်စီးစေခြင်း .... | ၈၅ |
| ၅၈။ | ဥက္ကာပြန်ဖြင့် ပျက်စီးစေခြင်း .... | ၈၅ |
| ၅၉။ | စက်လက်နက်ဖြင့် ပျက်စီးစေခြင်း .... | ၈၆ |
| ၆၀။ | အလောင်းတော် သစ္စာ ဒိဋ္ဌာန်ပြုခဏ်း.... | ၈၇ |
| ၆၁။ | မာရ်နတ်ကို အောင်သဖြင့် ကောင်းချီး ပေးကြခြင်း .... .... | ၈၉ |
| ၆၂။ | သတ္တဋ္ဌာန်စံခဏ်း .... .... | ၉၂ |
| ၆၃။ | ဝါဆိုစဉ် .... .... | ၉၅ |
| ၆၄။ | ခုနှစ်နေ့ ဖြစ်စဉ် .... .... | ၉၇ |
| ၆၅။ | ဂုဏ်တော်ကိုးပါးပါဠိ .... | ၉၉ |
| ၆၆။ | ဂုဏ်တော်ကိုးပါး အနက်မြန်မာ ဘာသာပြန် .... .... | ၁၀၀ |
| ၆၇။ | ဗုဒ္ဓဂုဏ် အကျယ်ချီးကျူးပူဇော်ခဏ်း .... | ၁၀၃ |
| ၆၈။ | အောင်တော်မူ ဗုဒ္ဓဂုဏ်ရှစ်ပါး .... | ၁၁၉ |
| ၆၉။ | ဗုဒ္ဓလမ်းစဉ် ဂုဏ်တော်ရှစ်ပါး .... | ၁၂၀ |
| ၇၀။ | အရိမေတ္တယျ ဘုရားအလောင်းတော်ရှင့်မာ တကျိပ်ဖြစ်စဉ် .... .... | ၁၂၂ |
| ၇၁။ | ရှေ့ အနာဂါတ် ကာလ၌ ပွင့်တော်မူ လ တံ့သော အရိမေတ္တယျ ဗုဒ္ဓဘုရား၏အကြောင်း | ၁၂၃ |
| ၇၂။ | ကျမ်းပြီးနိဂုံး .... .... | ၁၂၆ |


☆

# နိဒါန်း စကားချီး။

စာရေးသူသည်၊ ဗုဒ္ဓဝင်စသော ကျမ်းအပေါင်းတို့ကို လေ့လာဆည်းပူးသည့်အခါ ဗုဒ္ဓ၏အကြောင်းအရာတွေကို ကောင်းစွာတွေ့ရပေသည်။ အလွန်ကျေနပ်သောဗုဒ္ဓ၏အတ္ထုပ္ပတ္တိကို နုစဉ်အခါဘဝ၊ ပါရမီရင့်စဉ်အခါဘဝ၊ အခြေအမြစ်နှင့် သိရှိရသည့်အတွက် ဤဗုဒ္ဓဝင်စာပေကို လောကဉ္စ်ရှိကြသော ဗုဒ္ဓဘာသာအမည်ခံပုဂ္ဂိုလ် ငယ်ရွယ်သူ ယောကျ်ား-မိန်းမ ဘာသာမရွေးလူမျိုးမရွေး သိသင့်၊ ကြည့်သင့်၊ မှတ်သားသင့်သည်ကို သဘောပေါက်လှသဖြင့် ဇင်းဗုဒ္ဓဝင်- မဟာဝင်-ဂန္ဓဝင်-ရာဇဝင်-ဒီပဝင် ထူပဝင် ကျမ်းကြီးများမှ ထုတ်နှုတ်၍၊ ရေးသားခြင်း ဖြစ်ပါ၏။

ဤစာအုပ်သည် အလောင်းတော် နုစဉ်ဘဝမှ အရင့်အမာဘဝသို့ ပါရမီကုသိုလ်တို့ကို မနေမနား ဆည်းပူးအားထုတ်သည့်အခါ လိုအပ်သည့် လောကုတ္တရာ ခရီးပန်းတိုင်ဟု ဆိုအပ်သော ဗုဒ္ဓအဖြစ်သို့ အရောက်ရရှိအောင် မလျော့သော လုံ့လဝီရိယဖြင့်၊ ဗုဒ္ဓအမည်ထူးကို ဆွတ်ခူးရရှိတော်မူလေသည်။

ထိုကဲ့သို့ ရယူတော်မူသော ဘုရားရှင်၏ ဗုဒ္ဓဟူသော အမည်တော်သည် ပန်းတိုင်သဘွယ် ဘဝခရီး၏ ပြီးမြောက်အောင်မြင်ရာဖြစ်သည်ကို ရည်ရွယ်လျက် ဤစာအုပ်ကို ဗုဒ္ဓပန်း တိုင်ဟု အမည်ပေးရခြင်း ဖြစ်ပါသည်။

ဤဗုဒ္ဓပန်းတိုင်ဟူသော စာအုပ်သည် ဗုဒ္ဓ၏အကြောင်းအရာနှင့်စပ်သော မြတ်စွာဘုရား၏ အတ္ထုပ္ပတ္တိကိုသာ ရေးသားသော

စာအုပ် ဖြစ်သည့် အားလျော်စွာ ကျွန်ုပ်တို့၏ ဂေါတမဗုဒ္ဓ အကြောင်းနှင့် လေးသင်္ချေကမ္ဘာတသိန်း ကာလက ပွင့်တော်မူကြသော နှစ်ကျိပ်ရှစ်ဆူသော ဘုရားရှင်တို့၏ အမည်အမျိုးအနွယ်တို့ကိုပါ ရေးသားဖော်ထုတ်သော စာအုပ်ဖြစ်ပေသည်။

ထိုကဲ့သို့ ရေးသားရခြင်းမှာ ဗုဒ္ဓဘာသာ အမည်ခံသူတို့သည် ဗုဒ္ဓ၏အတ္ထုပ္ပတ္တိ ဗုဒ္ဓဟူသော ဘွဲ့အမည်ကို ဤစာအုပ်မှာပင် သိနိုင်ပြီးဖြစ်သဖြင့် ဖတ်ရှုသူအပေါင်းတို့သည် ကျမ်းကြီးများကို မရှာဖွေရတော့ဘဲ ဗုဒ္ဓဘာသာအမည်ခံ ရကျိုးနပ်ပြီဟု တထစ်ချ မမှိတ်မသုံ ယုံကြည်သောစိတ် ရှိသည့်အတွက် စာရေးသူသည် ဤစာအုပ်ကို ဖြန့်ချိရခြင်း ဖြစ်ပေသည်။

ဤစာအုပ်ကို ဖတ်ခြင်းဖြင့် အတွင်းစာသား၌ ပါရှိသော ဗုဒ္ဓရှင်တော်မြတ် အပေါင်းတို့၏ အားထုတ်ဆီးပူးတော်မူသော ပါရမီဆယ်ပါးအပြားသုံးဆယ်တို့သည် ကပ်ကမ္ဘာ အနန္တသင်္ချေ သင်္ချာ ဂဏန်းချ၍ မပြနိုင်အောင် များမြောင်လှစွာ ကုသိုလ်ပါရမီရှင်ဖြစ်ကြောင်း သိရှိရပေလိမ့်မည်။ ကျွန်ုပ်တို့၏ ဗုဒ္ဓသည် လေးသင်္ချေနှင့် ကမ္ဘာတသိန်း ကာလပတ်လုံး သိမ်းကြုံးဆီးပူးတော်မူခဲ့သမျှသော ပါရမီကုသိုလ် အပေါင်းတို့သည် ခန္ဓာကိုယ်နှင့်စပ်သမျှ သိဒ္ဓတ္ထမင်းသားဘဝသည် နောက်ဆုံးဖြစ်ချေပြီဟု စွမ်းအင်ရှိသလောက် ချီးမြှောက်ကြကုန်၏။

ရုပ်ပုံတော် ရူပကာယတို၌ လုံးရပ်သဏ္ဍာန် ကိုနေဟန် ဖြောင့်မတ် လျှောက်ပတ်သောချေလက် ညက်သောပြေပြစ်သော ကိုယ်အင်္ဂါတို့တွင် သုံးဆယ့်နှစ်ပါးသော လက္ခဏာတော်ကြီး ရှစ်ဆယ်သော လက္ခဏာတော်ငယ်တို့ဖြင့် လူ-နတ်ဗြဟ္မာမယှဉ်သာအောင်

သာကီမျိုးအစစ် အယဉ်ကျေးဆုံးအဖြစ်သို့ ဖန်ဆင်းလိုက်ကြပေသည်။

ဤသို့ မြတ်စွာဗုဒ္ဓ၏ အကြောင်းချင်းရာတို့ကို ဖော်ပြရာဖြစ်သော ဗုဒ္ဓဝံသခေါ် ဗုဒ္ဓပန်းတိုင်ဟူသော ဤစာအုပ်ကို ကောင်းစွာဘတ်ရှုခါ ဗုဒ္ဓဘုရားရှင်၏ အဌပ္ပတ္တိကို လွယ်လွယ်ကူကူနှင့် သိရှိပြီး ကြည်ညိုသော သဒ္ဒါဝိတ်ပေါ်၍ ကိုးကွယ်ဆီးကပ်နိုင်ကြပြီးလျှင် ဗုဒ္ဓဘာသာ အမည်ခံရကျိုး နပ်ကြပါစေသောဝ်။

ဦးကိုကိုကြီး
နက္ခတ်ဗေဒင် ပညာရှိ။
ကဘာအေးလမ်း၊ အမှတ် (၁၀)
ရွှေဘိုကုန်း-ဒဂုံမြို့။

# ဗုဒ္ဓဝန္ဒနာ ပဏာမ။

လူသုံးပါးတို့၏ ကိုးစားရာအစစ် ဖြစ်တော်မူပေထသော သန့်ရှင်းစင်ကြယ် အနွယ်တော်အားဖြင့် လောကဘုံခွင် ဘုံအပြင်ဝယ် ပေါ်ထင်ထွန်းပ ဂေါတမဟူသော အမည်ထူးဖြင့် ချီးကျူးပြီးပိုင် မဆုံးနိုင်အောင် ပြန့်လှိုင်ကျော်ဇောတော် မူပေထသော လူ့နတ် ဗြဟ္မာတို့၏ ယုံကြည်ကိုးစား အားထားရာအစစ် ဖြစ်တော်မူသော မြတ်စွာဘုရားသည် သာယာဆန်းကြယ် ခက်နွယ်ယှက်ရုံ ပင်မျိုးစုံသည် လုမ္ဗိဏီသာမော အင်ကြင်းတော၌ မယ်တော်ဘုန်းရှိန် သိရိန်မဟာ မယ်မာယာဝမ်း ကြာတိုက်ခန်းမှ မီးရှူးသန့်စဉ် ဖွါးမြင်တော် မူခဲ့လေပြီး၍—

ရွှယ်တော်ချိုမြစ် သက္ကရာဇ်နှင့် တဆယ့်ခြောက်နှစ်သို့ ရောက်တော်မူသော အခါ၌ ရမ္မ–သုဘ–သုရမ္မ မည်ခေါ် ရွှေနန်းတော်သုံးဆောင်တို့၌ ယသော်ကြင်ဆွေ နန်းလုံမေနှင့် စံနေတော်မူခဲ့ပြီး၍ ရွှယ်တော်ချိုမြစ် သက္ကရာဇ်နှင့် နှစ်ဆယ့်ကိုးနှစ်သို့ ရောက်တော်မူသောအခါ၌ ဝန်းကြင်ဆယ်ရပ် ရောင်စုံလျှပ်သည် ပြသဒ်အခေါင် နန်းသုံးဆောင်တို့ကိုရင်း ဒေဝဒေဟ ကောလိယနှင့် ကပ္ပိလမည် သာထူးလည်သည် ပြည်ကြီးသုံးပြည် ဘို့ကိုရင်း၊ သိကြားကြင်ယာ သူဇာတမျှ ရာဟုလာမယ်တော် ယသော်ဓရာ မိဖုရားကြီးကိုရင်း၊ ရင်သွေးသက်စု မင်းရာဟုကိုရင်း၊ ဇမ္ဗူသောင်းမော် ရိုက်သြောင်းဆော်သည် ခမည်းတော် သုဒ္ဓေါဒန မင်းကြီးကိုရင်း၊ မယ်တော်ဘုရား နတ်ရွာ လားသည် နောက်

သားရင်းတမျှ ယုယပိုက်ထွေး နို့ချိုးကျွေးသည် မိထွေးတော် ဂေါတမီကိုရင်း၊ ဆွေတော်ရှစ်သောင်း မျိုးတော်ပေါင်းတို့ကို ၎င်း၊ ရံရွေတော်ပေါင်း တသောင်းခြောက်ထောင် ကုန်သော မင်းသမီးတို့ကို၎င်း၊ သန်းခေါင်အခါ ပယ်ခွါစွန့်ပြစ်တော်မူခဲ့ပြီး၍ မြတ်သောတောထွက်တော်မူခြင်းကို ကောင်းစွာကြည်ဖြူပူဇော် မူလျက် မွေးပေါင်းထုံကြူ ဥရုဝေဠ နာမပညတ် တောအရပ်၌ ခြောက်နှစ်သို့ကာလပတ်လုံး လူသာမာန်တို့ ကျင့်နိုင်ဘို့ဝေး၊ ကြံတွေးယုံမျှ ကြက်သီးထလောက်အောင် အလွန်ကြောက်မက် ဘွယ်ကောင်းသော အကျင့်မြတ်တွေကို ဆုတ်နစ်မရှိ ရဲသတ္တိဖြင့် မရှိဘက်မျှော် ကြင့်တော်မူပြီး၍ မြေကြီးအလုံး ရိုက်ချိုးညံညံ ပွဲတင်သံဖြင့် တန်တန်ကြွေးဟစ် ချူးထစ်စေလျက် တုဘက် ထင်ရှား ဂုဏ်ကိုးပါးနှင့် ဘုရားအဖြစ်ကို သစ္စာလေးဆင့် ခေါင် ဆုံးတင့်၍ ပွင့်တော်မူခြင်းသို့ ရောက်တော်မူလေပြီ။

ထိုဘုရားရှင် ကိုယ်တော်မြတ်ကြီးသည် လောကခရီးကျမ်းမှ အပြီးစခန်းထိ ကုန်ဆုံးရာ မဟာဗောဓိ မဏ္ဍိုင်၌ ဗုဒ္ဓဟူသော ပန်းတိုင်ကို လှမ်းကိုင်ရယူတော်မူပြီး၍ ဂုဏ်တော်ကြီးကျယ် ချီး ကြူးဘွယ်အနန္တ တွင်းပြင်ရန်အဝဝတို့၏ အောင်ပွဲရသခင် ဘုရားရှင် ကိုယ်တော်မြတ်ကြီးအား ကျမ်းပြီးမြောက်စေရန် စိတ် ရည်သန်၍ အတန်တန်အဝဝ ဘေးမခအောင် မစတော်မူပါ၊ ကာယဝစီ မနောချီ၍ သုံးလီဒွါရ ပဏာမဖြင့် ကြည်ဆွသဒ္ဒါ ရှိခိုး ကတော့ပါ၏ အောင်ပွဲရသခင် အသျှင်မြတ်ဘုရား–။

ဗုဒ္ဓဝန္ဒနာ ပဏာမ ပြီး၏။

# နိဒါန်းအကြောင်းပြ စကား။

ဘုရားရှင်တို့၏ လောကကို လွန်မြောက်၍ သဗ္ဗညုတ ဉာဏ်တော်တည်းဟူသော လောကုတ္တရာပန်းတိုင်သို့ ရောက်တော်မူကြသည်ကို ဖေါ်ပြသောကြောင့် ဤစာအုပ်ကို ဗုဒ္ဓပန်းတိုင်ဟု အမည်ပေး ရေးသားခြင်း ဖြစ်ပါသည်။

ယင်းစာအုပ်ကို ရေးသားရခြင်းမှာ ယခုအခါ မြန်မာပြည်၌ ဗုဒ္ဓဘာသာကို နိုင်ငံတော်ဘာသာ ပြဋ္ဌာန်းလိုက်သည့် အတွက် တိုင်းသူပြည်သားတို့မှာ ဗုဒ္ဓဘာသာကို ယခင်အချိန် ကာလက ထက်ပိုပြီး အာရုံစူးစိုက်ခါ တိကျမှန်ကန်သော ဘုရားစစ်၊ တရားစစ်၊ သံဃာစစ်တို့ကို သိလို၊ ကိုးကွယ်လို၊ ဆီးကပ်လိုသော စိတ်ဝင်စားလာကြသည်ကို တွေ့မြင်ရပေသည်။

ယင်းသို့ စိတ်ဝင်စားကြသော သူတို့မှာ ဗုဒ္ဓဘာသာဝင် ပုဂ္ဂိုလ်များနှင့်တကွ၊ အခြားဘာသာဝင် ပုဂ္ဂိုလ်တို့လည်း အများအပြား ပါဝင်ကြသည်ဟု သိရှိရပေသည်။ ထိုပုဂ္ဂိုလ်တို့မှာ အထူးသဖြင့် ဗုဒ္ဓ၏အယူဝါဒ၊ ဗုဒ္ဓ၏ဟောသောတရား၊ ထိုတရား၏ သဘာဝ၊ ထိုသဘာဝ၏ လောကဓါတ် သိပ္ပံပညာရပ်၊ စိတ်ပညာရပ်များနှင့် ကိုက်ညီ–မကိုက်ညီ ဤသို့စသည့် သဘောသဘာဝတွေတို့ကို ဆန်းစစ်ဝေဖန်၍ ကြံစီလေ့လာခါ လက်တွေ့ရှာကြံလျက် ရှိကြသည့်အပြင် ဗုဒ္ဓ၏အမည် အမျိုးအနွယ်တို့ကို ပါ လေ့လာလျက် ရှိကြပေသည်။

ထိုသို့ လေ့လာကြရာတွင် သဘောတရားရေးဘက်၌ အလွန်နက်နဲ၍ ပညာဉာဏ်ကြီးသော ပုဂ္ဂိုလ်တို့၏ အရာ ဖြစ်ပေသည်။ ဗုဒ္ဓ၏အမည် အမျိုးအနွယ်တို့မှာ ပေါ်လွင်ထင်ရှား၍ သိလွယ်သော သဘောရှိသဖြင့် ပညာဗဟုသုတ ရှာမှီးချိန် ငယ်ရွယ်သူများ အလွန်မှတ်သားသင့်၊ သိသင့်၊ ကြည့်ရှုသင့်သောအကြောင်းအရာများ ဖြစ်ပေသည်။

ထို့ကြောင့် လွန်ခဲ့သော အနှစ်–နှစ်ထောင့်ငါးရာ ငါးနှစ်မျှသာ ကြာခဲ့သေးသော ရှင်ဂေါတမ ဗုဒ္ဓ၏ အမည်အမျိုးအနွယ်သာမက ကမ္ဘာပေါင်း လေးသင်္ချေနှင့် ကမ္ဘာတသိန်း ကာလက ပွင့်တော်မူကြသော နှစ်ကျိပ်ရှစ်ဆူသော ဘုရားရှင်တို့၏ အမည်အနွယ်တော် အကြောင်းရပ်တို့ကိုပါ သိရှိရန် လိုသည့်အတွက် ထိုဘုရားရှင်တို့၏ ဗုဒ္ဓဝံသခေါ် ဗုဒ္ဓပန်းဆိုင်ဟူသော အမည်ဖြင့် ဤစာအုပ်ကို ရေးသားထုတ်ဝေရပေသည်။

# ရတနတ္တယ မဏာမ စကား။

အကျွန်ုပ်သည် လောက၌ အားလုံးသောတရားတို့ကို ဆရာ မရှိ မိမိအလိုလို ကိုယ်တော်တိုင် ထိုးထွင်း၍ အကုန်အစင် သိမြင် တော်မူသော သဗ္ဗညုတသခင် သမ္မာသမ္ဗုဒ္ဓ ဘုရားရှင်ကို၎င်း၊ လောက၌ မျက်မြင်ဒိဋ္ဌ တွေ့ကြုံနေကြရသော ဒုက္ခဆင်းရဲ အပေါင်းမှ လွတ်ကင်းကြောင်းကော ငြိမ်းချမ်းရေး အစစ်အမှန် ပေးနိုင်သော တရားတော်မြတ်ကို လေးစားစွာ လိုက်နာကျင့်ကြံ တော်မူကြသော ပရမတ္ထအရိယာ သံဃာတော်မြတ်အပေါင်းနှင့် တကွ လောကီ-လောကုတ္တရာ ပညာကို သင်ကြားပို့ချ၍ ဆုံးမ တော်မူကြသော ဆရာသခင် အရှင်မြတ်တို့ကို၎င်း၊ မြင့်မိုရ်တောင် ဦး မကကြူးသည့် ကျေးဇူးအရှင် မွေးသမိခင်နှင့် ဘခင်မြတ် ဖျား အိမ်ဦးနတ်နှစ်ပါးတို့အား၎င်း၊ ဦးခေါင်းညွှတ်ကြိုး လက် စုံမိုး၍ ရှိသေစွာ ရှိခိုးကတော့ပါ၏။

ပဏာမ ပြီး၏။

# အလောင်းတော်နှစ်ဦးအခါ ဘဝဖြစ်စဉ်။

၁။ ဒီပင်္ကရာမြတ်စွာဘုရားထံ

ရှင်ဂေါတမ အလောင်းတော်သည် သုမေဓါရသေ့ ဖြစ်၍ ကိုယ်ကို တံတားခင်းစဉ် နောင်အခါ ဘုရားစင်စစ် ကေါ်ဖြစ်မည်ဟု ဒီပင်္ကရာမြတ်စွာဘုရား မိန့်တော်မူသည်။

၂။ ကောဏ္ဍည မြတ်စွာဘုရားထံ

ရှင်ဂေါတမ အလောင်းတော်သည် (ဝိဇိတာဝီ) မည်သော စကြာဝတေးမင်းဖြစ်၍ အလှူကြီးပေးစဉ် နောင်အခါ ဘုရားစင်စစ် ကေါ်ဖြစ်မည်ဟု ကောဏ္ဍည မြတ်စွာဘုရား မိန့် တော် မူသည်။

၃။ မင်္ဂလ မြတ်စွာဘုရားထံ

ရှင်ဂေါတမ အလောင်းတော်သည် သုရုစိမည်သော ပုဏ္ဏား ဖြစ်၍ အလှူကြီးပေးစဉ် နောင်အခါ ဘုရားစင်စစ် ကေါ်ဖြစ်မည်ဟု မင်္ဂလမြတ်စွာဘုရား မိန့်တော်မူသည်။

၄။ သုမန မြတ်စွာဘုရားထံ

ရှင်ဂေါတမ အလောင်းတော်သည် အတုလနဂါးမင်းဖြစ်၍ အလှူကြီးပေးစဉ် နောင်အခါ ဘုရားစင်စစ် ကေါ် ဖြစ်မည်ဟု သုမန မြတ်စွာဘုရား မိန့်တော်မူသည်။

၅။ ရေဝတ မြတ်စွာဘုရားထံ

ရှင်ဂေါတမ အလောင်းတော်သည် အတိဒေဝပုဏ္ဏား ဖြစ်၍ ကိလေသာ စွန့်နိုင်ခြင်းကို ချီးမွမ်းလျက် ကိုယ်ရုံဖြင့် ပူဇော်စဉ် နောင်အခါ ဘုရားစင်စစ် ဧကံဖြစ်မည်ဟု ရေဝတမြတ်စွာဘုရား မိန့်တော်မူသည်။

၆။ သောဘိတ မြတ်စွာဘုရားထံ

ရှင်ဂေါတမ အလောင်းတော်သည် သုဇာတာ ပုဏ္ဏားဖြစ်၍ အလှူကြီးပေးစဉ် နောင်အခါ ဘုရားစင်စစ် ဧကံ ဖြစ်မည် ဟု သောဘိတ မြတ်စွာဘုရား မိန့်တော်မူသည်။

၇။ အနောမဒဿီ မြတ်စွာဘုရားထံ

ရှင်ဂေါတမ အလောင်းတော်သည် ဘီလူးစစ်ဗိုလ်ကြီးဖြစ်၍ အလှူပေးစဉ် နောင်အခါ ဘုရားစင်စစ် ဧကံဖြစ်မည်ဟု အနော မဒဿီ မြတ်စွာဘုရား မိန့်တော်မူသည်။

၈။ ပဒုမ မြတ်စွာဘုရားထံ

ရှင်ဂေါတမ အလောင်းတော်သည် ခြင်္သေ့မင်းဖြစ်၍ တရား ဟောပလ္လင်အနီး၌ ခစားနေစဉ် နောင်အခါ ဘုရားစင်စစ် ဧကံ ဖြစ်မည်ဟု ပဒုမမြတ်စွာဘုရား မိန့်တော်မူသည်။

၉။ နာရဒ မြတ်စွာဘုရားထံ

ရှင်ဂေါတမ အလောင်းတော်သည် ရသေ့ဖြစ်၍ (သုရက္ခန်)

နံ့သာဖြင့် ပူဇော်စဉ် နေ့ခင်းအခါ ဘုရားစင်စစ် ဧကံဖြစ်မည်ဟု နာရဒမြတ်စွာဘုရား မိန့်တော်မူသည်။

၁၀။ ပဒုမုတ္တရ မြတ်စွာဘုရားထံ

ရှင်ဂေါတမ အလောင်းတော်သည် ဇဋိလမင်းဖြစ်၍ သင်္ကန်း အလှူပေးစဉ် နေ့ခင်းအခါ ဘုရားစင်စစ် ဧကံဖြစ်မည်ဟု ပဒုမုတ္တရ မြတ်စွာဘုရား မိန့်တော်မူသည်။

၁၁။ သုမေဓ မြတ်စွာဘုရားထံ

ရှင်ဂေါတမအလောင်းတော်သည် ဥတ္တရပုဏ္ဏားလုလင်ဖြစ်၍ ရဟန်းပြုစဉ် နေ့ခင်းအခါ ဘုရားစင်စစ် ဧကံဖြစ်မည်ဟု သုမေဓ မြတ်စွာဘုရား မိန့်တော်မူသည်။

၁၂။ သုဇာတ မြတ်စွာဘုရားထံ

ရှင်ဂေါတမအလောင်းတော်သည် (စကြာမင်း) ဖြစ်၍ ပစ္စည်း ဥစ္စာ ရတနာခုနစ်ပါး တို့နှင့်တကွ လေးကျွန်းလုံးကို စွန့်လှူစဉ် နေ့ခင်းအခါ ဘုရားစင်စစ် ဧကံဖြစ်မည်ဟု သုဇာတ မြတ်စွာ ဘုရား မိန့်တော်မူသည်။

၁၃။ ပိယဒဿီ မြတ်စွာဘုရားထံ

ရှင်ဂေါတမ အလောင်းတော်သည် ကဿပပုဏ္ဏား ဖြစ်၍ သံဃာ အရမ်းလှူစဉ် နေ့ခင်းအခါ ဘုရားစင်စစ် ဧကံဖြစ်မည်ဟု ပိယဒဿီ မြတ်စွာဘုရား မိန့်တော်မူသည်။

## ၁၄။ အတ္ထဒဿီ မြတ်စွာဘုရားထံ

ရှင်ဂေါတမ အလောင်းတော်သည် (သုသိမ) အမည်ရှိသော ပုဏ္ဏားဖြစ်၍ (ထင်ရှား) ပန်းဖြင့် ပူဇော်စဥ်တွင် နောင်အခါ ဘုရားစင်စစ် ဧကံဖြစ်မည်ဟု အတ္ထဒဿီ မြတ်စွာဘုရား မိန့်တော်မူသည်။

## ၁၅။ ဓမ္မဒဿီ မြတ်စွာဘုရားထံ

ရှင်ဂေါတမ အလောင်းတော်သည် သိကြားမင်း ဖြစ်၍ ပန်းနံ့သာစည် စောင်းညှင်းတို့ဖြင့်ပူဇော်စဥ် နောင်အခါ ဘုရားစင်စစ် ဧကံဖြစ်မည်ဟု ဓမ္မဒဿီ မြတ်စွာဘုရား မိန့်တော်မူသည်။

## ၁၆။ သိဒ္ဓတ္ထ မြတ်စွာဘုရားထံ

ရှင်ဂေါတမ အလောင်းတော်သည် မင်္ဂလရသေ့ဖြစ်၍ ဇမ္ဗူသပြေသီးဖြင့် ပူဇော်စဥ် နောင်အခါ ဘုရားစင်စစ် ဧကံဖြစ်မည်ဟု သိဒ္ဓတ္ထမြတ်စွာဘုရား မိန့်တော်မူသည်၊

## ၁၇။ တိဿ မြတ်စွာဘုရားထံ

ရှင်ဂေါတမ အလောင်းတော်သည် (သုဇာတာ) မင်းဖြစ်၍ ရသေ့ဝတ်ပြီးလျှင် နတ်ဦဖြစ်သော ထင်ရှားပန်း၊ ကက္ကာရုပန်း၊ ကြာပဒုမ္မာပန်း၊ ပင်လယ်ကသစ်ပန်းစသော ပန်းအမျိုးမျိုးတို့ဖြင့် ပူဇော်စဥ် နောင်အခါ ဘုရားစင်စစ် ဧကံဖြစ်မည်ဟု တိဿ မြတ်စွာဘုရား မိန့်တော်မူသည်။

## ၁၈။ ဖုဿမြတ်စွာဘုရားထံ

ရှင်ဂေါတမ အလောင်းတော်သည် ဝိဇိတာဝီ မင်း ဖြစ်၍ ရဟန်းပြုစဉ် နောင်အခါ ဘုရားစင်စစ် ကော်ဖြစ်မည်ဟု ဖုဿ မြတ်စွာဘုရား မိန့်တော်မူသည်။

## ၁၉။ ဝိပဿီ မြတ်စွာဘုရားထံ

ရှင်ဂေါတမ အလောင်းတော်သည် အတုလနဂါးမင်း ဖြစ်၍ ရတနာအင်ပြင်အခင်းကို လှူစဉ် နောင်အခါ ဘုရားစင်စစ် ကော် ဖြစ်မည်ဟု ဝိပဿီ မြတ်စွာဘုရား မိန့်တော်မူသည်။

## ၂၀။ သိခီ မြတ်စွာဘုရားထံ

ရှင်ဂေါတမ အလောင်းတော်သည် အရိန္ဒမ မင်းဖြစ်၍ ဆင် ရတနာကိုလှူစဉ် နောင်အခါ ဘုရားစင်စစ် ကော်ဖြစ်မည်ဟု သိခီ မြတ်စွာဘုရား မိန့်တော်မူသည်။

## ၂၁။ ဝေဿဘူ မြတ်စွာဘုရားထံ

ရှင်ဂေါတမ အလောင်းတော်သည် သုဒဿန မင်းဖြစ်၍ သင်္ကန်းလှူစဉ်နောင်အခါဘုရားစင်စစ်ကော်ဖြစ်မည်ဟု ဝေဿဘူ မြတ်စွာဘုရား မိန့်တော်မူသည်။

## ၂၂။ ကကုသန္ဓ မြတ်စွာဘုရားထံ

ရှင်ဂေါတမ အလောင်းတော်သည် ခေမမင်းဖြစ်၍ ဆေး

အမျိုးမျိုးလှူစဉ် နောင်အခါ ဘုရားစင်စစ် ဧကံဖြစ်မည်ဟု ကကုသန္ဓာမြတ်စွာဘုရား မိန့်တော်မူသည်။

၂၃။ ဂေါဏာဂုံ မြတ်စွာဘုရားထံ

ရှင်ဂေါတမ အလောင်းတော်သည် ပဗ္ဗတမင်းဖြစ်၍ ရဟန်းပြုစဉ် နောင်အခါ ဘုရားစင်စစ် ဧကံဖြစ်မည်ဟု ဂေါဏာဂုံ မြတ်စွာဘုရား မိန့်တော်မူသည်။

၂၄။ ကဿပ မြတ်စွာဘုရားထံ

ရှင်ဂေါတမ အလောင်းတော်သည် ဇောတိပါလ ပုဏ္ဏားဖြစ်၍ ရဟန်းပြုစဉ် နောင်အခါ ဘုရားစင်စစ် ဧကံဖြစ်မည်ဟု ကဿပ မြတ်စွာဘုရား မိန့်တော်မူသည်။

ငါတို့၏ သုံးလူထွဋ်ထား အရှင်ဂေါတမ မြတ်စွာဘုရားသည် ရှေးဘုရားရှင်တို့ သိတော်မူ၊ မြင်တော်မူ၊ မိန့်တော်မူသည့်အတိုင်း ညောင်ဗုဒ္ဓေပင်ကိုမှီ၍ ဗုဒ္ဓဂေါတမဟူသော လောကုတ္တရာ ပန်းတိုင်ကို လှမ်းကိုင်ရယူတော် မူလေသည်။

၂၄-ဆူသော ဘုရားရှင်တို့လက်ထက်၌

ဘဝဖြစ်စဉ် ပြီး၏။

# နှစ်ကြိပ်လေးဆူသော ဘုရားရှင်တို့၏ အဋ္ဌုပ္ပတ္တိအကျဉ်းပြ။

## ဒီပင်္ကရာ မြတ်စွာဘုရား။

ရမ္မာဝတီပြည်၌ ပွင့်တော်မူ၍ ခမည်းတော် (သုဒေဝ)မင်း၊ မယ်တော် (သုမေဓါ) မိဖုရားကြီးမှ ဖွားမြင်၍၊ ကြင်ဘက်တော် (ပဒုမ)မင်းသမီးတို့ စုံဘက်ရာတွင် သားတော် (ဥသဘက္ခန္ဓ)ကို ဖွားမြင်ပြီးသည့် ညဉ့်တွင်းခြင်းပင် ဆင်ယာဉ်ကိုစီး၍ တောထွက်တော်မူ၍၊ ရှစ်လဒုက္ကရစရိယာကျင့်တော်မူပြီး၊ (ဥတ္တရ) လုလင်လှူဒါန်းသော မြေဇာ မြက်ရှစ်ဆုပ်ကို ကြဲမြှောက်တော်မူက၊ ငါးဆယ့်ရှစ်တောင်မြင့်သော ပလ္လင်မြေမှပေါ်လျှင်၊ ထိုပလ္လင်ထက်၌ စံနေတော်မူ၍ သစ္စာလေးပါး မျက်ဝါးထင်ထင် သိမြင်တော်မူပြီး၊ သဗ္ဗညုတဉာဏ်ကိုရ၍၊ မြတ်စွာဘုရား အဖြစ်သို့ ရောက်တော်မူသည်။

## ကောဏ္ဍည မြတ်စွာဘုရား။

ရမ္မာဝတီပြည်၌ ပွင့်တော်မူ၍၊ ခမည်းတော် (သုနန္ဒ)မင်း၊ မယ်တော် (သုဇာတ) မိဖုရားကြီးမှ ဖွားမြင်၍၊ ကြင်ဘက်တော် (ရုစိဒေဝီ)မင်းသမီးနှင့်စုံဘက်ရာတွင် သားတော်(ဝိဇိတသေန)ကို ဖွားမြင်ပြီးသည့် ညဉ့်တွင်းခြင်းပင် ရထားယာဉ်ကိုစီး၍၊ တော

ထွက်တော်မူ၍၊ ဆယ်လ ဒုက္ကရစရိယာကျင့်တော်မူပြီး (သုနန္ဒာ) လုလင် လှူဒါန်းသော နေဇာမြက်ရှစ်ဆုပ်ကို ကြဲမြှောက်တော်မူက၊ ငါးဆယ့်ရှစ်တောင်မြင့်သောပလ္လင် မြေမှပေါ်၍၊ ထိုပလ္လင်ထက်၌စံနေတော်မူခါ၊ သစ္စာလေးပါး မျက်ဝါးထင်ထင်သိမြင်တော်မူပြီး၊ သဗ္ဗညုတဉာဏ်ကိုရ၍၊ မြတ်သော ဘုရားအဖြစ်သို့ ရောက်တော်မူသည်။

### မင်္ဂလ မြတ်စွာဘုရား။

ဥတ္တရပြည်၌ ပွင့်တော်မူ၍၊ ခမည်းတော်(ဥတ္တရာ)မင်း၊ မယ်တော်(ဥတ္တရာ)မိဖုရားကြီးမှဖွားမြင်၍၊ ကြင်ဘက်တော်(ယသဝတီ)မင်းသမီးနှင့်စုံဘက်ရာတွင် သားတော်(သီဝလ)ကို ဖွားမြင်ပြီးသည့် ညဥ့်တွင်းခြင်းပင် မြင်းယာဉ်ကိုစီးခါ တောထွက်တော်မူ၍၊ ရှစ်လတိုင်တိုင် ဒုက္ကရစရိယာ ကျင့်တော်မူပြီး(ဥတ္တရ)လုလင် လှူဒါန်းသော နေဇာ မြက် ရှစ် ဆုပ် ကို ကြဲမြှောက်တော်မူက၊ ငါးဆယ့်ရှစ်တောင်မြင့်သောပလ္လင် မြေမှပေါ်၍၊ ထိုပလ္လင်ထက်၌စံနေတော်မူခါ၊ သစ္စာလေးပါး မျက်ဝါးထင်ထင် သိမြင်တော်မူပြီး၊ သဗ္ဗညုတဉာဏ်ကိုရ၍ မြတ်သော ဘုရားအဖြစ်သို့ ရောက်တော်မူသည်။

### သုမန မြတ်စွာဘုရား။

မေခလပြည်၌ ပွင့်တော်မူ၍၊ ခမည်းတော် (သုဒတ္တ) မင်း၊ မယ်တော် (သိရိမာ) မိဖုရားကြီးမှဖွားမြင်၍၊ ထီးနန်းစည်းစိမ်ကို အနှစ်တသောင်းတိုင်တိုင်စံစားပြီးမှ၊ ဆင်ယာဉ်စီးခါ တောထွက်

တော်မူ၍၊ဆယ်လ ဒုက္ကရစရိယာကျင့်တော်မူခါ သစ္စာလေးပါး ကိုမျက်ဝါးထင်ထင် သိမြင်တော်မူပြီး၊ သဗ္ဗညုတဉာဏ်ကိုရ၍ မြတ်သောဘုရားအဖြစ်သို့ ရောက်တော်မူသည်။

ရေဝတ မြတ်စွာဘုရား။

သုဓညဝတီပြည်၌ ပွင့်တော်မူ၍၊ ခမည်းတော် (ဝိပုလ)မင်း မယ်တော်(ဝိပုလာဒေဝီ)မိဖုရားကြီးမှဖွားမြင်၍ ကြင်ဘက်တော် (သုဒဿနဒေဝီ) မင်းသမီးနှင့် စုံဘက်ရာတွင် ထီးနန်း စီး စိမ် ကို စံစားပြီး၊သားတော်(ဝရုဏ)ကို ဖွားမြင်သည့် ညဉ့်တွင်းခြင်းပင် ရထားယာဉ်ကိုစီးခါ တောထွက်တော်မူ၍၊ခုနစ်လ ဒုက္ကရစရိယာ ကျင့်တော်မူပြီး၊ ဝရုဏိန္ဒရ မည်သော အာဇီဝက လှူဒါန်းသော မြက်ရှစ်ဆုတ်ကို ကြဲဖြန့်တော်မူလျှင် ငါးဆယ့် သုံး တောင် အကျယ် အပြန့်ရှိသော မြက်ခင်းမြေမှပေါ်၍ ထိုမြက်ပေါ်၌ စံနေတော်မူခါ၊ သစ္စာလေးပါးကို ထင်ရှားစွာ သိ တော် မူ ပြီး သဗ္ဗညုတဉာဏ်ကိုရ၍၊ မြတ်သော ဘုရားအဖြစ်သို့ ရောက်တော် မူသည်။

သောဘိတ မြတ်စွာဘုရား။

သုဓမ္မာပြည်၌ ပွင့်တော်မူ၍ ခမည်းတော် (သုဓမ္မာ) မင်း မယ်တော်(သုဓမ္မာဒေဝီ)မိဖုရားကြီးမှဖွားမြင်၍၊ကြင်ဘက်တော် (ခိလဒေဝီ)မင်းသမီးနှင့် စုံဘက်ရာတွင် သားတော်(သီဟကုမာရ) ကိုဖွားမြင်သည့်ညဉ့်တွင်းခြင်းပင် သံဝေဂဉာဏ်ဝင်၍ တောထွက် တော်မူခါ၊ တညဉ့်တည်းဖြင့်သာ သစ္စာလေးပါးကို မျက်ဝါး

ထင်ထင် သိမြင်တော်မူပြီး သဗ္ဗညုတဉာဏ်ကိုရ၍၊ မြတ်သော ဘုရားအဖြစ်သို့ ရောက်တော်မူသည်။

**အနောမဒဿီ မြတ်စွာဘုရား။**

စန္ဒာဝတီပြည်၌ ပွင့်တော်မူ၍၊ ခမည်းတော်(ယသဝါ) မင်း မယ်တော် (ယသော်ဓယာဒေဝီ)မိဖုရားကြီးမှ ဖွားမြင်၍၊ ကြင် ဘက်တော်(သိရိမာဒေဝီ)မင်းသမီးနှင့် စုံဘက်ခါ၊ထီးနန်းစီးစိမ်ကို စံစားတော်မူပြီး သားတော်(ဥပဝါန)ကို ဖွားမြင်ပြီးသည့် ညဉ့် တွင်းခြင်းပင် တောထွက်တော်မူ၍၊ ဆယ်လ ဒုက္ကရစရိယာ ကျင့် တော်မူပြီး(အနောမ)မည်သော အာဇီဝက လှူဒါန်းသော မြက် ရှစ်ဆုတ်ကို ကြဲဖြန့်တော်မူခါ၊ သုံးဆယ့်ရှစ်တောင် အပြန့်ကျယ် သော မြက်ခင်းမြေမှပေါ်၍၊ ထိုမြက်ခင်းပေါ်၌စံနေတော်မူခါ သစ္စာလေးပါး မျက်ဝါးထင်ထင် သိမြင်တော်မူပြီး သဗ္ဗညုတ ဉာဏ်ကိုရ၍၊ မြတ်သောဘုရားအဖြစ်သို့ ရောက်တော်မူသည်။

**ပဒုမ မြတ်စွာဘုရား။**

စမ္ပကပြည်၌ပွင့်တော်မူ၍၊ ခမည်းတော်(အသမ)မင်း မယ် တော် (အသမာဒေဝီ) မိဖုရားကြီးမှ ဖွားမြင်၍၊ ကြင်ဘက်တော် (ဥတ္တရာဒေဝီ) မင်းသမီးနှင့် စုံဘက်ရာတွင် (ရမ္မ)မည်သော သား တော်ကို ဖွားမြင်ပြီးသည့် ညဉ့်တွင်းခြင်းပင် ရထားယာဉ်ကိုစီး၍ တောထွက်တော်မူခါ၊ ရှစ်လ ဒုက္ကရစရိယာ ကျင့်တော်မူပြီး (တိဿက)မည်သော အာဇီဝက လှူဒါန်းသော မြက်ရှစ်ဆုတ်ကို ကြဲဖြန့်တော်မူက၊ သုံးဆယ့်ရှစ်တောင် အကျယ်အပြန့်ရှိသော

မြက်ခင်းမြေမှပေါ်၍ ထိုမြက်ခင်းပေါ်၌ စံနေတော်မူခါ၊ သတ္တာလေးပါး မျက်ဝါးထင်ထင် သိမြင်တော်မူပြီး သဗ္ဗညုတဉာဏ်ကိုရ၍၊ မြတ်သောဘုရားအဖြစ်သို့ ရောက်တော်မူသည်။

နာရဒ မြတ်စွာဘုရား။

ဓညဝတီပြည်၌ ပွင့်တော်မူ၍၊ ခမည်းတော် (သုဒေဝ) မင်း မယ်တော် (အနော်မာဒေဝီ)မိဖုရားကြီးမှ ဖွားမြင်၍၊ ကြင်ဘက်တော် (ဝိဇိတသေနာ) မင်းသမီးနှင့် စုံဘက်ရာတွင် သားတော် (နန္ဒုတ္တရ)ကိုဖွားမြင်ပြီးသည့်ညဉ့်တွင်းခြင်းပင်ခြေလျင်ထွက်တော်မူခါ၊ ခုနှစ်ရက် ဒုက္ကရစရိယာ ကျင့်တော်မူပြီး (သုဒဿန)မည်သော ဥယျာဉ်စောင့် လှူဒါန်းသော မြက်ရှစ်ဆုတ်ကို ကြဲဖြန့်တော်မူက၊ ငါးဆယ့်ရှစ်တောင် အပြန့်ကျယ်သော မြက်ခင်းမြေမှပေါ်၍ ထိုမြက်ခင်းပေါ်၌စံနေတော်မူခါ၊ သတ္တာလေးပါး မျက်ဝါးထင်ထင် သိမြင်တော်မူပြီး သဗ္ဗညုတဉာဏ်ကိုရ၍ မြတ်သောဘုရားအဖြစ်သို့ ရောက်တော်မူသည်။

ပဒုမုတ္တရ မြတ်စွာဘုရား။

ဟံသာဝတီပြည်၌ ပွင့်တော်မူ၍၊ ခမည်းတော် (အာနန္ဒ) မင်း မယ်တော် (သုဇာတာဒေဝီ)မိဖုရားကြီးမှ ဖွားမြင်၍၊ ကြင်ဘက်တော် (ဝသုဒတ္တာဒေဝီ) မင်းသမီးနှင့် စုံဘက်ရာတွင် သားတော် (ဥတ္တရ)ကိုဖွားမြင်ပြီးသည့် ညဉ့်တွင်းခြင်းပင် ပြာသာဒ်နန်းနှင့်တကွ ကောင်းကင်ခရီးဖြင့်တောထွက်တော်မူခါ၊ ခုနစ်ရက် ဒုက္ကရစရိယာ ကျင့်တော်မူပြီး (သုမိတ္တ)မည်သော အာဇီဝက လှူဒါန်းသော မြက်ရှစ်ဆုတ်ကို

ကြဲဖြန့်တော်မူက၊ သုံးဆယ့်ရှစ်တောင် အပြန့်ကျယ်သော မြက်ခင်း မြေမှုပေါ်၌ ထိုမြက်ခင်းပေါ်၌ စံနေတော်မူခါ၊ သစ္စာလေးပါး မျက်ဝါးထင်ထင် သိမြင်တော်မူပြီး သဗ္ဗညုတဉာဏ်ကိုရ၍၊ မြတ်သောဘုရားအဖြစ် သို့ရောက်တော်မူသည်။

## သုမေဓ မြတ်စွာဘုရား။

သုဒဿနပြည်၌ ပွင့်တော်မူ၍၊ ခမည်းတော် (သုဒတ္တ)မင်း၊ မယ်တော် (သုဒတ္တာဒေဝီ) မိဖုရားကြီးမှ ဖွားမြင်၍၊ ကြင်ဘက်တော် (သုမနာဒေဝီ) မင်းသမီးနှင့် စုံဘက်ခါ ထီးနန်းစည်းစိမ်ကိုစံစားပြီး သားတော်(ပုနဗ္ဗသုမိတ္တ)ကို ဖွားမြင်ပြီးသည့် ညဉ့်တွင်းခြင်းပင် ဆင်ယာဉ်ကိုစီး၍ တောထွက်တော်မူပြီး၊ ဆယ့်ငါးရက် ဒုက္ကရစရိယာကျင့်တော်မူ၍၊ (သီရိဝဍ္ဎ)မည်သော အာဇီဝကလှူဒါန်းသော မြက်ရှစ်ဆုပ်ကို ကြဲဖြန့်တော်မူက၊ အတောင်နှစ်ဆယ် အပြန့်ကျယ်သော မြက်ခင်း မြေမှုပေါ်၌ ထိုမြက်ခင်းပေါ်၌ စံနေတော်မူခါ၊သစ္စာလေးပါး မျက်ဝါးထင်ထင် သိမြင်တော်မူပြီး သဗ္ဗညုတ ဉာဏ်ကိုရ၍၊ မြတ်သောဘုရားအဖြစ်သို့ရောက်တော်မူသည်။

## သုဇာတ မြတ်စွာဘုရား။

သုမင်္ဂလပြည်၌ ပွင့်တော်မူ၍၊ ခမည်းတော်(ဥဂ္ဂတ)မင်း၊ မယ်တော် (ပဘာဝတီဒေဝီ)မိဖုရားကြီးမှ ဖွားမြင်၍၊ ကြင်ဘက်တော် (သီရိနန္ဒာဒေဝီ)မင်းသမီးနှင့် စုံဘက်ရာတွင် သားတော်(ဥပသေန)ကို ဖွားမြင်ပြီးသည့် ညဉ့်တွင်းခြင်းပင် တောထွက်တော်မူခါ၊

ကိုးလ ဒုက္ကရစရိယာ ကျင့်တော်မူပြီး (သုနန္ဒ) အာဇီဝက လှူဒါန်းသော မြက်ရှစ်ဆုတ်ကို ကြဲဖြန့်တော်မူ၍၊ သုံးဆယ့်သုံးတောင် အပြန့်ကျယ်သော မြက်ခင်းမြေမှုပေါ်၌ ထိုမြက်ခင်းပေါ်၌ စံနေတော်မူခါ၊သစ္စာလေးပါး မျက်ဝါးထင်ထင် သိမြင်တော်မူပြီး၊ သဗ္ဗညုတဉာဏ်ကိုရ၍၊ မြတ်သောဘုရားအဖြစ်သို့ ရောက်တော်မူသည်။

## ဝိပဿီ မြတ်စွာဘုရား။

သုစညပြည်၌ ပွင့်တော်မူ၍ ခမည်းတော်(သုဒတ္တ)မင်း၊ မယ်တော် (စန္ဒာဒေဝီ) မိဖုရားကြီးတို့မှ ဖွားမြင်၍၊ ကြင်ဘက်တော် (ဝိမာလာ)ဒေဝီ မင်းသမီးနှင့် စုံဘက်ရာတွင် သားတော် (ကဥ္စနဝေလ) မည်သော သားတော်ကို ဖွားမြင်ပြီးသည့် ညဥ့်တွင်း ခြင်းပင် ရထားယဉ်ကိုစီးခါ တောထွက်တော်မူ၍၊ ခြောက်လ ဒုက္ကရစရိယာ ကျင့်တော်မူပြီး၊ သုဇာတာ မည်သော အာဇီဝက လှူဒါန်းသော မြက်ရှစ်ဆုတ်ကို ကြဲမြောက်တော်မူခါ၊ ငါးဆယ့်သုံးတောင် အပြန့်ကျယ်သော ရွှေပလ္လင် မြေမှုပေါ်၌၊ ထိုပလ္လင်ထက်၌ စံနေတော်မူခါ၊သစ္စာလေးပါး မျက်ဝါးထင်ထင် သိမြင်တော်မူပြီး သဗ္ဗညုတဉာဏ်ကိုရ၍၊ မြတ်သော ဘုရားအဖြစ်သို့ ရောက်တော်မူသည်။

## အတ္တဒဿီ မြတ်စွာဘုရား။

သောဘဏပြည်၌ ပွင့်တော်မူ၍၊ ခမည်းတော် (သာဂရ)မင်း မယ်တော် (သုဒဿနာဒေဝီ)မိဖုရားကြီးမှ ဖွားမြင်၍၊ကြင်ဘက်

တော် (ဝိသာခါဒေဝီ)မင်းသမီးနှင့် စုံဘက်ရာတွင် သားတော် (သေလ)ကိုဖွားမြင်ပြီးသည့် ညဉ့်တွင်းခြင်းပင်(သုဒဿနာ)မည်သော မင်္ဂလာမြင်းကိုစီးလျက် တောထွက်တော်မူ၍၊ ရှစ်လ ဒုက္ကရစရိယာ ကျင့်တော်မူပြီး (ဓမ္မရုစိ)မည်သော နဂါးမင်း လှူဒါန်းအပ်သော သမန်းမြက်ရှစ်ဆုတ်ကို ကြဲဖြန့်တော်မူက၊ ငါးဆယ့်သုံးတောင် အပြန့်ကျယ်သော မြက်ခင်းမြေမှပေါ်၍၊ ထိုမြက်ခင်းပေါ်၌ စံနေတော်မူခါ၊ သတ္တာလေးပါး မျက်ဝါးထင်ထင် သိမြင်တော်မူပြီး၊ သဗ္ဗညုတဉာဏ်ကိုရ၍ မြတ်သော ဘုရားအဖြစ်သို့ ရောက်တော်မူသည်။

ဓမ္မဒဿီ မြတ်စွာဘုရား။

သရဏပြည်၌ ပွင့်တော်မူ၍၊ ခမည်းတော် သရဏမည်သော (ဇယသေန)မင်း မယ်တော် (သုနန္ဒာဒေဝီ) မိဖုရားကြီးမှ ဖွါးမြင်၍၊ ကြင်ဘက်တော်(ဝိစိကောဠီဒေဝီ)မင်းသမီးနှင့် စုံဘက်ရာတွင် သားတော်(ပုညဝဍ္ဎန)ကို ဖွါးမြင်ပြီးသည့် ညဉ့်တွင်းခြင်းပင် တောထွက်တော်မူရာ၊ ခုနစ်ရက်ဒုက္ကရစရိယာ ကျင့်တော်မူပြီး၊ (သိရိဝဍ္ဎန)မည်သော မုယောခင်းစောင့်သမား လှူဒါန်းသော မြက်ရှစ်ဆုတ်ကို ကြဲဖြန့်တော်မူက၊ ငါးဆယ့်သုံးတောင် အပြန့်ကျယ်သော မြက်ခင်းမြေမှပေါ်၍၊ ထိုမြက်ခင်းမြေပေါ်မှ စံနေတော်မူခါ။ သတ္တာလေးပါး မျက်ဝါးထင်ထင် သိမြင်တော်မူပြီး၊ သဗ္ဗညုတဉာဏ်ကိုရ၍ မြတ်သော ဘုရားအဖြစ်သို့ ရောက်တော်မူသည်။

သိဒ္ဓတ္ထ မြတ်စွာဘုရား။

ဝေဘာရပြည်၌ ပွင့်တော်မူ၍၊ ခမည်းတော် (ဥဒေန)မင်း မယ်တော် (သုဖဿ) မိဖုရားကြီးမှ ဖွါးမြင်၍၊ ကြင်ဘက်တော် (သောမနဿဒေဝီ)မင်းသမီးနှင့် စုံဘက်ရာတွင် သားတော်(အနုပ ကုမာရ) ကို ဖွါးမြင်သည့် ညဉ့်တွင်းခြင်းပင် ထန်းစဉ်ယဉ်ကို စီးခါ တောထွက်တော်မူ၍၊ ဆယ်လ ဒုက္ကရစရိယာ ကျင့်တော် မူပြီး အရုဏ ဥယျဉ်စောင့် လူဒါန်းသော မြက်ရှစ်ဆုတ်ကို ကြဲ မြှောက်တော်မူခါ၊ အတောင်လေးဆယ် အကျယ်အပြန့်ရှိသော မြက်ခင်းမြေမှပေါ်၍၊ ထိုမြက်ခင်းပေါ်၌ စံနေတော်မူခါ၊ သစ္စာ လေးပါး မျက်ဝါးထင်ထင် သိမြင်တော်မူပြီး သဗ္ဗညုတဉာဏ်ကို ရ၍၊ မြတ်သောဘုရားအဖြစ်သို့ ရောက်တော်မူသည်။

တိဿ မြတ်စွာဘုရား။

ခေမပြည်၌ ပွင့်တော်မူ၍၊ ခမည်းတော် ( ဇယသေန ) မင်း မယ်တော်(ပဒုမဒေဝီ)မိဖုရားကြီးမှ ဖွါးမြင်၍၊ ကြင်ဘက်တော် (သုဘဒ္ဒါဒေဝီ)မင်းသမီးနှင့် စုံဘက်ရာတွင် သားတော် (အာနန္ဒ ကုမာရ)ကို ဖွါးမြင်သည့် ညဉ့်တွင်းခြင်းပင် မြင်းယာဉ်ကိုစီးခါ တောထွက်တော်မူ၍ ရှစ်လ ဒုက္ကရစရိယာ ကျင့်တော်မူပြီး၊ ဝိဇိတ သင်္ဂါမ မည်သောလုင်လူဒါန်းသည့်မြက်ကိုကြဲဖြန့်တော်မူခါ၊ အ တောင်လေးဆယ် ကျယ်ပြန့်သော မြက်ခင်းမြေမှပေါ်၍ ထိုမြက် ခင်းပေါ်၌ စံနေတော်မူလျက် မာန်စစ်သည်အပေါင်းကို အောင် ခါ၊ သစ္စာလေးပါး မျက်ဝါးထင်ထင် သိမြင်တော်မူပြီး၊ သဗ္ဗ ညုတဉာဏ်ကိုရ၍မြတ်သောဘုရားအဖြစ်သို့ရောက်တော်မူသည်။

ဖုဿ မြတ်စွာဘုရား။

ကာသိကပြည်၌ ပွင့်တော်မူ၍၊ ခမည်းတော်(ဇယသေန)မင်း မယ်တော် (သိရိမာ)မိဖုရားကြီးမှ ဖွါးမြင်၍၊ ကြင်ဘက်တော် (ကိသာဂေါတမီ)နှင့် စုံဘက်ရာတွင် သားတော်(အနုပကုမာရ) မင်းသားကို ဖွါးမြင်သည့် ညဥ့်တွင်းခြင်းပင် ဆင်ယာဥ်ကိုစီးခါ၊ တောထွက်တော်မူပြီး၊ ကောသိက ဥပသကာ လှူဒါန်း သော မြက်ရှစ်ဆုတ်ကို ကြဲမြှောက်တော်မူခါ၊ သုံး ဆယ့် ရှစ် တောင် အမြင့်ရှိသောပလ္လင် မြေမှပေါ်၍၊ ထိုပလ္လင်ပေါ်၌ စံနေတော် မူခါ၊ သစ္စာလေးပါး မျက်ဝါးထင်ထင် သိမြင်တော်မူပြီး သဗ္ဗ ညုတဉာဏ်ကိုရ၍၊ မြတ်သောဘုရားအဖြစ်သို့ ရောက်တော်မူ သည်။

ဝိပဿီ မြတ်စွာဘုရား။

ဗန္ဓုမတီပြည်၌ ပွင့်တော်မူ၍၊ ဗန္ဓုမရာဇာ မင်းကြီး၏ အဂ္ဂ မဟေသီ ဗန္ဓုမတီ မိဖုရားကြီးဝမ်းတိုက်မှ ဖွါးမြင်၍ ကြင်ဘက် တော် (သုဒဿနာ)မင်းသမီးနှင့် စုံဘက်ရာတွင် သားတော် (သမ ဝတ္တက္ခန္ဓ)ကို ဖွားမြင်သည့် ညဥ့်တွင်းခြင်းပင် အာဇာနီ မြင်းယာဥ် ကိုစီးခါ၊ တောထွက်တော်မူ၍၊ ရှစ်လ ဒုက္ကရစရိယာ ကျင့်တော်မူ ပြီး၊ သုဇာတာ လယ်စောင့်ယောကျ်ား လှူဒါန်းသော မြက်ရှစ် ဆုတ်ကို ကြဲဖြန့်တော်မူက အတောင်ငါးဆယ်မြင့်သော ရွှေပလ္လင် မြေမှပေါ်၍ ထိုပလ္လင်ပေါ်၌ စံနေတော်မူခါ၊ သစ္စာလေးပါး တရားကို မျက်ဝါးထင်ထင်သိမြင်တော်မူပြီး၊ သဗ္ဗညုတဉာဏ်ကို ရ၍ မြတ်သောဘုရားအဖြစ်သို့ ရောက်တော်မူသည်။

သိခီမြတ်စွာဘုရား။

အရုဏဝတီပြည်၌ ပွင့်တော်မူ၍၊ ခမည်းတော် (အရုဏ)မင်း မယ်တော် ပဘာဝတီမိဖုရားကြီးမှ ဖွားမြင်၍၊ ကြင်ဘက်တော် (သဗ္ဗကာမာဒေဝီ) မင်းသမီးနှင့် စုံဘက်ရာတွင် သားတော်(အတုလ)ကို ဖွားမြင်သည့် ညဉ့်တွင်းခြင်းပင် ဆင်ယာဉ်ကိုစီးကာ တောထွက်တော်မူ၍၊ ရှစ်လဒုက္ကရစရိယာ ကျင့်တော်မူပြီး၊ (အနောမဒဿီ)မြက်ရိတ်လုလင် လှူဒါန်းသော နေဇာမျက်ရှစ်ဆုပ်ကို ကြဲမြှောက်တော်မူက၊ နှစ်ဆယ့်လေးတောင် အမြင့်ရှိသောပလ္လင် မြေမှပေါ်၍၊ ထိုပလ္လင်ပေါ်၌ စံနေတော်မူခါ၊ သစ္စာလေးပါး တရားကို မျက်ဝါးထင်ထင် သိမြင်တော်မူပြီး၊ သဗ္ဗညုတဉာဏ်ကို ရ၍ မြတ်သောဘုရားအဖြစ်သို့ ရောက်တော်မူသည်။

ဝေဿဘူမြတ်စွာဘုရား။

အနောမပြည်၌ ပွင့်တော်မူ၍၊ ခမည်းတော်(သုပ္ပတိတ)မင်း မယ်တော်(ယဿဝတီ)မိဖုရားကြီးမှ ဖွားမြင်၍၊ ကြင်ဘက်တော် သုစိတ္တာမင်းသမီးနှင့်စုံဘက်ရာတွင် သားတော် (သုပ္ပဗုဒ္ဓ)ကို ဖွားမြင်သည့်ညဉ့်တွင်းခြင်းပင် ရွှေထမ်းစင်ယာဉ်ကိုစီး၍ တောထွက်တော်မူရာ၊ ခြောက်လဒုက္ကရစရိယာကျင့်တော်မူပြီး၊ (တိတ္တိ)မည်သော နဂါးလုလင် လှူဒါန်းသော နေဇာမြက်ရှစ်ဆုပ်ကို ကြဲမြှောက်တော်မူက၊ အတောင် လေးဆယ်မြင့်သော ပလ္လင်မြေမှ ပေါ်၍၊ ထိုပလ္လင်ထက်၌ စံနေတော်မူခါ၊ သစ္စာလေးပါး မျက်ဝါးထင်ထင် သိမြင်တော်မူပြီး၊ သဗ္ဗညုတ ဉာဏ်ကိုရ၍ မြတ်သော ဘုရားအဖြစ်သို့ ရောက်တော်မူသည်၊

ကကုသန်မြတ်စွာဘုရား။

ခေမာဝတီပြည်၌ ပွင့်တော်မူ၍၊ ခမည်းတော်(အဂ္ဂဒတ္တ)မင်း မယ်တော်(ဝိသာခါ) မိဖုရားကြီးမှဖွားမြင်၍၊ ကြင်ဘက်တော် (ရောစိနီ)မင်းသမီးနှင့် စုံဘက်ရာတွင် သားတော်(ဥတ္တရ)ကို ဖွားမြင်သည့်ညဉ့်တွင်းခြင်းပင် ရထားယာဉ်ကိုစီး၍တောထွက်တော်မူခါ၊ ရှစ်လဒုက္ကရစရိယာ ကျင့်တော်မူပြီး၊ (သုသတ္တာ) လုလင် လှူဒါန်းသော နေဇာမြက်ရှစ်ဆုတ်ကို ကြဲမြှောက်တော်မူက၊ အတောင်လေးဆယ်မြင့်သော ရွှေပလ္လင်မြေမှပေါ်၍၊ ထိုပလ္လင် ထက်၌ စံနေတော်မူခါ၊ သစ္စာလေးပါး မျက်ဝါးထင်ထင် သိမြင် တော်မူပြီး သဗ္ဗညုတဉာဏ်ကိုရ၍ မြတ်သော ဘုရားအဖြစ်သို့ ရောက်တော်မူသည်။

ဂေါဏာဂုံမြတ်စွာဘုရား။

သောဂဝတီပြည်၌ ပွင့်တော်မူ၍၊ ခမည်းတော် (ယညဒတ္တ) မင်း မယ်တော် (ဥတ္တရာ)မိဖုရားကြီးမှ ဖွါးမြင်၍၊ ကြင်ဘက် တော်(ရုစိဂတ္တာ)မင်းသမီးနှင့် စုံဘက်ရာတွင် သားတော် (သတ္တဝါဟ) ကို ဖွါးမြင်သည့် ညဉ့်တွင်းခြင်းပင် ဆင်ယာဉ်ကိုစီး၍ တောထွက်တော်မူခါ၊ ခြောက်လ ဒုက္ကရစရိယာ ကျင့်တော်မူပြီး တိန္ဒုကမည်သော လယ်စောင့်လှူဒါန်းအပ်သော နေဇာမြက်ရှစ် ဆုတ်ကို ကြဲမြှောက်တော်မူက၊ အတောင်သုံးဆယ် အလျား အနံရှိသော ရွှေပလ္လင်မြေမှပေါ်၍ ထိုပလ္လင်ထက်၌ စံနေတော်မူ ခါ၊ သစ္စာလေးပါး မျက်ဝါးထင်ထင် သိမြင်တော်မူပြီး သဗ္ဗ ညုတဉာဏ်ကိုရ၍မြတ်သောဘုရားအဖြစ်သို့ရောက်တော်မူသည်။

**ကဿပမြတ်စွာဘုရား။**

ဗာရာဏသီပြည်၌ ပွင့်တော်မူ၍၊ ခမည်းတော် (ဗြဟ္မဒတ္တ) ပုဏ္ဏား မယ်တော် (ဓနဝတီ)ပုဏ္ဏေးမတို့မှ ဖွါးမြင်၍၊ ကြင်ဘက်တော် (သုနန္ဒာ)မိဖုရားနှင့် စုံဘက်ရာတွင် သားတော် (ဝိဇိတသေန)ကို ဖွါးမြင်သည့် ညဉ့်တွင်းခြင်းပင် သိရိနန္ဒရ ယာဉ်ပြဿဒ်ကိုစီး၍ တောထွက်တော်မူခါ၊ ခုနှစ်ရက် ဒုက္ကရစရိယာ ကျင့်တော်မူပြီး အသောက မြက်ရိတ်လုင် လှူဒါန်းသော နေဇာမြက်ရှစ်ဆုပ်ကို ကြဲမြှောက်တော်မူခါ၊ အတောင်နှစ်ဆယ် အလျားအနံရှိသော ရွှေပလ္လင်မြေ့ပေါ်၍၊ ထိုပလ္လင်ထက်၌ စံနေတော်မူခါ၊ သစ္စာလေးပါး မျက်ဝါးထင်ထင် သိမြင်တော်မူပြီး သဗ္ဗညုတဉာဏ်ကိုရ၍ မြတ်သော ဘုရား အဖြစ်သို့ ရောက်တော်မူသည်။

ဤကဲ့သို့ ပွင့်တော်မူကုန်သော နှစ်ကြိပ်လေးဆူသော ဘုရားရှင်တို့၏ လိုရင်းအတ္ထုပ္ပတ္တိကို ကြည့်ရှုသူများ အလွယ်နှင့် မှတ်သားနိုင်စေရန် ဗုဒ္ဓဝင်ကောက်နုတ်ချက်ဖြင့် အကျဉ်းပြရာ ပြီး၏။

# နှစ်ကျိပ်ရှစ်ဆူသော ဘုရားရှင်အပေါင်းတို့၏ အမည်တော်များ။

★

၁။ တဏှင်္ကရာမြတ်စွာဘုရား။
၂။ မေဓင်္ကရာ ။
၃။ သရဏင်္ကရာ ။
၄။ ဒီပင်္ကရာ ။
၅။ ကောဏ္ဍည ။
၆။ မင်္ဂလ ။
၇။ သုမန ။
၈။ ရေဝတ ။
၉။ သောဘိတ ။
၁၀။ အနောမဒဿီ ။
၁၁။ ပဒုမ ။
၁၂။ နာရဒ ။
၁၃။ ပဒုမုတ္တရ ။
၁၄။ သုမေဓ ။
၁၅။ သုဇာတမြတ်စွာဘုရား။
၁၆။ ပိယဒဿီ ။
၁၇။ အတ္ထဒဿီ ။
၁၈။ ဓမ္မဒဿီ ။
၁၉။ သိဒ္ဓတ္ထ ။
၂၀။ တိဿ ။
၂၁။ ဖုဿ ။
၂၂။ ဝိပဿီ ။
၂၃။ သိခီ ။
၂၄။ ဝေဿဘူ ။
၂၅။ ကကုသန် ။
၂၆။ ကောဏာဂုံ ။
၂၇။ ကဿပ ။
၂၈။ ဂေါတမ ။

ဤသို့လျှင်- ဗုဒ္ဓဘာသာတိုင်း သိသင့်သော နှစ်ကျိပ်ရှစ်ဆူသောဘုရားရှင်တို့၏ အမည်များ ဖေါ်ပြရာ ပြီးပါပြီ။

## ဘုရားရှင်အပေါင်းတို့၏ဖြည့်ကျင့်ဆည်းပူးခဲ့သော ပါရမီဆယ်ပါး

၁။ ဒါနပါရမီ- မိမိပိုင်ဆိုင်သော ပစ္စည်း ဥစ္စာကို နည်းများမဟူ ပေးလှူခြင်း။

၂။ သီလပါရမီ- ငါးပါး, ရှစ်ပါး, ဆယ်ပါး, သီလတို့ကို ဆောက်တည်ခြင်း။

၃။ နိက္ခမပါရမီ- အာရုံငါးပါးကို မငဲ့ကွက် ဘဲ ပြတ်တောက် ထွက်ခွာခြင်း။

၄။ ပညာပါရမီ- လောကီ, လောကုတ္တရာ ပညာကို သင်ကြားပေးပို့ခြင်း။

၅။ ဝီရိယပါရမီ- ကုသိုလ်ကောင်းမှု ပြုရာ၌ အလွန် လုံ့လဝီရိယရှိခြင်း။

၆။ ခန္တီပါရမီ- ကောင်းမှုအရာ၌ အလွန် သီးခံနိုင်ခြင်း။

၇။ သစ္စာပါရမီ- အလွန် မှန်ကန်တည်ကြည်စွာ ရှိခြင်း။

၈။ မေတ္တာပါရမီ- သတ္တဝါ အပေါင်းတို့အား မေတ္တာစိတ် အမြဲထားခြင်း။

၉။ အဓိဋ္ဌာန်ပါရမီ- ကောင်းမှု ပြုရာ၌ ကိုယ် စိတ် နှစ်ပါးကို ကောင်းစွာ ဆောက်တည်ခြင်း။

၁၀၊ ဥပက္ခာပါရမီ- သတ္တဝါ အပေါင်း တို့အား မုန်း, ချစ် မထား လစ်လျူရှုခြင်း။

ဤကဲ့သို့ အလောင်းတော်မြတ်သည် ပါရမီဆယ်ပါး အခြေခံထား၍အပြားသုံးဆယ်တို့ကို ပြင်းထန်သော ဇွဲလုံ့လ ဝီရိယဖြင့် မနေမနား ဆည်းပူးကျိုးကုတ် အားထုတ်တော်မူလေသည်။

**ပါရမီဆယ်ပါး ပြီး၏။**

# ဘုရားလောင်း စွန့်ခြင်းကြီး ငါးပါး။

၁။ ဓန ပရိစ္စာဂ ပစ္စည်းကိုစွန့်ခြင်း။
၂။ အင်္ဂ ပရိစ္စာဂ ကိုယ်အင်္ဂါကို စွန့်ခြင်း။
၃။ ပုတ္တ ပရိစ္စာဂ သားသမီးကို စွန့်ခြင်း။
၄။ ဘရိယ ပရိစ္စာဂ မယားကို စွန့်ခြင်း။
၅။ ဇီဝိတ ပရိစ္စာဂ အသက်ကို စွန့်ခြင်း။

ဤကဲ့သို့ အလွန်အလွန် ကြောက်မက် ဘွယ် ကောင်း သော ဖြည့်ကျင့် ဆည်းပူးနိုင်ခဲ့သော စွန့်ခြင်းငါးပါး၊ ပါရမီတော်ကြီး တွေကို ဘုရားဖြစ်ရန် စိတ်ရည်သန်လျက် မလျှော့သော ဝီရိယဇွဲဖြင့် အားခဲ ကျင့်ကြံတော် မူပေသည်။

စွန့်ခြင်းကြီး ငါးပါး ပြီး၏။

# နှစ်ကျိပ်ရှစ်ဆူသော ဘုရားရှင်တို့၏ အထွေထွေအကျဉ်းပြ။

၁။ တဏှင်္ကရာ မြတ်စွာဘုရား။

အရပ်တော် အတောင်ရှစ်ဆယ်မြင့်၍ အသက်တော် အနှစ်တသိန်းရှည်ပြီး စရည်းပင်ကို အမှီပြု၍ ပွင့်တော်မူသည်။

၂။ မေဓင်္ကရာ မြတ်စွာဘုရား။

အရပ်တော် အတောင် ရှစ်ဆယ်မြင့်၍ အသက်တော် အနှစ်ကိုးသောင်းရှည်ပြီး ပေါက်ပင်ကို အမှီပြု၍ ပွင့်တော်မူသည်။

၃။ သရဏင်္ကရာ မြတ်စွာဘုရား။

အရပ်တော် အတောင် ရှစ်ဆယ်မြင့်၍ အသက်တော် အနှစ်ရှစ်သောင်းရှည်ပြီး သံသတ်ပင်ကိုအမှီပြု၍ ပွင့်တော်မူသည်။

၄။ ဒီပင်္ကရာ မြတ်စွာဘုရား

အရပ်တော် အတောင်ရှစ်ဆယ်မြင့်၍ အသက်တော် အနှစ်တသိန်းရှည်ပြီး ညောင်ကြွတ်ပင်ကို အမှီပြု၍ ပွင့်တော်မူသည်။

၅။ ကောဏ္ဍည မြတ်စွာဘုရား

အရပ်တော် အတောင် ရှစ်ဆယ့်ရှစ်တောင်မြင့်၍ အသက်တော် အနှစ်တသိန်းရှည်ပြီး သာလကလျာဏီကြောင်လျှာပင်ကို အမှီပြု၍ ပွင့်တော်မူသည်။

### ၆။ မင်္ဂလ မြတ်စွာဘုရား

အရပ်တော် အတောင် ရှစ်ရှယ့်ရှစ်တောင်မြင့်၍ အသက်တော် အနှစ်ကိုးသောင်းရှည်ပြီး ဂန့်ဂေါပင်ကို အမှီပြု၍ ပွင့်တော်မူသည်။

### ၇။ သုမန မြတ်စွာဘုရား

အရပ်တော် အတောင် ကိုးဆယ်မြင့်၍ အသက်တော် အနှစ်ကိုးသောင်းရှည်ပြီး ဂန့်ဂေါပင်ကို အမှီပြု၍ ပွင့်တော်မူသည်။

### ၈။ ရေဝတ မြတ်စွာဘုရား

အရပ်တော် အတောင် ရှစ်ဆယ်မြင့်၍ အသက်တော် အနှစ်ခြောက်သောင်းရှည်ပြီး ဂန့်ဂေါပင်ကိုအမှီပြု၍ပွင့်တော်မူသည်။

### ၉။ သောဘိတ မြတ်စွာဘုရား

အရပ်တော် အတောင် ငါးဆယ့်ရှစ်တောင် မြင့်၍ အသက်တော် အနှစ်ကိုးသောင်းရှည်ပြီး ဂန့်ဂေါပင်ကိုအမှီပြု၍ ပွင့်တော်မူသည်။

### ၁၀။ အနောမဒဿီ မြတ်စွာဘုရား

အရပ်တော် အတောင် ငါးဆယ့်ရှစ်တောင်မြင့်၍ အသက်တော် အနှစ်တသိန်းရှည်ပြီး ဖေါက်ကြံပင်ကိုအမှီပြု၍ ပွင့်တော်မူသည်၊

## ၁၁။ ပဒုမ မြတ်စွာဘုရား

အရပ်တော် အတောင် ငါးဆယ့်ရှစ်တောင်မြင့်၍ အသက်တော် အနှစ်တသိန်းရှည်ပြီး ကြောင်လျှောပင်ကို အမှီပြု၍ ပွင့်တော်မူသည်။

## ၁၂။ နာရဒမြတ်စွာဘုရား

အရပ်တော် အတောင် ရှစ်ဆယ့်ရှစ်တောင်မြင့်၍ အသက်တော် အနှစ်ကိုးသောင်းရှည်ပြီး ကြောင်လျှောပင်ကို အမှီပြု၍ ပွင့်တော်မူသည်။

## ၁၃။ ပဒုမုတ္တရ မြတ်စွာဘုရား

အရပ်တော် အတောင် ငါးဆယ့်ရှစ်တောင်မြင့်၍ အသက်တော် အနှစ်တသိန်းရှည်ပြီး ထင်းရှူးပင်ကို အမှီပြု၍ ပွင့်တော်မူသည်။

## ၁၄။ သုမေဓ မြတ်စွာဘုရား

အရပ်တော် အတောင် ငါးဆယ့်ရှစ်တောင်မြင့်၍ အသက်တော် အနှစ်ကိုးသောင်းရှည်ပြီး တမာပင်ကိုအမှီပြု၍ ပွင့်တော်မူသည်။

## ၁၅။ သုဇာတ မြတ်စွာဘုရား

အရပ်တော် အတောင် ငါးဆယ်မြင့်၍ အသက်တော် အနှစ်ကိုးသောင်းရှည်ပြီး ကြခတ်ပင်ကို အမှီပြု၍ ပွင့်တော်မူသည်။

၁၆။ ဒီယဒသီ မြတ်စွာဘုရား

အရပ်တော် အတောင် ရှစ်ဆယ်မြင့်၍ အသက်တော် အနှစ် ကိုးသောင်းရှည်ပြီး ထောက်ကြံ့ပင်ကိုအမှီပြု၍ ပွင့်တော်မူသည်။

၁၇။ အတ္ထဒဿီ မြတ်စွာဘုရား

အရပ်တော် အတောင် ရှစ်ဆယ်မြင့်၍ အသက်တော် အနှစ် တသိန်းရှည်ပြီး စကားပင်ကို အမှီပြု၍ ပွင့်တော်မူသည်။

၁၈။ ဓမ္မဒဿီ မြတ်စွာဘုရား

အရပ်တော် အတောင် ရှစ်ဆယ်မြင့်၍၊ အသက်တော်အနှစ် တသိန်းရှည်ပြီး ရေခတက်ပင်ကို အမှီပြု၍ ပွင့်တော်မူသည်။

၁၉။ သိဒ္ဓတ္ထ မြတ်စွာဘုရား

အရပ်တော် အတောင် ခြောက်ဆယ်မြင့်၍ အသက်တော် အနှစ်တသိန်းရှည်ပြီး မဟာလှေခါးပင်ကို အမှီပြု၍ ပွင့်တော်မူသည်။

၂၀။ တိဿ မြတ်စွာဘုရား

အရပ်တော် အတောင် ခြောက်ဆယ်မြင့်၍ အသက်တော် အနှစ် တသိန်းရှည်ပြီး၊ ပတောက်ပင်ကိုအမှီပြု၍ပွင့်တော်မူသည်။

၂၁။ ဖုဿ မြတ်စွာဘုရား

အရပ်တော် အတောင် ငါးဆယ့်ရှစ်တောင်မြင့်၍ အသက်တော် အနှစ်ကိုးသောင်းရှည်ပြီး ရှစ်ရှားပင်ကိုအမှီပြု၍ ပွင့်တော်မူသည်။

၂၂။ ဝိပဿီ မြတ်စွာဘုရား

အရပ်တော် အတောင် ရှစ်ဆယ်မြင့်၍ အသက်တော် အနှစ် ရှစ်သောင်းရှည်ပြီး သခွတ်ပင်ကို အမှီပြု၍ ပွင့်တော်မူသည်။

၂၃။ သိခီ မြတ်စွာဘုရား

အရပ်တော် အတောင် ခုနစ်ဆယ်မြင့်၍ အသက်တော် အနှစ် ခုနှစ်သောင်းရှည်ပြီး သရက်ဖြူပင်ကို အမှီပြု၍ ပွင့်တော်မူသည်၊

၂၄။ ဝေဿဘူ မြတ်စွာဘုရား

အရပ်တော် အတောင် ခြောက်ဆယ်မြင့်၍ အသက်တော် အနှစ်ခြောက်သောင်းရှည်ပြီး အင်ကြင်းပင်ကိုအမှီပြု၍ ပွင့်တော်မူသည်။

၂၅။ ကကုသန္ဓ မြတ်စွာဘုရား

အရပ်တော် အတောင် လေးဆယ်မြင့်၍ အသက်တော်အနှစ် လေးသောင်းရှည်ပြီး ကုက္ကိုလ်ပင်ကိုအမှီပြု၍ ပွင့်တော်မူသည်။

၂၆။ ဂေါဏာဂုံ မြတ်စွာဘုရား

အရပ်တော် အတောင် သုံးဆယ်မြင့်၍ အသက်တော် အနှစ် သုံးသောင်းရှည်ပြီး ရေသဖန်းပင်ကို အမှီပြု၍ ပွင့်တော်မူသည်။

၂၇။ ကဿပ မြတ်စွာဘုရား

အရပ်တော် အတောင် နှစ်ဆယ်မြင့်၍ အသက်တော် အနှစ် နှစ်သောင်းရှည်ပြီး ပညောင်ပင်ကို အမှီပြု၍ ပွင့်ဘော်မူသည်။

၂၈။ ဂေါတမ မြတ်စွာဘုရား။

အရပ်တော် တဆယ့်ရှစ်တောင်မြင့်၍ အသက်တော် အနှစ် တရာတန်းရှိပြီး ဗောဓိပင်ကို အမှီပြု၍ ပွင့်တော်မူသည်။

# နှစ်ကျိပ်ရှစ်ဆူသော ဘုရားရှင်တို့၏ လက်ထက်၌ ဂေါတမ မြတ်စွာဘုရား အလောင်းတော်၏ ထင်ရှားသော ဘဝ အကျဉ်းချုပ်။

၁။ ပဒုမုတ္တရ မြတ်စွာဘုရားလက်ထက်၌ ခြင်္သေ့ မင်းတကြိမ်။

| | | |
|---|---|---|
| ၂။ သုမန | ။ | အတုလ နဂါးမင်း ။ |
| ၃။ ဝိပဿီ | ။ | အတုလ နဂါးမင်း ။ |
| ၄။ အနောမဒဿီ | ။ | ဘီလူး စစ်ဗိုလ်ကြီး ။ |
| ၅။ ဓမ္မဒဿီ | ။ | သိကြားမင်း ။ |

ဒီပင်္ကရာ မြတ်စွာဘုရားလက်ထက်မှစ၍ ကြွင်းသော တဆယ့်ကိုးဆူသော ဘုရားရှင်တို့၏ လက်ထက်တော်တွင် လူ့ ဘဝ တဆယ့်ကိုးကြိမ်သာ ဖြစ်တော်မူသည်။

\+ × +

## မင်းအဖြစ် ရှစ်ကြိမ်။

၁။ ကောဏ္ဍည ဘုရားလက်ထက်၌ ဝိဇိတာဝီ စကြာမင်း တကြိမ်

| | | |
|---|---|---|
| ၂။ သုဇာတ | ။ | ဝိဇိတာဝီ စကြာမင်း ။ |
| ၃။ တိဿ | ။ | သုဇာတာမင်း ။ |
| ၄။ ဖုဿ | ။ | ဝိဇိတာဝီ မင်း ။ |
| ၅။ သိခီ | ။ | အရိန္ဒမ မင်း ။ |
| ၆။ ဝေဿဘူ | ။ | သုဒဿန မင်း ။ |
| ၇။ ကကုသန္ဓ | ။ | ခေမ မင်း ။ |
| ၈။ ကောဏာဂမန | ။ | ပဗ္ဗတမင်း ။ |

ဤသို့လျှင် မင်းအဖြစ်၌ ရှစ်ကြိမ်။

## ပုဏ္ဏားမျိုး၌ ခုနစ်ကြိမ်။

၁။ ဒီပင်္ကရာ ဘုရား လက်ထက်၌ သုမေဓါပုဏ္ဏား တကြိမ်
၂။ မင်္ဂလ ။ သုရုစိ ။ ။
၃။ ရေဝတ ။ အတိဒေဝ ။ ။
၄။ သောဘိတ ။ သုဇာတ ။ ။
၅။ ဝိပဿီ ။ ကဿပ ။ ။
၆။ အဋ္ဌဒဿီ ။ ဣသိမ ။ ။
၇။ သိဒ္ဓတ္ထ ။ မင်္ဂလာ ။ ။
ဤသို့လျှင် ပုဏ္ဏားမျိုး၌ ခုနစ်ကြိမ်။

\+ + +

## လုလင်ဘဝ၌ သုံးကြိမ်။

၁။ သုမေဓါ ဘုရားလက်ထက်၌ ဥတ္တရ လုလင်ဘဝ တကြိမ်
၂။ ဝိပဿီ ။ ကဿပ လုလင်ပုဏ္ဏားမျိုး ။
၃။ ကဿဂ ။ ဇောတိပါလ လုလင်ဘဝ ။
ဤသို့လျှင် လုလင်ဘဝ၌ သုံးကြိမ်။

X X X

## ရသေ့ဘဝ ငါးကြိမ်။

၁။ ဒီပင်္ကရာ ဘုရားလက်ထက်၌ သုမေဓါ ရသေ့ဘဝ တကြိမ်
၂။ နာရဒ ။ (အမည်မထင်ရှား)ရသေ့ဘဝ ။
၃။ အဋ္ဌဒဿီ ။ သုသိမ ရသေ့ဘဝ ပုဏ္ဏားမျိုး ။
၄။ သိဒ္ဓတ္ထ ။ မင်္ဂလ ရသေ့ဘဝ ။ ။
၅။ တိဿ ။ သုဇာတာ ရသေ့ဘဝ မင်းမျိုး ။
ဤသို့လျှင် ရသေ့ဘဝ ငါးကြိမ်။

# ရဟန်းဘဝ ကိုးကြိမ်။

၁။ ကဿပ ဘုရားလက်ထက်၌ ဇောတိပါလ လုလင်ဖြစ်စဉ် ရဟန်းဘဝ တကြိမ်။

၂။ ကောဏ္ဍည ဘုရားလက်ထက်၌ ဝိဇိတာဝီ စကြာမင်း ဖြစ်စဉ် ရဟန်းဘဝ တကြိမ်။

၃။ မင်္ဂလ ဘုရားလက်ထက်၌ သုရုစိပုဏ္ဏား ဖြစ်စဉ် ရဟန်း ဘဝ တကြိမ်။

၄။ သုမေဓ ဘုရားလက်ထက်၌ ဥတ္တရလုလင် ဖြစ်စဉ် ရဟန်း ဘဝ တကြိမ်။

၅။ သုဇာတ ဘုရားလက်ထက်၌ ဝိဇိတာဝီ စကြာမင်းဖြစ်စဉ် ရဟန်းဘဝ တကြိမ်။

၆။ ဖုဿ ဘုရားလက်ထက်၌ ဝိဇိတာဝီမင်း ဖြစ်စဉ် ရဟန်း ဘဝ တကြိမ်။

၇။ ဝေဿဘူ ဘုရား လက်ထက်၌ သုဒဿနမင်း ဖြစ်စဉ် ရဟန်းဘဝ တကြိမ်။

၈။ ကကုသန္ဓ ဘုရားလက်ထက်၌ ခေမမင်း ဖြစ်စဉ် ရဟန်း ဘဝ တကြိမ်။

၉။ ကောဏာဂမန ဘုရားလက်ထက်၌ ပဗ္ဗတမင်း ဖြစ်စဉ် ရဟင်းဘဝ တကြိမ်။

ဤသို့လျှင် ရဟန်းဘဝ ကိုးကြိမ်။

# အလောင်းတော် ပါရမီ ရင့်ချိန်၌ ဘဝဖြစ်စဉ်။

၁။ တေမိမင်း ဘဝ၊

၂။ ဇနက္ကမင်း ဘဝ၊

၃။ သုဝဏ္ဏသာမ ဘဝ၊

၄။ နေမိမင်း ဘဝ၊

၅။ မဟောသထာ ပညာရှိ ဘဝ၊

၆။ ဘူရိဒတ် နဂါးမင်း ဘဝ၊

၇။ စန္ဒကုမာရ မင်းသား ဘဝ၊

၈။ နာရဒ ရသေ့ ဘဝ၊

၉။ ဝိဒူရ အမတ်ကြီး ဘဝ၊

၁၀။ ဝေဿန္တရာမင်း ဘဝ၊

ဤကား- ရင့်မာတကျိတ် ဟူသည်တည်း၊

ဤသို့ ပါရမီရင့်ကျက်သော ဆယ်ဘဝတို့ကို ကျင်လည်ခဲ့ရပြီး ဝေဿန္တရာမင်းကြီးဘဝမှ ကြီးစွာသော ဒါနပါရမီတို့ကို ဖြည့်ကျင့် ဆည်းပူးတော်မူပြီးနောက်၊ အသက်အတိုင်း နေ၍စုတေသေလွန်သော် တုသိတာနတ်ပြည်၌ သေတကေတု နတ်သားဘဝသို့ ရောက်လေသည်။

# အလောင်းတော် နတ်သား လူ့ပြည်၌ ပဋိသန္ဓေ ယူခဏ်း။

အလောင်းတော်နတ်သားသည် အပိုင်းအခြားမရှိ များဘိ တောင်းတောင်း နတ်,ဗြဟ္မာ အပေါင်းတို့၏ ညွတ်ပြောင်း ပန်ထွာ တောင်းပန်လာသော စကားကို ကြားလေရာ–

၁။ ဘုရားဖြစ်ထိုက်သော အချိန်ကာလ၊
၂။ ဘုရားဖြစ်ရာ ကျွန်းဒီပ၊
၃။ ဘုရားဖြစ်ရာ အရပ်ဒေသ၊
၄။ ဘုရားဖြစ်လတံ့သော အမျိုးအနွယ်၊
၅။ မယ်တော်၏အသက် အပိုင်းအခြား၊

ဤကြည့်ခြင်းကြီး ငါးပါးဖြင့် ကြည့်ရှုတော်မူပြီးလျှင် နတ်ပြည်မှ စုတေ သေလွန်သော်-

ဘိုးတော် အဥ္စန မင်းကြီးသည် ၈၄၅-ခုသော သက္ကရာဇ်ကို ဖြိုပြီးသည့်နောက်၊ ၆၇-ခု ဝါဆိုလပြည့် ကြာသပတေးနေ့ ဥတ္တရာသန်းနက္ခတ်နှင့် စန်းမြတ်ယှဉ်သော သန်းခေါင်ယံ အချိန်တွင် ကပ္ပိလဝတ်ပြည့်ရှင် ဘုရင်သုဒ္ဓေါဒန မင်းကြီး၏ တောင်ညာစံ ဒေဝီ မဟေသီ မိဖုရားကြီးဖြစ်သော မဟာမာယာဒေဝီ၏ ဝမ်း၌ ပဋိသန္ဓေ ယူတော်မူသည်။

## မယ်တော်၊ အိမ်မက်ခန်း။

ဤသို့ သန္ဓေစံနေတော်မူလျှင် မယ်တော်မဟာ မာယာဒေဝီသည် အိပ်မက် မြင်မက်တော်မူရာ စတုမဟာရာဇ် နတ်မင်းကြီးလေးပါးသည် မယ်တော် မိဖုရားကြီး မဟာမာယာဒေဝီကို အိပ်ရာတော် သလွန် ညောင်စောင်းနှင့်တကွ၊ ချီမ၍ ဟိမဝန္တာ တောင်သို့ ယူဆောင်ပြီးလျှင် ယူဇနာ ၆၀- ဆယ် ကျယ် သောကျောက်ဖြာအပြင် အင်ကြင်းပင်အောက်၌ ချထားသောအခါ နတ်မိဖုရား လေးယောက်လာ၍ နဝရတ် ရေအေးဖြင့် ချိုးပေးကြပြီးလျှင် နတ်ပန်း၊ နတ်နံ့သာ၊ နတ်ဝတ်တန်ဆာ တို့ ဖြင့်ကောင်းစွာဆင်မြန်းလျက်၊ ပင်ပန်းခြင်းမရှိအောင် ငွေတောင်ထွဋ် အထက်၌ ပြောင်လက်ထိန်လင်းသော ဗိမာန်ကြီးအတွင်းသို့ဆောင်ယူခါ ချမ်းသာစွာ အိပ်စေပြန်၏။

ထိုအိပ်နေစဉ်အတွင်း ဘော်သခွာ အဆင်းကဲ့သို့ ဖြူဝင်းလှပ၍ကြက်သရေပေါင်း ခသော ဆင်ပြောင်ရတနာသည် မြောက်အရပ်မှလာပြီးလျှင် မိဖုရားကြီး၏ လက်ျာနံပါးသို့ ဖွင့်ဖေါက်ခါဝင်လေသည်ဟု အိပ်မက်အတွင်း ထင်လင်းစွာ မြင်မက်လေ၏။

\+ × ×

## အလောင်းတော်မင်းသား ဖွားမြင်တော်မူခန်း။

အလောင်းတော်မြတ် ဗောဓိသတ်အား သန္ဓေယူခါ၊ဆယ်လကြာသော် မယ်တော်မဟာ မာယာဒေဝီသည် ခမည်းတော်စံရာဖြစ်သော ဒေဝဒေဟပြည်သို့ သွားလိုသောဆန္ဒ ပြင်းပြသဖြင့်သုဒ္ဓေါဒနမင်းကြီးထံ ခွင့်ပန်လျှောက်ကြားသောအခါ၊မင်းကြီးသည် ကြေနပ် နှစ်သိမ့်တော်မူ၍ ချမ်းသာယာစွာ သွားလာနိုင်

စေရန် ခရီးလမ်းကို ကောင်းမွန်စွာ ပြေပြစ်အောင် သုတ်သင် ရှင်းလင်း ပြင်ဆင်စေဟု မင်းချင်းယောကျ်ားတို့အား မိန့်တော်မူ ပြီးလျှင် အလောင်းတော်၏ မယ်တော်ဖြစ်သော မိဖုရားကြီး မဟာမာယာဒေဝီအား ရွှေရံပေါင်းများစွာတို့ဖြင့် ကြည်သာ ရှင်ပြုံးစွာ ခွင့်ပြုစေလွှတ်လေသည်။ ဤသို့ စေလွှတ်တော်မူသည့် အခါ ကပ္ပိလဝတ်ပြည်နှင့် ဒေဝဒေဟပြည်တို့၏ ခရီးအကြား သည် ၅-ယူဇနာဝေး၏။ ၎င်းခရီးလမ်းတွင် လုမ္ဗိနီဥယျာဉ်တောသို့ ရွှေရံတော် အပေါင်းတို့နှင့် တဖြေးဖြေး ထွက်ချီသော အခါ ဆယ်လစေ့၍ ကမ္ဘလေ လှုပ်ရှားတော်မူသဖြင့် အင်ကြင်းပင် အောက်တွင် အင်ကြင်းပင်အကိုင်းကို ကိုင်ခါ အလောင်းတော် ပုလဲရတနာကို အာကာတိမ်ညွန့်မှ မြူးကွန့်ထွက်ဆင်း သကဲ့သို့ သန့်ရှင်းစင်ကြယ်စွာ လက္ခဏာတော် ကြီးငယ် အပေါင်းတို့ဖြင့် ရှုမညောင်းတင့်တယ်သော အလောင်းတော်ကို သက္ကရာဇ်၆၈-ခု၊ ဥတုဂ်မ္မန္တ ကဆုံလပြည့် သောကြာနေ့ နံနက်တချက်တီးအချိန် သိလ်လဂ် ဗြိစ္ဆာစန်း ဝိသာခါနက္ခတ်နှင့် လမြတ် ယှဉ်ကာ ကောင်းစွာ ဖွားမြင်တော်မူလတ်သတည်း။

ယင်းသို့ဖွားမြင်လေလျှင် အထက်ကောင်းကင်ပြင်မှရေယာဉ် နှစ်သွယ်တို့သည် မယ်တော်မာယာနှင့် အလောင်းမင်းသားတို့၏ ချမ်းမြကြည်သာ၍ ဝေဒနာမရှိစေခြင်းငှါ၊ သက်ဆင်းသွန်းဖြန်း လာကုန်၏။ အလောင်းမင်းသား ဖွားမြင်တော်မူရာတွင် အခြား သော သတ္တဝါတို့ကဲ့သို့ လိမ်းကြံရစ်တွေး ညစ်ကျေးသန်းမိုးခြင်း မရှိ၊ ပကတိ ထွန်းသစ်စ ဖြစ်သော ဇမ္ဗူရာဇ်ရွှေစဉ်ကဲ့သို့ စင်ကြယ် သန့်ရှင်းစွာ ဖွားမြင်တော် မူလေ၏။

# ပုဗ္ဗနိမိတ်

ဂေါတမ မြတ်စွာဘုရား အလောင်းတော် သိဒ္ဓတ္ထမင်းသား ဖွားမြင်သောအခါ ထူးခြားသော ပုဗ္ဗနိမိတ်ကြီး ၃၂-ပါး။

၁။ တသောင်းသော စကြာဝဠာတတိုက်လုံး တုန်လှုပ်ခြင်း။
၂။ နတ်အပေါင်းတို့သည်စကြာဝဠာတခုတည်း၌သာ စုဝေးကြခြင်း။
၃။ အလောင်းတော် မင်းသားကလေးကို ရှေးဦးစွာ နတ်ဗြဟ္မာတို့က ခံယူခြင်း။
၄။ နတ် ဗြဟ္မာတို့ ခံယူပြီးမှ လူအပေါင်းတို့ ခံယူခြင်း။
၅။ သားရေဖြင့် ကျက်အပ်သော စည်အပေါင်းတို့ အလိုအလျောက် မြည်ဟီးခြင်း။
၆။ စောင်း၊စောင်းကောက်တို့သည် အလိုအလျောက် မြည်ဟီးခြင်း။
၇။ အနှောင်အဖွဲ့ဟူသမျှ အလိုအလျောက် ပြေပြတ်ခြင်း။
၈။ ကမ္ဘာသူ-ကမ္ဘာသား အားလုံး ကျန်းမာစွာ ရှိနေကြခြင်း။
၉။ ပဋိသန္ဓေမှ မျက်စိကွယ်ခဲ့သူများပင်အလင်းကိုမြင်ခြင်း။
၁၀။ ပဋိသန္ဓေမှနားပင်းသူများပင် အသံများကြားကြခြင်း။
၁၁။ မောဟဖုံးလွှမ်းလူတန်းမစေ့ မေ့နေသူများသတိရခြင်း။

၁၂။ ပင်္ဂုသန္ဓေမှုမြေမသန်သောသူတို့ပင် သန်မာစွာသွားလာနိုင်ခြင်း။

၁၃။ အရပ်တပါးသို့ သွားနေကြကုန်သော လှေသင်္ဘောတို့သည် ဆိပ်ကမ်းသို့ ရောက်လာခြင်း။

၁၄။ ရွှေ ငွေစသော ရတနာတို့ အလိုလို အရောင်လင်း၍ ထိန်ဝင်းကြခြင်း။

၁၅။ ငရဲမီးအခိုးအလျှံ တို့သည် သီတာရေတမျှ အေးမြခြင်း။

၁၆။ မြစ်ချောင်းဟူသမျှ ရေမစီးကြဘဲ ရပ်တန့်ခြင်း။

၁၇။ လောကန္တရိတ်ငရဲ၌ အရောင်ထိန်လင်းခြင်း။

၁၈။ သမုဒ္ဒရာရေ ချိုမြိန်၍ အရသာ ကောင်းခြင်း။

၁၉။ လေပြင်း လေကြမ်း မတိုက်ခတ်ခြင်း။

၂၀။ သစ်ပင်ဟူသမျှ ပွင့်ကုန်ကြခြင်း။

၂၁။ ငှက်သေ်တာလမင်း အလွန်ပင် ထွန်းလင်းခြင်း။

၂၂၊ နေမင်းသည်ကား မပူမအေး အညစ်အကြေးကင်းခြင်း။

၂၃။ ငှက်အပေါင်းတို့သည် ကောင်းကင်မှဆင်းသက်၍ မြေ၌ နားခြင်း။

၂၄။ လေးကျွန်းလုံး မိုးရွာခြင်း။

၂၅။ နတ်အပေါင်းတို့သည် မိမိတို့ ဗိမာန်ကပင်နေ၍ ကခြင်း၊ သီခြင်း စသည်တို့ဖြင့် မြူးတူးပျော်ပါး ကစားကြခြင်း။

၂၆။ တံခါးရွက်တို့သည် မည်သူမျှ မဖွင့်ဘဲ အလိုအလျောက် ပွင့်ခြင်း။

၂၇။ ဝေတ်မွတ်ခြင်းနှင့် နှိပ်စက်သော ဘေးမရှိခြင်း။
၂၈။ မွတ်သိပ်ခြင်းဖြင့် နှိပ်စက်သော ဘေးမရှိခြင်း။
၂၉။ ရန်သူဟူသမျှ မေတ္တာစိတ် ရှိကြခြင်း။
၃၀။ တသောင်းသော လောကဓာတ်၌တပြိုင်နက်တံခွန်ထည်း ဟူသော ပန်းရှိခြင်း။
၃၁။ ခါးကုန်းသောသူတို့ ဖြောင့်မတ်စွာ ဖြစ်ကြခြင်း။
၃၂။ အသော သူများ စကားပြောတတ်ခြင်း။

အထက်ဖော်ပြပါ ၃၂-ပါးသော ပုဗ္ဗနိမိတ်ကြီးများလည်း တပြိုင်တည်း ဖြစ်ကြလေ၏။

\+ \+ \+

## ဖွားဘက်တော် ခုနစ်ပါး။

၁။ ကာဠုဒါယီ အမတ်။
၂။ ယသော်ဓရာ မိဖုရား။
၃။ ညီတော် အာနန္ဒာ။
၄။ ဆန္န အမတ်။
၅။ ကဏ္ဍက မြင်း။
၆။ သောဏ ပုဏ္ဏား။
၇။ ညောင်ဗုဒ္ဓဟေပင်။

ဤသို့လျှင် အလောင်းတော်မြတ်နှင့် အတူတပြိုင်နက် ဖွား မြင်တော်မူကြသော ဖွားဘက်တော်များ ဖြစ်ကြပေသတည်း။

## အလောင်းတော်ကလေး ဇာတာ စစ်ဆေးခန်း။

အလောင်းတော်အား ဖွားမြင်ပြီးနောက် ၅-ရက်မြောက်သောနေ့၌ ပုဏ္ဏားတော် ၁၀၈-ယောက်တို့အား ပင့်ဆောင်၍၊ ၎င်းပုဏ္ဏားတော်များထဲတွင် အလွန်အလွန် ပညာတတ်မြောက်သည်ဟု အားကိုး ယုံကြည်တော်မူသော ပုဏ္ဏားတော် ခုနစ်ယောက်တို့ကို ရွေးချယ်စီစစ်၍ ဇာတာစစ်ဆေးတော် မူရာ၊ ရာမ၊ ဓဇလက္ခဏ၊ ဇောတိမန္တ၊ ယည၊ သုဗောဓ၊ သုယာမတို့ကို စီစစ်သော် ၇-ယောက်သောပုဏ္ဏားတော်တို့သည် လက်နှစ်ချောင်းကိုထောင်ခါ နှစ်ခွသောစကားတို့ဖြင့် စကြာဝတေးမင်း၊ သို့မဟုတ် ဘုရားဖြစ်မည်ဟု သံတော်ဦး တင်ကြလေ၏။ အငယ်ဆုံး ဖြစ်သော ကောဏ္ဍညပုဏ္ဏား အလုည့်ကျသဖြင့် လျှောက်ထား သံတော်ဦး တင်သောအခါ တရာ့ရှစ်ကွက် စက်လက္ခဏာတော် ပါရှိခြင်းကြောင့် အရှင်မင်းမြတ်၏ သားတော်ကလေးသည် လောကသုံးခွင် ဘုံပြင်ဝယ် သုံးလူ့ထွဋ်ထား ဘုရားစင်စစ် ဧကံဖြစ်ချေမည်ဟု လက်တချောင်းကို ထောင်မြှောက်ခါ ဟောကြားတော် မူလေသည်။

× × +

## မယ်တော် နတ်ရွာလားခန်း။

မယ်တော်မဟာ မာယာဒေဝီသည် အလောင်းတော် မင်းသားကလေးကို မွေးဖွားပြီးသည့်နောက် ခုနစ်ရက်မြောက်သောနေ့၌ လူ့ပြည်မှ စုတေ၍ ထာဝတိံသာ နတ်ပြည်၌ သန္တုဿိတ အမည်ဖြင့် နတ်သား ဖြစ်တော်မူသည်။

## သိကြားမင်း ရေကန် ဖန်ဆင်းပေးအပ်ခြင်း။

အလောင်းတော် မင်းသားသည် ခုနစ်နှစ်သား အရွယ်သို့ ရောက်တော်မူသောအခါ ရေကစားတော်မူရန် သိကြား မင်းသည် ဝိသကြုံနတ်သားကို စေခိုင်းတော်မူ၍ ဖန်ဆင်းစေသည်။ ဝိသကြုံနတ်သားသည် သိကြားမင်း၏မိန့်မှာစေခိုင်းသည့်အတိုင်း အလျား အနံအားဖြင့် တဂါဝုတ် ကြွယ်၍ နဝရတ်ကိုးသွယ်ဖြင့် ချယ်လယ်အပ်သော ရေကန်ကြီးကို ဖန်ဆင်းလေ၏။

ထိုရေကန်ကြီးကား–

၁။ သန္တာ တရစ်၊

၂။ ပုလဲ တရစ်၊

၃။ ဥဿဖရား တရစ်၊

၄။ ပတ္တမြား တရစ်၊

၅။ ကြောက်မျက်ရွဲ တရစ်၊

၆။ ဝံသဝဏ် တရစ်၊

၇။ ရွှေနီဖလံ တရစ်၊

ဤသို့ ကြီးကျယ်ခမ်းနား ဆန်းပြားတင့်တယ်သောအားဖြင့် ခုနစ်ရစ် ခုနစ်တန်း တသန့်စီ တသန့်စီ အရောင် ထွက်လျှက် ဤတောင်လကျ်ာ ဇမ္ဗူကျွန်းတွင် နေဝန်းကြီးအလား ထင်ရှားစွာ ပေါ်ပေါက်၍ နေလေသည်။

ဤကဲ့သို့ ဆန်းကြယ် အံ့သြဘွယ်ဖြစ်တော်မူသော ရေကန်တော်ကြီးကို အလောင်းတော် မင်းသားကလေးသည် ချွေရံတော်ပေါင်း များစွာတို့ဖြင့် ပျော်ပါးကစားနေလေ သတည်း။

# ဆွေတော် မျိုးတော်အဆက်။

ကပ္ပိလဝတ်ပြည်ကို အစိုးရသော (ဇယသေန)မင်း၏ သားတော်(သီဟနု)မင်းနှင့် ဒေဝဒေဟပြည်ကို အစိုးရသော(အဉ္စန) မင်း၊ နှမတော်(ဘဒ္ဒကဉ္စနာ)နှင့် စုံဘက်ရာတွင် ဖွားမြင်သည်ကား(သုဒ္ဓေါဒန) (ဓေါတောဒန) (သက္ကောဒန)(သုက္ကောဒန) (အမိတောဒန) နှမတော် (အမိတာ)မင်းသမီး (ပါလိတာ)မင်းသမီး၊ သားတော်ငါးပါးနှင့် သမီးတော်နှစ်ပါး ပေါင်း ခုနှစ်ပါးတည်း။

ဇယသေနမင်း သမီးတော် ယသော်ဓရာနှင့် အဉ္စန မင်း တို့ စုံဘက်ရာတွင် ဖွားမြင်သည်ကား (သီရိမဟာမာယာ) မင်းသမီး (မဟာပဇာပတိ ဂေါတမီ)မင်းသမီး၊ မောင်တော် (ဒဏ္ဍပါဏိ) မင်းသား၊ ညီတော် (သုပ္ပဗုဒ္ဓ)မင်း၊ ပေါင်း လေးပါးတို့ ဖြစ်သည်။

သီဟနုမင်း သားတော်(သုဒ္ဓေါဒန)မင်းနှင့် (အဉ္စန) မင်းသမီးတော်(သီရိမဟာ မာယာ)တပါး၊ ညီမတော်(ပဇာပတိ ဂေါတမီ)တပါး၊ သည်နှစ်ပါးနှင့် စုံဘက်ရာတွင် ဖွားမြင်သည်ကား ညီမတော် (ပဇာပတိ ဂေါတမီ)တွင် (ဇနပဒကလျာဏီ) နှင့် (နန္ဒ)မင်းသားကို ဖွားမြင်ပြီးမှ အမတော်(သီရိမဟာ မာယာ) တွင် အလောင်းတော်(သိဒ္ဓတ္ထ)မင်းသားကို ဖွားမြင်သည်။

သီဟနုမင်းသမီးတော်(အမိတာ)မင်းသမီးနှင့်အဥ္စနမင်း၏သားတော်(သုပ္ပဗုဒ္ဓ)မင်းတို့ စုံဘက်ရာတွင် ဖွားမြင်သည်ကား (ဘဒ္ဒကဥ္စနာ)မင်းသမီးနှင့် မောင်တော်(ဒေဝဒတ်)မင်းသားကို ဖွားမြင်လေသည်။

သုဒ္ဓေါဒန မင်းကြီး၏သားတော် (သိဒ္ဓတ္ထကုမာရ)မင်းသားနှင့် သုပ္ပဗုဒ္ဓမင်း၏ သမီးတော်(ဘဒ္ဒကဥ္စနာ)တို့ စုံဘက်တော်မူရာ သက္ကရာဇ် ၉၇-ခု၊ ဝါဆိုလပြည့် တနင်္လာနေ့တွင် သားတော်(ရာဟုလာ)ကို ဖွားမြင်သည်။

ဤကား ဒီပင်စသည်၌လာသော မဟာသမ္မတမျိုးတော် အစဉ်ပေတည်း။

× × +

## လက်ထပ်တော်မူခန်း။

အလောင်းတော် မင်းသားသည် တဆယ့်ခြောက်နှစ်သားအရွယ်သို့ ရောက်တော်မူသောအခါတွင် အဌာရသ တဆယ့်ရှစ်ရပ်သော အတတ်မျိုးတို့ကို အလိုလို ပါရမီအဟုန်တို့ကြောင့် တတ်မြောက်ပြီး၍ လေးပစ်ခန်းအတတ်ကို ပြတော်မူပြီးနောက် များမြောင်လှစွာ လက်ဆောင်ပဏ္ဏာ သမီးကညာပေါင်း များစွာတို့မှ ဇမ္ဗူရာဇ်ရွှေသားကို ထုလားသော အရုပ်ပမာ ဥတ္တမာဂုဏ်နှင့် ပြည့်စုံသော ယသော်ဓရာ ဗိမ္ဗာဒေဝီ ဟူသော အမည် ဖြင့်ရွှေလက်တော်ဆွဲ၍ နန်းပွဲအဘိသိက်ခံခါ အဂ္ဂမဟေသီ ဟူသော မိဖုရားကြီး အရာ၌ ထားတော်မူ၏။

## နန်းစီးစိမ် ခံစားခြင်း။

ဇင်းအချိန်သည် အပျိုတော်ပေါင်း လေးသောင်းတို့ဖြင့် ခြွေရံဖျော်ဖြေခံရကာ ဝေဇယန္တာ ပြာသာဒ်နှင့်တူသော ဘုန်းနန်းဆောင် ခုနစ်ခုဝယ် ဥတုသုံးလီတွင် ရာသီအလိုက် သိုက်မြိုက် ပျော်ပါးစွာ စံစားရာဖြစ်သော ယောကျ်ားမနှော အချောဆုံး အလှဆုံးဖြစ်သည့် အငြိမ့်သမ တသင်းတို့၏ စောင်းညှင်းပတ်သာ ဒုရိယာအတီး မငြီးနိုင်ဘွယ်ဖြစ်သော အဆိုအကတို့ဖြင့် အလှည့်ကျဖျော်ဖြေခြင်းကို ခံလျက်၊ နန်းစံတော်မူရာ ၁၃-နှစ်မျှ ကြာရှည်လေသည်။

\+ × ×

## ဥယျာဉ်တော် လှည့်လည်ခြင်း။

အလောင်းတော် မင်းသားသည် ၂၉ နှစ်အရွယ် နုနယ်ပျိုပြစ်သော အချိန်ဖြစ်၍၊ ၄-လတကြိမ် ဥယျာဉ်တော်သို့ အပျော်ထွက်တော်မူ သောအခါ၊ ရထားထိမ်းသည်၊ ရွှေငွေ မြသား ပတ္တမြားပုလဲ ကျောက်မြက်ရွှ စီချယ်၍ ရွှေကြယ် ငွေကြယ်တို့ဖြင့် တင့်တယ်အောင် ပြုလုပ်ထားသော ရထားကိုယူခါ၊ ကုမုဒ်ဒြကြာ အဆင်းကဲ့သို့ ဖြူဝင်းလှပစွာသော သိန္ဓောမြင်း ၄-ကောင်ကို ကပြီးလျှင်၊ အလောင်းတော်အား သံတော်ဦး တင်သောအခါ ရာဇာသိဒ္ဓတ် အလောင်းတော်မြတ်သည်၊ လျှောက်ပတ် ကောင်းမွန်သော ရထားပေါ်၌စီးကာ၊ ဥယျာဉ်တော်သို့ ရွှေးရှု မောင်းနှင် စေတော်မူသည်။

နတ်အပေါင်းတို့သည် ဘုရားအလောင်းတော် သိဒ္ဓတ္ထမင်းသားအား ထင်ရှားသော ပုဗ္ဗနိမိတ်ကြီးများကို ညွှန်ကြားပြသကုန်အံ့ဟု တိုင်ပင်၍၊ နတ်သားတယောက်ကို သွားကျိုးဆံဖြူငယ်မူကင်းပျောက် ခြေထောက်ကို မသယ်နိုင် ဘယ်ယိုင်ညာနွဲ့လဲတော့မည့်ပုံ တုန်တုန်ခိုက်ခိုက် လက်၌တောင်ဝှေး စွဲကိုင်သောအဘိုးအိုယောင် အသွင်ဆောင်စေပြီးလျှင် အလောင်းတော်အား ပြကြလေ၏။

အလောင်းတော်မှာ လူအိုကြီးကို မြင်ရပြီး ရင်ဝကို အသာဖိ၍ မချိအောင် ဖြစ်ပြီးကာ၊ ရထားထိန်းကို မေးသည်မှာ...အမောင်ရထားထိန်း၊ တောင်ယိုင်မြောက်ယိုင် ကိုယ့်ကိုယ်ကိုမှကိုယ်မသယ်နိုင်ဘဲ လက်ကိုင်တောင်ဝှေးနှင့် တဖြေးဖြေးသွားနေသောသူကား-ဘယ်လိုလူပါနည်းဟု မေးမြန်းတော်မူ၏။

ထိုအခါ ရထားထိန်းက အရှင်မင်းသား၊ဤသူကား အခြားမဟုတ်ဒုတ်၊ တောင်ဝှေးကို အဖေါ်ပြု ပျော်မှုပါးမူ စိတ်မကူးနိုင်ဘဲ၊ တသိုင်ယိုင်နေရှာသော လူအိုကြီးပါဘုရားဟု လျှောက်ထားလေလျှင်၊ ငါတို့မှာလည်း ဤလူအိုကြီးလို အိုကြရအုန်းမလား:ဟု စကားနှစ်ထပ်မေးအပ်သည်ရှိသော်။ မှန်လှပါ၊အရှင်မင်းသားနှင့်ကျွန်ဘော်မျိုးတို့မှာလည်း ဤအဘိုးအိုကဲ့သို့ အရိုးကိုမျှ မသယ်နိုင်သောအဖြစ်သို့ တထစ်ချ ရောက် ကြ ရမည်မှာအမှန်ပါဘုရားဟု လျှောက်ထားကြ၏။

ဤသို့လျှောက်ထားသော စကားကိုကြားလျှင် အလောင်းတော်မြတ် မင်းသိဒ္ဓတ္ထသည် ဤတွင်ပင် စခန်းသတ်၍၊ နန်းရိပ်

သို့ပြန်တော့မည်၊ ရထားကို နောက်ဆုတ်ပြီး ခတ်သုတ်သုတ်မောင်း ပေတော့ဟု မိန့်ကြားကာ နန်း တော် သို့ ပြန်သွားရှာလေသည်။

\+ \+ \+

## သူနာမြင်ခန်း။

ထိုမှတဖန် နန်းတော်သို့ရောက်၍ လေးလမြောက်ပြန်သောနေ့တွင်ရှေးအစီအစဉ်အတိုင်းဥယျာဉ်တော် ပျော်ခန်းသို့ကြွမြန်းတော် မူသောအခါ၊ အိပ်ယာမှာလှိမ့်လူး၍၊ ကျင်ကြီးကျင်ငယ်တို့ ပေ ကျံ ခါ၊ ပြင်း ထန် စွာ သော ဝေဒနာဖြင့် တ ညီး ညီး တငြူငြူ အသည်းအူလန်မျှ အော်ဟစ်ရရှာသော၊ သူနာကိုမြင်လေသော်၊ သွေးဖြန်းဖြန်းဆူမတတ် သံဝေဂဉာဏ် အပူခေါတ်တို့မှာ အူပြတ်၍ပင် သွားမလောက် အကြောက်သွေးမွန်ကာ ပဋိသန္ဓေ တည်နေရခြင်းသည် လွန်မင်းစွာ စက်ဆုတ်ဘွယ်ပါတကားဟု သံဝေဂဉာဏ်စိတ်သန်၍ ထိုနေရာမှပင် နန်းတော်သို့ ပြန်လာလေသည်။

\+ \+ ×

## သူသေမြင်ခန်း။

ထိုမှတဖန် လေးလမြောက် ပြန်သောနေ့၌ ရထားထိန်းကိုခေါ်ကာ ဥယျာဉ်တော်သို့ ရှေးယခင်ကဲ့သို့ ထွက်ပြန်လေသော်၊ သူသေကို မြင်ရလျှင် ယခင်က စိတ်အနေကဲ့သို့ ပဋိသန္ဓေနေရခြင်းကို လွန်မင်းစွာ ရွံမုန်းလျက် ညွန်တုံးညွန်ဗွက်ပမာ စက်ဆုတ်စွာဖြင့်ထိုနေရာမှပင် လှည့်ထွက်၍ နန်းတော်ဘက်သို့ ပြန်လေ၏။

# ရဟန်းမြင်ခဏ်း။

ဤသို့ သူအို၊ သူနာ၊ သူသေ၊ စိတ်သံဝေ ဖြစ်ကြောင်းကို
ကောင်းစွာမြင်ပြီး၍၊ လူ့ထီးမကိုဋ် သုံးဘုံကိုက်ဖြစ်တော်မူလတ္တံ့
သော အလောင်းတော် သိဒ္ဓတ္ထမင်းသားသည် နန်းတော်ရောက်
၍၊ လေးသမြောက်သောအခါ ဥယျာဉ်တော်ကြင့်နန်းသို့ ကြွမြန်း
လိုသော အကြံပေါ်သဖြင့်၊ ရထားထိန်းကို ခေါ်၍ ယာဉ်ပင်
ဥယျာဉ်တော်သို့သွားမည်ဟု ရထားကိုပြင်ခိုင်းလျက်၊ နန်းတော်
မှ ထွက်ကြလေလျှင် ရဟန်းကိုတွေ့မြင်ပြန်လေ၏။ ထိုအခါ အို-
အမောင် ရထားထိန်း၊ ဦးခေါင်း ဦးပြည်း ခေါင်းတုံးကြီးနှင့်
ဝတ်နည်း ဝတ်ပုံကလည်း အလုံးစုံသော သူတို့များနှင့်မတူ၊ အမူ
အသွင်တမျိုးပြောင်းသော ဤသူကို အဘယ်လို လူစားခေါ်ပါ
သနည်းဟု မေးလေလျှင်၊ ရထားထိန်းက ဘုရားပွင့်တော်မူရာ၊
အခါမဟုတ်သေး၍ ရဟန်း၏ဂုဏ်ကျေးဇူးကို အထူးမသိသော်
လည်း နတ်တို့၏တန်ခိုးအာနုဘော်အားဖြင့်၊ အို-အရှင်မင်းသား
ဤပုဂ္ဂိုလ်သည်ကား ဖန်ခါသင်္ကန်းကို ဆင်မြန်းဝတ်ရုံပြီး လူ့ဘုံ
ကို မုန်းတီး၍ ဘုန်းကြီး ရဟန်းလုပ်သော သူပါတည်း၊ ဤသို့
သော ဘုန်းကြီး ရဟန်းအဖြစ်နှင့် အမြစ်ဖြတ်အပ်သော အကု
သိုလ် တရားကို ရှောင်ခွာကာ ကုသိုလ်တရားကိုသာ ပွားများ
အားထုတ်ခြင်းသည် လွန်မင်းစွာကောင်းလှပေ၏။ သတ္တဝါများ
အား သနားညှာတာ ကရုဏာ တွဲဘက်၍ မနှိပ်စက် မညှဉ်းဆဲ
ခြင်းသည် အလွန်ကောင်းမြတ်သော တရားကြီးပါတည်းဟု
လျှောက်ထားသော အခါ၊ အလောင်းတော် မင်းသားသည်

ရဟန်းတော်၏အနီးသို့ကပ်၍ စုံစမ်းမေးမြန်း လျှောက်ထားလေ
လျှင် လွန်စွာပင် သဘောတော် ကြည်နူး၍၊ ဤအရှင် ရဟန်း
ကဲ့သို့ ငါသည်လည်း မချွတ်ဧကံ ရဟန်းပြုမည်ဟု စိတ်နှစ်လုံး
ဒုန်းဒုန်းချပြီးလျှင် ထိုနေ့ပါတ်လုံး ဥယျာဉ်တော်၌ မပျင်းရာ
မပျင်းကြောင်း အကကောင်းသော ပျိုကညာ အဆိုသာသော
မိန်းမငယ် အတီးသည်သော အဖူးအညွန့်တို့နှင့်သာ မြူးကွန့်
ပျော်ပါး၍ နေတော်မူ၏။

ညနေချမ်း ရွှေနန်းတော်ပြန်ခါနီး မင်္ဂလာရေကန်ကြီးတွင်
ရေချိုးပြီး၍ မင်္ဂလာရှိသော ကျောက်ဖြာအပေါ်၌ ထိုင်ခါ၊
အဝတ်တန်းဆာကို ဝတ်ဆင်လိုသော အာသာသည် ဖြစ်ပေါ်၍
လာလတ်သော်၊ သိကြားမင်း၏ ပဏ္ဍုကမ္ဗလာ မြကျောက်ဖြာ
သည် ပူသောအခြင်းအရာကိုပြ၍ ကိစ္စကိုသိလေလျှင် ဝိသကြုံနတ်
သား ဘုရားအလောင်း သိဒ္ဓတ္ထမင်းသားမှာ အဝတ်တန်းဆာကို
ဆင်မြန်းလိုသော အာသာဖြစ်နေပေသည်။ ယနေ့ပင် တောထွက်
တော်မူမည်ဖြစ်၍၊ နောက်ဆုံးတန်းဆာဆင်မှုကို သင်-ယခုပြုပါ
လော့ဟု ချိုပြော့သာယာ ခိုင်းစေသောအခါ၊ ဝိသကြုံနတ်သား
သည်လည်း သိကြားမင်း၏ အမိန့်တော်အတိုင်း မဆိုင်းမကြာ
ဘုရားလောင်းထံလာပြီးလျှင် ဆတ္တာသည်သဏ္ဍာန်ပုံဟန်ဆောင်
၍၊ တင့်တယ်လှပအောင် တန်းဆာဆင်ပြီးကာ တာဝတိံသာသို့
ပြန်လေ၏။

## သားတော်ရာဟုလာဖွားမြင်ခန်း။

သက္ကရာဇ် ၉၇–ခုနှစ်၊ ဝါဆိုလဆန်း ၁၅–ရက်၊ တနင်းလာနေ့ဝယ်၊ အလောင်းတော်သည် ဥယျာဉ်တော်သို့ ထွက်ကြွပျော်စံတော်မူစဉ်၊ မိဖုရားခေါင်ကြီး ဖြစ်သော ဘဒ္ဒကစ္စနာ ခေါ်–ယသော်ဓရာဒေဝီသည်၊ သားတော်ကလေးကို မီးရှူးသန့်စင်ဖွားမြင်တော်မူလေသည်။

ထိုအခါ အလောင်းတော် သိဒ္ဓတ္တမင်းသားသည် ဥယျာဉ်တော်မှ ပြန်ကြွ၍ နန်းတော်သို့ ရောက်လေလျှင်၊ သားတော်တယောက် ဖွားမြောက်လေသည် ဟူသော မင်းမောင်းမအမြောက်အများတို့၏ သံတော်ဦးတင်သော စကားကို ကြားတော်မူလျှင် ငါ၏အကြံတော်ကား–အနှောက်အယှက် ဖြစ်ချေပြီ၊ သော်တာယုံစန်းကို ရာဟုအသူရိန် ဖမ်းသကဲ့သို့ မရှောင်မလှည့်သာသော အနှောင်အဖွဲ့ကြီးပါတကားဟု မိန့်ကြားတော်မူသည်ကိုခမည်းတော် သုဒ္ဓေါဒနမင်းကြီး ကြားသိတော်မူသောအခါ၊ ငါ့မြေးတော်ကို သူ့ခမည်းတော်ဖြစ်သော အလောင်းတော် မင်းသား၏ ငြီးညူသော စကားအရ ရာဟုလာဟူသောအမည်ကို ခေါ်ကြစေဟု အမည်ပေးတော်မူ၏။

\+ \+ \+

## တောထွက်တော်မူခန်း။

အလောင်းတော် သိဒ္ဓတ္တမင်းသားသည် မိုယ်းချုပ်၍ သန်းခေါင်ယံအချိန်၌ အိပ်ပျော်နေကြသော မင်းမောင်းမ အချေအရံ အပေါင်းတို့၏စက်ဆုပ်ရွံရှာဘွယ်ရာတွေကို တွေ့မြင်ရသော

အခါ မျက်စိကိုမှိတ်၊ နှာခေါင်းကို ပိတ်ခါ၊ ကျွန် ယုံတော် မောင်ဇံကို အသံတိုးတိုးဖြင့် အသာအယာနှိုး၍ ပြောသည်မှာ မောင်ဇံ ယခု သန်းခေါင်ယံမှာပင် ကဏ္ဍကမြင်းကို ကကြိုး တန်းဆာ ပြင်ဆင်ပါ၊ ငါမင်းသား သင့်သခင်သည် ယခုပင် တောထွက်တော်မူမည်ဟု မိန့်တော်မူလိုက်လျှင် အလောင်း တော်၏ အမိန့်တော်စကားသံကို ကြားရသည်နှင့် တပြိုင်နက် မဆိုင်းသတ်သတ် မြင်းတင်းကုတ်သို့သွားခါ အလျား တဆယ့် ရှစ်တောင်ရှိ၍ ခွန်အားဗလနှင့် ပြည့်စုံသော ပွတ်သစ်ခရုသင်း အသွေးကဲ့သို့ ဖြူဖွေးစင်ကြယ်သော ကိုယ်အဆင်းဖြင့်၊ တဝင်း ဝင်းတောက်ပ၍ လွန်စွာအချိုးကျပြီး အလှကြီးလှသော ကဏ္ဍ ကမြင်းကို ကကြိုးတန်းဆာပြည့်စွာ ဆင်ယဉ်ပြီးသောအခါ ငါ ၏ သခင် သိဒ္ဓတ္ထအလောင်းရှင်သည် တောခွင်သို့ ထွက်တော့အံ့ ဟုသိ၍ ဝမ်းမြောက် ဝမ်းသာ ကြီးစွာသောမြည်သံကို တပြည် လုံးညံမတတ် ဟီလေ၏။ ထိုကဲ့သို့မြည်သံကို နတ်တို့၏တံခိုးအား ဖြင့် မည်သူမျှမကြားရချေ မောင်ဇံသည် ကကြိုးတန်းဆာပြည့် စုံစွာ အဆင်သင့်ရှိပြီးဖြစ်သော ကဏ္ဍကမြင်း၏ အနားမှနေ၍ အလောင်းတော်ကို ; ဝင့်မျှော်နေလေသည်၊ အလောင်းတော် မြတ် သိဒ္ဓတ္ထမင်းသားသည်၊ မယားနှင့်သားပစ်မှ ဘုရားဖြစ် မည်ဟု စိတ်ခန်တင်းကာ ယသောဒယာ အဆောင်တော် အတွင်းမှ ချေတော်ကိုယုဘ် နောက်သို့ဆုတ်တော်မူခဲ့ပြီး ကဏ္ဍက မြင်းရှိရာသို့ ရောက်၍ရောက်တော်မူလျှင် အနီး၌ရပ်ခါ အို.... ချစ်သားကဏ္ဍက ယနေ့ည မောင့်သခင်ကို စိတ်ရှင် ကိုယ်ရှင်နှင့် တောခွင်မြိုင်အောက် အရောက်အားတင်၍ ဆောင် ကျင်းပါ

မောင့်ကိုမှီ၍၊ သဗ္ဗညုတ ဘုရားဖြစ်ပြီးလျှင် လူ့နတ် ဗြဟ္မာ သတ္တဝါ ဒုက္ခိတတွေကို သံသရာဝဋ္ဋဝဋ္ဋမှ ကျွတ်လွတ်စေ ရည်မှန်း၍ ရှင်လမ်းစွာ ပြုတော့မည်ဟု သာကြည်စွာ မိန့်တော်မူလျက်၊ ကဏ္ဍကဏ္ဍိက၏ကျောထက်သို့ ခုံကျော်ခါ တက်လေသည်။

ခမည်းတော် သုဒ္ဓေါဒန မင်းကြီးသည် သားတော်၏ အကြံကို သိတော်မူ၍၊ မြို့ရိုးတံခါးကို အမှတ်မဲ့ မထွက်နိုင်အောင် ဗိုလ်ခြေတထောင် ဖွင့်မှသာ ပွင့်နိုင်သောအနေကို စီမံ၍၊ တံခါးမှူး၊ တံခါးစောင့်တို့ကို များစွာထားတော်မူလေရာ တံခါးရွက်ကြီးများမှာ နတ်တို့က ကိုင်တင်၍ ဖွင့်ထားသဖြင့် အဆင့်ဆင့်ပင် ပွင့်နေကြကုန်၏။

ကပ္ပိလဝတ္ထုပြည်မှစ၍ နတ်အပေါင်းတို့ သည်လည်း သောင်းသောင်းဖျဖျ ပူဇော်ကြကုန်၍ အလောင်းတော်နှင့်တကွ၊ တညဉ့်ချည်းဖြင့်သာလျှင် ယူဇနာ-၃၀ ဝေးသော အနော်မာ မြစ်ကမ်းသို့ရောက်အောင် ပို့ဆောင်ကြလေကုန်၏၊ ၎င်း အနော်မာမြစ်ကမ်းသို့ ရောက်လျှင် ဤမှာဘက်ကမ်းမှနေ၍ ကဏ္ဍကဏ္ဍိက မြင်းကို ခြေဖနှောင့်နှင့်ဆပ်ပြီး အမှတ် ပေးလိုက်သောအခါ ကဏ္ဍကဏ္ဍိက မြင်းသည် ရှစ်ဥသဘ ကျယ်သော အနော်မာမြစ်ကြီးကို တဟုန်တည်း ခုံလိုက်လေလျှင် မောင်ဇံ ကဏ္ဍကဏ္ဍိက သုံး ဦး သားတို့သည် တပေါင်းတည်း လိုက်ပါလျက် ရှိကြလေကုန်၏။

## မာရ်နတ်တားခြင်း။

ထိုအခါ ဝေဿဝတီ နတ်ပြည်ပိုင်စိုး၍ အမိုက်အိုး ထိပ်သီးဟုတံဆိပ်ကြီး ရပေသော မာရ်နတ်သားသည် ဘုရားအလောင်းတော်ထွက်သွား၍ ဘုရားဖြစ်မည့်အရေးကို တွေးမိတိုင်း ရင်ပူကာ၊ ရန်သူပမာ စိတ်ထားလျက်၊ သိဒ္ဓတ္ထမင်းသားကို နန်းတော်သို့ ပြန်သွားစေအံ့ဟု ကြံပြီးလျှင် ကောင်းကင်ပြင်တွင် ရပ်တန့်၍ လက်ကိုဆန့်တားခါ၊ အရှင်မင်းသား အဘယ့်ကြောင့် တောထဲသွားပြီး အစားငတ်၊ အသောက်ငတ်နှင့် မလျှောက်ပတ်သော နေခြင်းကို လွန်လွန်မင်းမင်းခြည်း အားသာရှိနေပါသနည်း၊ ဤယနေ့က ကျော်မြောက်လို့ ခုနှစ်ရက်လောက်မှာပင် စကြာရတနာကြီး ဆိုက်ရောက်လာပါလိမ့်မည်။ လူ့ဘဝ လူ့စီးစိမ်မှာ တင်းတိမ်ခြင်းမရှိအောင် အဓိပတိကောင်းတဲ့ချမ်းသာကြီးကို ရှောင်ရှားပြီး မသွားပါလေနှင့် မြင်းတော်ကို ဇက်သတ်ပြီး ရက်တပါတ်လောက်ကလေး စောင့်ရန်၊ နန်းတော်သို့ ပြန်တော်မူပါ၊ ဒိဋ္ဌကော် စည်းစိမ်ကြီး စံရပါလိမ့်မည်။ အရှင်မင်းသား ဟု တားမြစ်လေလျှင် ရွှေဘဝင် ကျောက်သွေးနှင့် ဖေါက်တွေးငဲ့ကွက် စီးစိမ်ကို မမက်ဘဲ တောထွက်တော်မူလာသော ရာဇာသိဒ္ဓတ် လောင်းတော်မြတ်သည် ခပ်ဆပ်ဆပ်နှုပ်သံဖြင့် ငါ၏ကောင်းမြတ်သော အလုပ်ကို ဝင်ရှုတ်ဖျက်ဆီးသူကား အဘယ်သူနည်းဟုမေးလေလျှင် ကျွန်ုပ်သည် တာဝတိံသာ နယ်ခရိုင်ကို အပိုင်စားသော မာရ်နတ်သားတည်းဟု ပြောကြားလေသော် အရေးအကြီးဆုံးသော ဤအချိန်မှာ စည်းစိမ်နှင့်ဖျားယောင်း၍

စကားကောင်းလိုလို နှုပ်ချိုလေသွားဖြင့် တဘက်သားအကြံပျက်အောင် နှောင့်ယှက် ဖျက်ဆီးလာသော သင်သည်ကား ယခုပင်ရှောင်ရှား၍ အမြန်ပင်ထွက်သွားပါ စကြာရတနာ ဆိုက်မည့်အကြောင်းကို ငါကောင်းကောင်း သိပြီးသား ဖြစ်ချေသည်။ မင်းစည်းစိမ်ကို တညီးညီး ထိန်တောက်သောမီးကဲ့သို့ အကြောက်ကြီး ကြောက်လှပေသည်၊ ငါသည် လောကဓါတ်တသောင်းကို ရိုက်ညှောင်းဆော်ဟီး ပဲ့တင်တီးပြီးလျှင် လူ့ထီးမကိုဋ်ရှ ဦးတိုက်ကြရာဖြစ်သော သုံးလူထွဋ်ထား ဘုရား အဖြစ်သို့ ရောက်လေအောင် အားသစ်၍ကျင့်မည် ဧကံတကယ် အမှန်ပေတည်း ဟု မိန့်တော်မူလေလျှင် မာရ်နတ်ကြီးသည်၊ ထိုအရပ်မှပင် ကွယ်ပျောက်၍ ဟယ်-နောက် တွေ့ဦးရမှာပေါ့ဟု ခပ်ပျော့ပျော့လေအေးနှင့် ကွယ်ပြေးလေတော့သည်။

နတ်အပေါင်းတို့သည် အလောင်းတော်၏ ရှေ့နောက်ဝဲယာအရပ်လေးမျက်နှာတို့တွင် ခြောက်သောင်းသော မိုးရှူးမိုးတိုင်တို့ကို ကိုယ်စီကိုင်ကာ လိုက်ပါကြကုန်၏။ အချို့သော နတ်အပေါင်းတို့ကား ပန်းအမျိုးမျိုးအခိုးအထုံ စုံလင်စွာတို့ဖြင့် တဖွဲ့ဖွဲ့ကြဲမြှောက်ခါ အမြဲနောက်ကပါကြကုန်၏။ တံခွန်ကုက္ကားမလေးဖွားတို့ဖြင့်လည်း ပူဇော်ကန်တော့ကြကုန်၏။ ဒူရိယာငါးပါးတို့ဖြင့်လည်း တခြိမ်ခြိမ့်မြည်ဟီးအောင် ခပ်တီး ပူဇော်ကြကုန်၏။

\+ × +

## ဆံတော်ပါယ်၍-ရဟန်းပြုတော်မူခဏ်း။

အလောင်းတော်သိဒ္ဓတ္ထမင်းသည် အနော်မာမြစ်၏ ဟိုမှာဘက်ကမ်းသို့ရောက်လျှင် ကဏ္ဍိကမြင်း၏ ကျောပေါ်မှဆင်းပြီးသော်

ပုလဲဥနှင့်တူသော သဲစုသောင်ယံ၌ ရပ်တော်မူခါ ငယ်ကျွန်တော် မောင်ဇံ ပါ၊ အဝတ်တန်းဆာ များနှင့်တကွ ကဏ္ဍကမြင်းကိုပါယူခါ ကပ္ပိလဝတ်ပြည်တော်သို့ ပြန်ပေတော့၊ ငါသည်ကား ဤအနော်မာသောင်ကမ်း၌ ရဟန်းပြုတော့မည်ဟု မိန့်တော်မူပြီးလျှင် မောင်ဇံသည် သုံးကြိမ်တိုင်တိုင် ရဟန်းပြုရန်တောင်းပန်ပါသော်လည်း ခွင့်မပေးသောကြောင့် ရဲတင်းစွာ မပြောဝံ့သဖြင့် ကဏ္ဍကမြင်းကို ယူဆောင်၍၊ ကပ္ပိလဝတ်ပြည်သို့ ပြန်လေ၏။ ထိုအခါ ကဏ္ဍကမြင်းသည် အလောင်းတော်အား ကြည်ညိုလေးစားစွာ အစဉ်ကြည့်မြင် ဖူးတွေ့လိုသောစိတ် ပြင်းပြသဖြင့် ခရီးအကွေ့ ရောက်သော် အလောင်းတော်အား ပျောက်ကွယ်သော နေရာမှာပင် ခန္ဓာကြွေ၍ စုတေသောအခါ တာဝတိံသာ နတ်ပြည်၌ ကဏ္ဍကနတ်သား ဖြစ်လေသည်။

အလောင်းတော်သည် ရဟန်းတို့အား မလျှောက်ပတ်သော ဆံပင်တို့ကို ပါယ်အံ့ဟု မယ်ယသော် ထုံးနှောင်သော ဥသျှောင်တော် ဦးစွန်းကို လက်ဝဲလက်ဖြင့်ကိုင်၍ မြမြထက်သော သံလျက်ကို လက်ျာလက်ဖြင့် ကိုင်ကာ၊ တခါတည်း ဖြတ်လိုက်ပြီးလျှင် ဆံတော်များကို ကိုင်၍ ငါသည် ဘုရားစင်စစ် ဖော်ဖြစ်အံ့၊ ငါ၏ ဆံပင်တို့သည် ကောင်းကင်၌ တည်စေသတည်း။ အကယ်၍ကား ဘုရားမဖြစ်ချေအံ့၊ မြေ၌ ကျစေသတည်းဟု အဓိဋ္ဌာန်ပြု၍ ကောင်းကင်ယံသို့ ပစ်မြှောက်လိုက်လေသော် ဆံတော်များသည် တယူဇနာထက်၌ တည်နေလေသတည်း။

ထိုသို့ အလောင်းတော်၏ ဥသျှောင်ဆံပင်တို့သည် ကောင်းကင်ယံ၌ ရပ်တည်လပ်သော် သိကြားမင်းကြီးသည် တယူဇနာ

ရှိသော ရတနာပန်းတောင်းဖြင့် ကောင်းစွာ ပင့်ယူပြီးလျှင် တာဝတိံသာ နတ်ပြည်၌ သုံးယူဇနာ ဉာဏ်တော်ရှိသော စူဠာမဏိ စေတီတော်ကို တည်ထားသဖြင့် နတ်အများတို့သည် ညွှတ်တွားကိုးကွယ် ကြရလေသည်။

\+ \+ ×

## ခုနှစ်ရက်ပတ်လုံး တည်ငြိမ်စွာနေခြင်း။

တောထွက် တော်မူသောည၌ မိုးသောက်၍ အလင်းသို့ ရောက်လေလျှင် ရဟန်းပြုပြီးသောအခါ ဤအနော်မာသောင်ယံတွင် မလ္လာမင်းတို့၏နေရာ အနုပိယ ဉယျာဉ်မှာပင်အစာအဟာရကို မမှီဝဲဘဲ ခုနစ်ရက်ပတ်လုံး ရွှင်ပြုံးကြည်စွာ ရဟန်းတို့၏ သမဏသုခချမ်းသာကို ခံစားတော်မူ၍ နေလေသည်။

\+ \+ \+

## အလောင်းတော်မြတ် ဆွမ်းခံကြွတော်မူခန်း။

အလောင်းတော်သည် တဖန် ဝါသိုလပြည့် ရှစ်ရက်နေ့နံက် ရောက်မှသာလျှင် ရဟန်းတော်တို့၏ ကျင့်ဝတ်ကို မချွတ်စေမူ၍ ဖန်ရည်စွန်းသော သင်္ကန်းကို ဆင်မြန်း တော် ရုံ တော် မူခါ၊ အသားရောင် သင်္ကန်းအရိပ်နှင့် တလျှပ်လျှပ်တဖိတ်ဖိတ် တရိတ်ရိတ် ရှုမခန်းအောင် တောတန်းခရီးမှ ကြွမြန်းတော်မူရာ ယူဇနာသုံးဆယ်ဝေးကွာသော ရာဇဂြိုဟ်ပြည်သို့ ရောက်တော်မူ၍ မင်္ဂလာရှိသော အရှေ့တံခါးမှတရွေ့ရွေ့ ကြွသွားကာ ဆွမ်းခံတော်မူရှာလေသည်။ ထိုအခါ ရာဇဂြိုဟ်ပြည်သူပြည်သား အပေါင်းတို့သည် ရှုမငြီးအောင် တင့်တယ်၍ အံ့သြဘွယ် သော ရုပ်ဆင်းအင်္ဂါ လက္ခဏာတို့နှင့်ပြည့်စုံ၍ လူသားမက နတ်တမျှသို့

လှပသော အသွေးအရောင်ရှိပေသည်၊ အမျိုးအမည်ကိုကား လူ့ နတ်၊ နဂါး၊ သိကြား၊ ဗြဟ္မာတို့တွင် ထူးခြားသော အသွင်ကြောင့် မထင်တတ်အောင် ရှိနေကြသဖြင့် ရာဇဂြိုဟ်ပြည့်ရှင် ဘုရင်ဗိမ္ဗိသာရမင်းကြီး၏ ထံရင်းခစား မှူးမတ်ကြီးများနှင့် မင်းချင်း ယောကျ်ား တို့သည်၊ ဘုရင့်ထံ သို့သွား ကြ၍ အရှင်မင်းမြတ် သမုဒ္ဒိနတ် လူ့ ရပ် သို့ယခု လာ၍ ဥပမာသွင်း မပြနိုင်အောင် အဆင်းလှသော သူတယောက် ဤမြို့တွင်းသို့ ဆွမ်းခံရောက်နေပါသည်ဟု အရေးတကြီး သုတ်သီးသုတ်ပြာ သံတော်ဦးတင်ကြသောအခါ ဘုရင်ကြီးကလည်း နန်းတော်ဦးက မျှော်ဖူးရင်း လွန်စွာကြည်ညိုလှ၍ ၎င်းသူကို အစမပြောက်အောင် စုံထောက်ကြဟု မိန့်ဟာမြွက်ကြား တော်မူလေ၏။

အလောင်းတော်သည် ဤမျှသောအဟာရဖြင့်၊ ဝလောက်ပြီဟု မျှော်ထောက် စဉ်းစားတော်မူပြီးလျှင် ဝင်သော တံခါးဖြင့်၊ ပြန်ထွက်၍ ပဏ္ဍဝ တောင်ရိပ်တွင်ထိုင်ခါ ဆွမ်းဘုဉ်းပေးတော်မူအံ့ဟု သပိတ်တော်ကို ဖွင့်လိုက်သောအခါ၊ လူး-ဆပ်-ပဲ-ပြောင်း စုပေါင်းရောရာ ဘောဇဉ်အဟာရကို မြင်လိုက်လေလျှင် မမွှေ့ ရှင်နိုင် အားနွဲ့ ချိနွဲ့ မပြုံးနိုင် မရယ်နိုင် ညှိုးမှိုင်ကာ သွားလေ၏။ ထိုအခါ အလောင်းတော်သည်၊ မိမိကိုယ်ကို တရားပြလျှက် အမောင် သိဒ္ဓတ် တောင်ရိပ်တောရပ်သို့ ချဉ်းကပ်၍ လာခြင်းမှာ ဟင်းလျာ အဖျော်ကောင်းနှင့် အကျော်ပေါင်းအရပ်ရပ် အနှပ်မျိုးအဖုံဖုံ အသုတ်အမျိုးမျိုးစုံကို မရိုးမကုန်အောင် စားချင်၍ လာလေသလော ဟု စိတ်သဘော အလိုလိုက်ပြီး အချိုအချဉ် အဆိမ့် အအီဘွေ့ မမက်သေးဘဲ အသက်ကလေး မျှတအောင်

ဒါကိုပင် ဝဝကြီး စားပါတော့ဟု တရားနှင့် ဖြေလျော့ပြီးလျှင် ခွဲပျော့နေသောစိတ်ကို တဟုန်တည်းပြောင်းလျှက် ကောင်း, မကောင်း မရွေးချယ်တော့ဘဲ နယ်ဖတ်ခါ၊ ဘုဉ်းပေးတော်မူ၏။

**အမှာ။** ဘုရား အလောင်း တော်သည် ဤ ရာဇဂြိုဟ် ပြည်မှ ဆွမ်းကို ဘုဉ်းပေးတော်မူရာ၊ ရဟန်း ဖြစ်သောနေ့မှ ရှစ်ရက်မြောက်တွင် လက်ဦးအစ ပထမ ဘုဉ်းပေးတော်မူခြင်း ပေတည်း။

x x x

## ရသေ့နှစ်ဦးထံ ချဉ်းကပ်သမာပတ် နှီးနှော ခြင်း။

ဘုရားအလောင်းတော်သည် ဆွမ်းဘုဉ်းပေးတော်မူပြီးလျှင် ခရီးအစဉ်အတိုင်း ကြွသွားတော်မူသောအခါ အာဠာရ ရသေ့ ထံသို့ ရောက်၍၊ သမာပါတ် ရှစ်တန်ကို အစက်အမှန် ရအောင် နှီးနှောတော်မူသောအခါ၊ သမာပါတ်၏ ပရိကံကို ၎င်းရသေ့ အသိဉာဏ် မရောက်သဖြင့် ထိုမှတဆောက် ကြွတွားလျှင် ဥဒက ရသေ့ထံမှောက်သို့ ရောက်လေ၏။ ၎င်းရသေ့ထံ ရောက်မှသာ လျှင် သမာပါတ်ရှစ်ပါး ပြည့်စုံလေသည်။

ထိုအရပ်မှ ဖဲခွာ၍သွားလေသော် ဖွားဘက်တော်ဖြစ်သော မဟာဗောဓိပင်၏ ပေါက်တော်မူရာ၊ ဥရုဝေဠ တောသို့ ချော မောစွာ ရောက်တော်မူလေလျှင် ဤနေရာ ဤဌာန ကား- သပ္ပါယ သင့်လျော် တရားနှင့်ချင့်မြော်သည့် သူတော်စဉ် သူမြတ် လောင်းတို့၏ ခိုအောင်းစရာ ကောင်းသော အရပ်၊ လျောက် ပတ်ပေစွတကားဟု စိတ်အားတော် တဆင့်ပြောင်း၍ အကျင့် ကောင်းဓမ္မတာ ဒုက္ကရစရိယာကို ခြိုးခြံစွာ ကျင့်တော်မူလေ၏။

## ပဉ္စဝဂ္ဂီများ ခစားလုပ်ကျွေးခြင်း။

ဘုရားအလောင်းတော် မွေးဖွားစဉ်၊ လက္ခဏာဘတ်ကြသော ပညာတတ် ပုဏ္ဏားတော် ခုနစ်ဦးတို့တွင် အငယ်ဆုံးဖြစ်သော ကောဏ္ဍည ပုဏ္ဏားသည် အလောင်းတော်မင်းသား တောထွက်တော်မူသွားပြီ ဟူသော သတင်းစကားကို ကြားရသော နေ့မှာပင်၊ သူငယ်ချင်းဖြစ်ကြသော ဝပ္ပ၊ ဘဒ္ဒိယ၊ မဟာနာမ်၊ အဿဇိတို့ကို အဖေါ်ညှိတိုင်ပင်လျက် ကမ္မဋ္ဌာန်းဘာဝနာ လေ့လာကြရန်၊ ဘုရားအလောင်းတော်သို့ အတူလိုက်၍ ရဟန်းပြုကြကုန်ပြီးလျှင် ၎င်းသူငယ်ချင်း ငါးယောက်စု ပဉ္စဝဂ္ဂီတို့သည် ထိုထို၌ဤ ဆွမ်းခံလှည့်လည်သောအခါ ဘုရားအလောင်းတော်ကို တွေ့မြင်၍၊ မွေ့ ရှင်ဘွယ်ကောင်းလှသော တောစောင်းမိုင်ခွင် ဥရုဝေဠ အရပ်၌ပင် အလောင်းတော်ကို ဆည်းကပ်လုပ်ကျွေးကြလျက်၊ ယခုမကြာခင် ဘုရားအရှင် ဖြစ်လတံ့ဟု အလောင်း တော် အပေါ်၌ မျှော်လင့်၍ တော်သင့်အောင် လုပ်ကျွေးနေလေ၏။

X X X

## ဒုက္ကရစရိယာ ခြောက်နှစ်ကြာမျှ ကျင့်တော်မူရပုံ။

အလောင်းမြတ်သည်၊ လူသာမန်တို့ ကျင့်နိုင်ဘို ဝေးရှိကြံတွေး ယုံမျှနှင့် ကြက်သီးထလောက်အောင် ကြောက်မက်ဖွယ် ကောင်းသော ဒုက္ကရစရိယာကို ခြောက်နှစ်မျှ ကြာအောင်ပင် ဝစီကံ ဝဋ်ကြွေးကြောင့် မပြေးသာ မလွတ်သာ ကျင့်တော်မူရရှာသည်။

**အမှာ။** ဇောတိပါလ ပုဏ္ဏား ဖြစ်စဉ်အခါ ကဿပ ရှင်တော်ဘုရားအား ပြစ်မှား ပြောဆိုကဲ့ဘူးသည့် ဝစီကံဝဋ်ကြွေးကြောင့် ဖြစ်ရလေသည်။

ကျင့်တော်မူသည်မှာ အလောင်းတော်သည် သေနနိဂုံးသို့ ရွှင်ပြုံးစွာဆွမ်းခံကြွ၍ ဘုန်းပေးသုံးဆောင်၍လေလျှင်ငါ့အား ဆွမ်းအဟာရဖြင့် မျှတနေပါက အဘယ်မှာလျှင် သဗ္ဗညုတဉာဏ်ကို ရပါမည်နည်းဟု ထန်သီးသောစိတ်ဖြင့် ကြံတော်မူခါ အလိုလို ကြွေကျသော ဃစ်သီးဖြင့်သာ မျှတတော်မူရှာ၏။

ထိုမှတဖန် ငါနေသော သစ်ပင်အောက်မှ အလိုအလျောက် လေ့ခ၍၊ ကြွေကျသော သစ်သီးဖြင့်သာ မျှတ သုံးဆောင်အံ့ဟု လျှော်အောင် ကျင့်တော်မူလေ၏၊ ဤမျှလောက် သစ်သီးအဟာရကိုသာ စားသုံးတော်မူလျှက် ကာလမြင့်ရှည် ကျင့်တော်မူလတ်သည်ရှိသော် သုံးဆယ့်နှစ်ပါးသောသက္ခဏာတော်ကြီး၊ ရှစ်ဆယ်သောလက္ခဏာတော်ငယ်တို့သည်ပျောက်ကွယ်ခဲ့ရုံမကအဒးရိုးပေါ်တွင်အရေခြုံ၍၊ မသေရုံမျှရှိတော်မူလေသည်၊ အလောင်းတော်၏ကိုယ်၌ ဇမ္ဗူရာဇ် ရွှေရောင်အဆင်းကဲ့သို့ တဝင်းဝင်း တင့်တယ်သော ကြက်သရေရောင်သည် မီးသွေးတောင်တွင် မိုးမှောင်ကြသကဲ့သို့ မြည်းညစ်သောဘဝသို့ ပြောင်းတော်မူ၍၊ အသားအသွေးတို့သည်လည်း အားသေးခမ်းခြောက်ခါ၊ စမ်းပေါက်ပိတ်သောရေတွင်း၊ နေညှင်းသော ပန်းစပွါယ်လို နွမ်းနယ်တော်မူလှကုန်၏၊ ကျောရိုးတို့သည်ကား အဆစ်အဆစ်နှင့်အထစ်အထစ်ဖြစ်ပြီး လျှင်၊ နံရိုးတို့မှာမူကား အမိုးပျက်သော အိမ်အချင်ကဲ့သို့ အချောင်း အချောင်း မြင်ရပြီးသော် ဝမ်းရေသည်ကား ကျောရိုး၌ ကပ်မှီကာ ရပ်တည်၍ မနေနိုင်အောင် ခွေရိုင်ရိနွမ်း အပန်းကြီးပန်းလျှက် အကျောအမြင့်တို့သည်လည်း လက်ဘော်နှင့် သုံးသပ်လိုက်ပါက လက်တွင်း၌ ငြိကပ်၍ ပါလာကုန်တော့၏။

ယင်းသို့ ကိုယ်တော် ညှိုးနွမ်း အားတော်ခမ်းအောင် အစွမ်းကုန် ကျင့်တော်မူရာ ခြောက်နှစ်မျှ ကြာသော်လည်း သဗ္ဗညုတဉာဏ်တော်သည် အရိပ်အရောင်မျှ မပေါ်ဘဲ နေရှာလေ၏။

ထိုအခါ၊ ဤမျှလောက် ကျင့်၍မှ ဘုရားမဖြစ်နိုင် တည်ခိုင်သော သမာဓိ စျာန်ကိုလည်းမရသဖြင့်ငါ၏ ခန္ဓာကိုယ်ကို အဟာရ မှီဝဲ၍ တည်မြဲခိုင်ခန့်စေပြီးမှသာလျှင် သမာဓိ–စျာန်ကို ရနိုင်ချေတော့မည်ဟုကြံစည်စဉ်းစားမိသည့်အားလျော်စွာသဉ္စိကာရ ပြမ္မာမင်းဆက်ကပ်လိုက်သော သပိတ်တော်ကိုယူပြီး သေနနိဂုံး၌ဆွမ်းခံတော်မူ၍ရသမျှသောအဟာရကိုမျှတအောင်မှီဝဲ လေလျှင် အလှောင်းတော်၏ရုပ်အဆင်းသည် တဝင်းဝင်းထိန်ကြည်လာ၍ စိန်စီကာထားသော ပတ္တမြား လုံးကဲ့သို့ ရှုမဆုံးနိုင် ဘွယ် တင့်တယ်တော်မူလာရုံမက သုံးဆယ့်နှစ်ပါးသော ယောကျ်ားမြတ်တို့၏လက္ခဏာတော်ကြီးတို့သည် ထင်ရှားစွာ ဖြစ်ပေါ်လာကုန်၏။

\+ × ×

## ပဥ္စဝဂ္ဂီငါးဦးတို့ စွန့်ခွါသွားပုံ။

ထိုအခါပဥ္စဝဂ္ဂီငါးပါးတို့ကား ဤဂေါတမ ရဟန်းသည်၊ လောကစခမ်းကိုလွန်မြောက်၍၊ ဘုရားအဖြစ်သို့ ရောက်မလားဟု ငန့်စားမျှော်လင့်ကာ နေကြပါသော်လည်း ရှေးကနှင့်မတူ အမူချို့ယွင်းလျှက်၊ ထမင်းဟင်းကိုစားနေချေပြီအစာမစားဘဲလုလ္လ အားသီးထံ၍ ကျင့်ကြံခဲ့စဉ်သော်မှ ဘုရားအဖြစ် မနီးနိုင်သော သူမှာ လုလ္လကိုလျှော့ စိတ်အားပြော့စွာကျင့်နေပါလျှင် ဘယ်မှာ

ဘုရားဖြစ်နိုင်ပါတော့အံ့နည်း၊ ဤရဟန်းကား လာတ်ပေါများခြင်းကိုသာ မျှော်လင့်၍ ကမ္မဋ္ဌာန်း အကျင့်မှထွက်သော ကမ္မဋ္ဌာန်းလူထွက်ကြီး ပေတကားဟု ကဲ့ရဲ့စကား ပြောကြားကြပြီးလျှင်အလောင်းတော်ကိုပါယ်ခွာ၍ တဆယ့်ရှစ်ယူဇနာဝေးသော ဗာရာဏသီပြည်အနီး မိဂဒါဝုံတောကြီးသို့ သွားရောက်နေထိုင်ကြလေကုန်၏။

\+ × +

## အလောင်းတော်မြတ် ငါးရပ်သော အိပ်မက်။

အလောင်းတော်မြတ် ဗောဓိသတ်သည် ကျင့်အပ်သော ဒုက္ကရစရိယာကို ခြောက်နှစ်ကြာအောင် ကျင့်တော်မူပြီးသော ဝင်း ကဆုံလပြည့်နေ့ မိုးသောက်လတ်သောညဉ့် လင်းအားကြီး အခါဝယ် ဘုရားဖြစ်ခြင်း၏ အကြောင်း ပုဗ္ဗနိမိတ် အိပ်မက် ငါးပါးကို မြင်မက်တော်မူလေ၏။

ကောင်းမြတ်သော မြင်မက် ကား—

၁။ ဤကမ္ဘာမြေကြီးသည် မိမာန်နှင့်အတူ အိပ်ရာသင်ဖြူး ဖြစ်၍ ဟိမဝန္တာတောင်လုံးကား ခေါင်းအုံးကြီးဖြစ်ပြီးလျှင် အရှေ့သမုဒ္ဒရာ၌ လက်ဝဲလက်ကိုထား၍ အနောက်သမုဒ္ဒရာကား လက်ျာလက်ကိုထားခါတောင်သမုဒ္ဒရာ၌ ခြေနှစ်ဘက်ကို ထားလျက် အိပ်ရသည် ဟု မြင်မက်ခြင်း တချက်။

၂။ အလောင်းတော်၏ ချက်မှ လှည်းဝင်ရိုးသံအညီ သန္တာနီ အဆင်းရှိသော တိရိယာ မြက်မျိုးသည် ပေါက်၍ အထက်ဘဝဂ်တိုင် ရောက်သည်ဟု မြင်မက်ခြင်းလည်း တချက်။

၃။ ဥက္ကောင်း မြည်းနက်သော ပိုးလောက်တို့သည် ခြေဖဝါး မှတက်၍၊ အထက်ပုဆစ် ဒူးဝန်းတိုင်အောင် ဖုံးလွှမ်းကုန် ၏ဟု မြင်မက်သည်လည်း တချက်။

၄။ ထူးထွေသော အဆင်းဖြင့် ဝင်းဝင်းထိန်လက် လေးမျိုး သော ငှက်တို့သည် အရပ်လေးမျက်နှာမှ လာကုန်၍၊ အလောင်းတော်၏ ခြေတော်ရင်းသို့ ဝတ်စင်းရောက်လာ ကုန်သည်ရှိသော် အားလုံးသော ငှက်ဟူသမျှမှာ ဖြူဆွ သော အတောင်နှင့် အဖြူရောင်ခြည်း ဖြစ်ကြကုန်၏ ဟု မြင်မက်သည်လည်း တချက်။

၅။ မစင်တောင်ကြီး အပြင်တွင် မစင်ဖြင့် မလိမ်းကြံဘဲ စင်္ကြံ ကြွသွားတော်မူရသည်ဟု မြင်မက်သည်လည်း တချက်။

ယင်းအိပ်မက်ငါးချက်ကို ကိုယ်တော်တိုင် အဓိပ္ပါယ်ကောက် ယူသောအခါ ငါသည် မုချမချွတ် အထွဋ်ရှသရဖူ ဆောင်းတော်မူ ရသော လောကထွဋ်ထား ဘုရားဖြစ်ပေလတံ့ ဟု မဆန့်အောင် ဝမ်းသာ၍ လွန်စွာအားတက်တော် မူလေ၏။

\+ \+ \+

## သူဌေးသမီး သုဇာတာ ဆုတောင်းခက်း။

ဥရုဝေဠ တောကြီးအနီး သေနနိဂုံး၌ သေနာနိ အမည်ရှိ သောသူဌေးကြီးတဦးသည် ရုပ်ဆင်းအင်္ဂါလက္ခဏာနှင့် တင့်တယ်သော သုဇာတာသမီးတယောက် ရှိလေသည်၊ ၎င်း သူဌေး သမီး သုဇာတာသည် ညောင်ပင်တပင်သို့ သွား၍ စိတ်အားကောင်းကောင်းနှင့် ဆုတောင်းသည်မှာ အရှင်ရုက္ခစိုးမင်း ကျွန်တော်မသည်၊ အမျိုးဇာတ်တူသော လင်သယ်ယောကျ်ားအိမ်သို့ လိုက်ပါ၍၊ လက်ဦးစွာ သားယောကျ်ားကလေးကို ဖွားမြင်ပါလျှင် အရှင်ရုက္ခစိုးမင်းအား နှစ်စဉ်-နှစ်တိုင်း တသိန်းထိုက်သော ပလိနတ်စာဖြင့် ပသ, ပူဇော်ပါမည်။ အရှင်ရုက္ခစိုးမင်း သည်လည်း ကျွန်တော်မ၏ဆုတောင်းကို ပြည့်ဝစေကြောင်း ကောင်းစွာ ပင့်ထောက်၍၊ စောင့်ရှောက်တော်မူပါဟု ဆုတောင်းလေသည်။

သူဌေးသမီး သုဇာတာသည် မိမိဆုတောင်းလာသောအတိုင်း အချိန်အရွယ် ရောက်သောအခါ မိမိနှင့် အမျိုးအရိုးတူမျှသော လင်သားနောက်သို့ လိုက်ပါရသည်ဖြစ်၍ ရတနာသားစဉ်ကို လက်ဦးစွာ ဖွားမြင်လေလျှင် ဆုတောင်းသောအချက် နှစ်ရပ်မှာ အဆက်မပြတ်ပြည့်စုံ၍ ညောင်ပင်ကို ပိုင်စိုးသောရုက္ခစိုး၏ တံခိုးတေဇော် အာနုဘော်ကြောင့်သာ ဖြစ်ပေသည်ဟု ယုံကြည် ဝမ်းမြောက်စွာ ပဋိညာဉ်ဝန်ခံထားသောအတိုင်း နို့ဃနာ ဆွမ်းကို လှူဒါန်းပသ,ရန် စီမံလေသည်။

# သုဇာတာ ဃနာနို့ဆွမ်း ကပ်လှူခြင်း။

နို့ဃနာကို စီမံပုံကား–

နို့စားနွားမ တထောင်ကို နွယ်ချိုတော၌ လွှတ်ကျေး၍၊ ရသမျှသော နို့ရည်ကို အကုန်ညှစ်ယူပြီးလျှင် နွားမငါးရာကို တိုက်လေ၏။ ၎င်းနွားမငါးရာကို နွယ်ချိုတောသို့ လွှတ်ကျေး၍ ရသမျှသော နို့ရည်ကို အကုန်ညှစ်ယူပြီးလျှင် နွားမ နှစ်ရာငါးဆယ်ကို တိုက်လေ၏။ ၎င်းနွားမ နှစ်ရာငါးဆယ်ကို နွယ်ချိုတောသို့ လွှတ်ကျေး၍ရသမျှသော နို့ရည်ကို အကုန်ညှစ်ယူပြီး နွားမ တရာနှစ်ဆယ့်ငါးကောင်ကို တိုက်လေ၏။ ဤသို့သောနည်းဖြင့် ပြုလုပ်လေလျှင် ရှစ်ကောင်ကျန်သောအခါ ၎င်းနွားမရှစ်ကောင်မှ ရသမျှသော နို့ကို ညှစ်ယူလေ၏။ နွားနို့တို့မှာ လွန်စွာ ပြစ်နှစ်၍ ချိုမြိန်သောသြဇာနှင့် အရသာထူးကုန်သည်။ ၎င်းနွားနို့တို့ဖြင့် သက္ကရာဇ်(၁၀၃)ခုနှစ် ကဆုံလပြည့်နေ့ နံနက်စောစော ထ၍ သဘောကြ စီမံပြီးလျှင် ညောင်ပင်စောင့် နတ်မင်းအား ပူဇော်ပသ သက္ကာရပြုမည်ဟု ကြံစီကာ အိုးသစ်၌ထည့်ပြီးသော် မိမိလက်ဖြင့် ကိုယ်တိုင်ပင် မီးမွှေး၍ နို့ဃနာကို ကိုယ်တိုင်ချက်လေ၏။

နို့ဃနာဆွမ်းကို ဝမ်းပန်းတသာ ချက်သောခါဝယ် မဟာ ဗြဟ္မာကြီးသည် တဆယ့်နှစ်ယူဇနာရှိသော ထီးဖြူကိုဆောင်း၍၊ သဒ္ဒါ ကောင်းသော သိကြားမင်းကလည်း ထင်းစကိုကိုင်ကာ မီးကို တောက်စေ၏။ စတုမဟာရာဇ် နတ်မင်းကြီးလေးယောက်

တို့သည် ဖိုခနောက်အနီး၌ စောင့်ကြကုန်၏။ နတ်အပေါင်းတို့သည်လည်း နှစ်ထောင်းဝမ်းသာ နတ်သြဇာကို ထည့်ကြကုန်၏။

**မှတ်ချက်။** ဘုရားဖြစ်တော်မူသောနေ့နှင့် ပရိနိဗ္ဗာန်စံဝင်တော်မူသောနေ့၌ နတ်သြဇာကို ချက်သောအိုး၌ ထည့်ကြကုန်၏။

အလောင်းတော်သည် အိပ်မက်ငါးရပ်ကို နိမိတ်ဖတ်ပြီးလျှင် ဒုက္ကရစရိယာ ကျင့်တော်မူရာ ကျောင်းသင်္ကန်းမှ ကြွလာ၍၊ ဆွမ်းအစာကို ဆိုင်းငံ့တော်မူလျက် တခုသော ညောင်ပင်ရင်း၌ အရှေ့ဘက်သို့ မျက်နှာပြုခါ ထက်ဝယ်ဖွဲ့ခွေ နေတော်မူလေ၏၊ အကိုင်းအခက်တို့သည် ငလက်လက် တဝင်းဝင်း ရှုမျှော်ခင်းသာယာ၍ ရတနာအစုံသီးသော သစ်ပင်ကြီးကဲ့သို့ ရှုမငြီးအောင် တင့်တယ်လေ၏။

သူဌေးသမီးသုဇာတာသည်နို့ဃနာကိုချက်ပြုတ်ဘို့အရေးကိစ္စ ပြီးလတ်သော် နို့ထိမ်းဖြစ်သော ကျွန်မ, မယ်ပုဏ္ဏာနှင့် အဘိုးတသိန်းတန်သော ရွှေခွက်၌ နို့ဃနာကိုထည့်၍ အဖုံးဖြင့်အုပ်ခါ ခပ်သုတ်သုတ် လာကြလေသည်။

ထိုအခါ ခက်ကိုင်းဝေဆာ ပဒေသာလိုစိပင်သည့် ညောင်ပင်ကြီးအောက်တွင် အလောင်းတော်ကို မြင်လေသော် ရုက္ခစိုးနတ်အစစ်ဘဲဟု စိတ်ထဲ၌ထင်မှတ်ပြီး ရွှေခွက်နှင့်တကွသော နို့ဃနာဆွမ်းကို လှူဒါန်းလိုက်လေသည်၊ အလောင်းတော်သည်လည်း တုံဏှိဘာဝေ ဆိတ်ဆိတ်နေကာ ဆက်ကပ်သော နို့ဃနာကို

နှစ်မြို့စွာ အလှူခံသော် သူဌေးသို့မီး သုဇာတာက အရှင် ရဟန္တာမီး မင်း ကျွန်တော်မတောင့်တသော ဆန္ဒအာသာလည်း ပြည့်စုံပါ ပြီ၊ ကျွန်တော်မပြည့်စုံသကဲ့သို့ အရှင်နတ်မင်းတို့မှာလည်း တောင့် တခြင်းဟူသမျှ ပြည့်ဝပါစေသားဟု စကားနှုတ်ချီ မြွက်ဆိုပြီး ရှစ်ခိုး၍ ထွက်သွားကြလေသည်။

× × +

## အလောင်းတော်မြတ် နို့ဃနာ ဘုဉ်းပေးခြင်း။

သူဌေးသို့မီးသုဇာတာသည် သဒ္ဒါခါတ်ဖြူလျှန်းစွာဖြင့်လှူဒါန်း လိုက်သော နို့ဃနာဆွမ်းကို အလောင်းတကာတို့၏ အစဉ် အဆက် သက်ဆင်းရေချိုးရာဖြစ်သော နေရဉ္ဇရာမြစ် သုပ္ပတိဋ္ဌိတ ဆိပ်ကမ်းသို့ ကြွသွား၍ ကမ်းနားတွင် နို့ဃနာ ရွှေခွက်ကိုထား လျက် ရေချိုးတော်မူပြီးသောအခါ၊ အရှေ့မျက်နှာသို့ ရှေ့ရှု ထိုင်၍ တစေ့သီးသီးသောထန်းသီးမှည့်ခန့်ရှိ၍ ဆွမ်းလုပ်ကို လေး ဆယ့်ကိုးလုပ်ပြုခါ၊ ရေမပါသောနို့ဃနာကိုအားလုံးကုန်အောင် ဘုဉ်းပေးတော်မူလေ၏။

× + +

## အလောင်းတော်မြတ် ရွှေခွက်မျှောခက်း။

နို့ဃနာကို ဘုဉ်းပေးပြီးသော် အဘိုးတသိန်းထိုက်သော ရွှေ ခွက်ကိုကိုင်ကာ နေရဉ္ဇရာမြစ်ကမ်း၌ရပ်၍ ငါသည် ဘုရားစင်စစ် ကေံဖြစ်အံ့ ဤရွှေခွက်သည် ရေညာဘက်သို့ ဆန်တက်စေသတည်း ဘုရားဖြစ်ခြင်းငှါ မထိုက်သည်ဖြစ်အံ့ ရေသာဘက်သို့ မြော၍

ပေါလောပေါ်စေသတည်းဟု အဓိဋ္ဌာန် ပြုတော်မူလျက် ရွှေခွက်ကိုမျှောလိုက်သောအခါ၊ ရွှေခွက်ကြီးသည် ရေစီးအယဉ်ကိုဖြတ်၍ မြစ်လယ်သို့သွားခါ လျင်မြန်စွာ အဟုန်ရှိသော သိန္ဓောမြင်းပမာ ရွှေဟင်္သာသဘွယ် အတောင်ရှစ်ဆယ်လောက်မျှ ရေညာသို့ဆံတက်၍ တခုသောဝဲ၌မြုပ်ခါ ကာလနဂါးမင်း၏ နေရာအရပ်သို့သွား၍ ဤကမ္ဘာတွင် ပွင့်တော်မူကြပြီးသော ကောက္ကသံဂေါဏဂုံ၊ ကဿပဘုရား သုံးဆူတို့၏ ရွှေခွက်များကို ထိပါးလျက် ထိုရွှေခွက်သုံးလုံး၏ အောက်၌ အစဉ်အတိုင်း လေးခုမြောက်ဖြစ်၍ မည်လေသည်။

\+ × +

## မြက်ထမ်းသမား သောတ္ထိယ အလောင်းတော်ကို မြက်ရှစ်ဆုပ် လှူခကာ်း။

ဘုရားအလောင်းသည် ကိုယ်တော်မြတ်၏ အဓိဋ္ဌာန် ချက်ပြည့်စုံသောကြောင့် လွန်စွာဝမ်းမြောက်လှသည်ဖြစ်၍ နေရဉ္စရာမြစ်ကမ်း၌ ပင်လုံးကျွတ်ပွင့်သော အင်ကြင်းတောတွင် နေ့ သန့်စဉ်တော်မူကာ အဘိဉာဏ်ငါးရပ် သမာပတ်ရှစ်ထွေကို အခါခါဖြစ်စေတော်မူ၏။

\+ + +

## ရေသုံးသပ်၍ ခရီးကြွတော်မူခြင်း။

ညနေချမ်းအခါ၌ ဒေဝဒေဝါ နတ်များစွာတို့သည် ဆင်ယင်ပြုပြင်တန်ဆာဆင်သည့် ရှစ်ဥဿဖရှိသော ခရီးလမ်းဝယ် ခြင်္သေ့မင်း၏ တင့်တယ်စံပယ်ခြင်းကဲ့သို့ ကြွသွားတော်မူခါ နေရဉ္စရာ

နှစ်မြို့စွာ အလှူခံသော် သူဌေးသူ့မီး သုဇာတာက အရှင် ရဟန်းဓိုး မင်း ကျွန်တော်မတောင့်တသော ဆန္ဒအာသာလည်း ပြည့်စုံပါပြီ၊ ကျွန်တော်မပြည့်စုံသကဲ့သို့ အရှင်နတ်မင်းတို့မှာလည်း တောင့်တခြင်းဟူသမျှ ပြည့်ဝပါစေသားဟု စကားနှုတ်ချို မြွက်ဆိုပြီး ရှစ်ခိုး၍ ထွက်သွားကြလေသည်။

× × +

## အလောင်းတော်မြတ် နို့ဃနာ ဘုဥ်းပေးခြင်း။

သူဌေးသူ့မီးသုဇာတာသည် သဒ္ဒါဓါတ်ပြုလျှန်းစွာဖြင့်လှူဒါန်းလိုက်သော နို့ဃနာဆွမ်းကို အလောင်းတကာတို့၏ အစဉ်အဆက် သက်ဆင်းရေချိုးရာဖြစ်သော နေရဥ္စရာမြစ် သုပ္ပတိဋ္ဌိတဆိပ်ကမ်းသို့ ကြွသွား၍ ကမ်းနားတွင် နို့ဃနာ ရွှေခွက်ကိုထားလျက် ရေချိုးတော်မူပြီးသောအခါ၊ အရှေ့မျက်နှာသို့ ရှေ့ရှုထိုင်၍ တစေ့သီးသီးသောထန်းသီးမှည့်ခန့်ရှိ၍ ဆွမ်းလုပ်ကို လေးဆယ့်ကိုးလုပ်ပြုခါ၊ ရေမပါသောနို့ဃနာကိုအားလုံးကုန်အောင် ဘုဥ်းပေးတော်မူလေ၏။

× + +

## အလောင်းတော်မြတ် ရွှေခွက်မျှောခဏ်း။

နို့ဃနာကို ဘုဥ်းပေးပြီးသော် အဘိုးတသိန်းထိုက်သော ရွှေခွက်ကိုကိုင်ကာ နေရဥ္စရာမြစ်ကမ်း၌ရပ်၍ ငါသည် ဘုရားစင်စစ်ကေ်ဖြစ်အံ့ ဤရွှေခွက်သည် ရေညာဘက်သို့ ဆန်တက်စေသတည်း ဘုရားဖြစ်ခြင်းငှါ မထိုက်သည်ဖြစ်အံ့ ရေသာဘက်သို့ မြော၍

ပေါလောပေါ်စေသတည်းဟု အဓိဋ္ဌာန် ပြုတော်မူလျက် ရွှေခွက်ကိုမျှောလိုက်သောအခါ၊ ရွှေခွက်ကြီးသည် ရေစီးအယဉ်ကိုဖြတ်၍ မြစ်လယ်သို့သွားခါ လျှင်မြန်စွာ အဟုန်ရှိသော သိန္ဓောမြင်းပမာ ရွှေဟင်္သာသဘွယ် အတောင်ရှစ်ဆယ်လောက်မျှ ရေညာသို့ဆံတက်၍ တခုသောဝဲ၌မြုတ်ခါ ကာလနဂါးမင်း၏ နေရာအရပ်သို့သွား၍ ဤကမ္ဘာတွင် ပွင့်တော်မူကြပြီးသော ကောက္ကသံဂေါဏာဂုံ၊ ကဿပဘုရားသုံးဆူတို့၏ ရွှေခွက်များကို ထိပါးလျက်ထိုရွှေခွက်သုံးလုံး၏ အောက်၌ အစဉ်အတိုင်း လေးခုမြောက်ဖြစ်၍ မည်လေသည်။

\+ × +

## မြက်ထမ်းသမား သောတ္ထိယ အလောင်းတော်ကို မြက်ရှစ်ဆုပ် လှူခန်း။

ဘုရားအလောင်းသည် ကိုယ်တော်မြတ်၏ အဓိဋ္ဌာန် ချက်ပြည့်စုံသောကြောင့် လွန်စွာဝမ်းမြောက်လှသည်ဖြစ်၍ နေရဉ္စရာမြစ်ကမ်း၌ ပင်လုံးကျွတ်ပွင့်သော အင်ကြင်းတောတွင် နေ့ သန့်စဉ်တော်မူကာ အဘိဉာဏ်ငါးရပ် သမာပတ်ရှစ်ထွေကို အခါခါဖြစ်စေတော်မူ၏။

\+ + +

## ရေသုံးသပ်၍ ခရီးကြွတော်မူခြင်း။

ညနေချမ်းအခါ၌ ဒေဝဒေဝါ နတ်များစွာတို့သည် ဆင်ယင်ပြုပြင်တန်ဆာဆင်သည့် ရှစ်ဥသဘဖရှိသော ခရီးလမ်းဝယ် ခြသေ့်မင်း၏ တင့်တယ်စံပယ်ခြင်းကဲ့သို့ ကြွသွားတော်မူခါ နေရဉ္စရာ

မြစ်ညာ၌ ရေချိုးတော်မူ၍ တဖန် ဗောဓိညောင်နန်းသို့ ရှေ့ရှု ကြွတော်မူလျှင် နဂါး ဂဠုန်အလုံးစုံသော နတ်အပေါင်းတို့သည် အခိုင်ခိုင်သောပန်း အဆန်းဆန်းသော နံ့သာမျိုးတို့ဖြင့် မိုးရွာသလို ဖြန့်ကြဲခါ ပူဇော်ပွဲပြုကြရုံမက အက, အခုံ့အတီးမျိုးစုံတို့ဖြင့်လည်း ကမ္ဘာကြီးဖြန့်ဖြန့်တုံအောင် အစွမ်းကုန်ပြုကြလေ၏။

\+ × +

## မြက်ရှစ်ဆုပ် လှူဒါန်းခြင်း။

စကြာဝဠာတိုက်ကြီးသည် ကောင်းချီးပေးသော အသံတို့ဖြင့် ဆူညံအုံးကြွက်လျက် တခဲနက်သော နံ့သာ ပန်းတို့ဖြင် လည်း ထုံမွမ်းသကဲ့သို့ရှိလေ၏၊ ထိုအခါ သောတ္ထိယ မည်သော မြက်ရိတ်သမားသည် ဘုရားအလောင်း အခြင်းအရာကို ကောင်းစွာ တွေ့မြင်ရလေသည်ရှိသော် ပီတိရွှမ်းစို သဒ္ဒါကြည်ညိုလှသဖြင့် ရှစ်ဆုပ်သော မြက်များကို လက်ဝါးတော်တင်ကာ လှူဒါန်းလိုက်လေ၏။

× + +

## မြက်ရှစ်ဆုပ်ကြဲဖြန့်၍ ပလ္လင်တော်ပေါ်ခြင်း။

အလောင်းတော်မြတ်သည် သောတ္ထိယမည်သောမြက်ထမ်းသမား လှူဒါန်းအပ်သော မြက်ရှစ်ဆုပ်ကိုယူခါ ဗောဓိမဏ္ဍိုင်သို့ ချဉ်းကပ်တော်မူလေ၏။ ထိုနောက်မှ အရှေ့မျက်နှာသို့ ကြွသွား၍ အနောက်ဘက်သို့ လှည့်ကာ ကြည့်ရှုရာတွင် ပလ္လင်တော်တည်ရာ မဟာဗောဓိခန်းဝါသည် ခိုင်မာကြန့်ကြန့်တည်ခန့်တော်မူသဖြင့် ဤအရပ်သည်ကား ကိလေသာမျိုးပြုတ်အောင်

အခိုးထုတ်ရာတည်းဟု သိတော်မူ၍ သောတ္တိယ လူဒါန်းသော မြက်များကို အဖျားမှကိုင်ကာ ဖြန့်ကြဲလိုက်သောအခါ ရတနာအတိ တဆယ့်လေးတောင်ရှိသော ပလ္လင်တော်ကြီးသည်ဖြစ်ပေါ်လာပေသည်၊ မြက်သဏ္ဍာန် ပျောက်၍ ပေါ်ပေါက်လာသော ပလ္လင်တော်၏ ပုံပန်းကို အစွမ်းကုန်တတ်သော ပန်းချီဆရာနှင့် ပန်းပုပညာသယ်တို့လည်း ရေးချယ်ထုလုပ်ခြင်းငှါ မစွမ်းနိုင်ကြလေကုန်၊ ထိုပုံသဏ္ဍာန် (အတုလ)သည်ကား လူ့ဘထွဋ်ထား မြတ်ဘုရားနှင့်သာ ထိုက်တန်ပေသတည်း။

ယောကျ်ာမြတ် ဖြစ်တော်မူသော အလောင်းတော်မြတ် ဗောဓိသတ်သည် မဟာဗောဓိပင်စည်ကိုနောက်မှီတကဲ ပူတော်မူကာ အရှေ့သို့ မျက်နှာတော်လှည့်၍ ငါ၏ တင်မလ္လင်ခွေကို မပြေမလျော့ ဝိရိယမပျော့အံ့ဟု ဘုရားဖြစ်လိုသော စိတ်သန်၍၊ အဓိဋ္ဌာန် ပြုတော်မူလေသည်။

× × +

## ဗောဓိပင်အောက်၌ သီတင်းသုံးခြင်း။

ရွှေအဆင်းကဲ့သို့ထိန်ဝင်းသော အလောင်းတော်၏ သက်န်း၌ ကျော့ကြကုန်သော ဗောဓိရွက်တို့သည် ရွှေပြား၌ ကပ်အပ်သောသဏ္ဍာန်သဘွယ် လွန်စွာတင့်တယ်ကုန်၏။ ထိုအခါ နတ်ရွာ သေနင်း သကြားမင်းသည် အတောင် တရာ့ရှစ်ဆယ် ရှည်သော (ဝိဇယုတ္တရ) ခရုသင်းကိုမှုတ်ကာ ရပ်တည်လာ၏၊ (ပဉ္စသိခ) နတ်သားသည်ကား သုံးဂါဝုတ်ရှည်သော ဗေဠုဝစောင်းကြီးကို တီး၍ အနီးတွင်နေလေ၏၊ (သုယာမ)နတ်သားသည် သားမြီး

ယဒ်ကိုကိုင်ကာ ရှိသေစွာနေ၏၊ (သန္တုဿိတ) နတ်သားသည် ပတ္တမြားထီးကို ဆောင်းလျက် ခညွှောင်းကာနေ၏၊ (သဟမ္ပတိ) ဗြဟ္မာကြီးမှာ သုံးယူဇနာရှိသော ထီးဖြူကိုအနီး၌ယူကာ ဆောင်း၏၊ ကာလနဂါးမင်းသည် ချီးမွမ်းခြင်းအဖွဲ့ဖွဲ့ ထုတိမင်္ဂလာမျိုးစုံတို့ဖြင့် ဘဝက်တုန်အောင် ဩဘာ ပေး လေ၏၊ စကြာဝဠာတသောင်း၌ ခိုအောင်ကြက်စားသော နတ်အများတို့သည် ပန်းနံ့သာ အခိုးအတုံတို့ဖြင့် အမျိုးစုံ ပူဇော်ကြပြီးလျှင် ကောင်းချီးဩဘာ ထောမနာကို များစွာပြုကြလေကုန်၏။

÷ + ×

## ဗောဓိပင်အောက် အလောင်းတော်ထံမှောက် မာရ်နတ်ကြီး ရောက်လာပြန်ခြင်း။

သိကြားနတ်အပေါင်းတို့သည် ဘုရားမြတ်ဖြစ်မည့်ဆဲဆဲ ဖြစ်သော အ လောင်း တော် အား ခစားဆည်းကပ်၍ နေ ကြ စဉ် အတွင်း မာရ်နတ်မင်း တဖန်ရောက်လာပြန်၏။ ဘုရားအလောင်းသည် ဗောဓိမဏ္ဍိုင်တွင် တင်ပလ္လင်ဖွဲ့ခွေ နေတော်မူသောအခါ၊ မာရ်နတ်၏ စစ်သည်တော် အပေါင်းတို့သည်လည်း သန်လျက် ခရင်း၊ ပုဆိန်၊ လေး၊ မျှား၊ ဒုတ်၊ ဒါး၊ တင်းပုတ်၊ ကျည်ပွေ့ စသောလက်နက်အမျိုးမျိုးတို့ကို ကိုင်ဆောင်ခါ နိုင်အောင်တိုက်မည် အံခဲလျက် မာန်ဇွဲပြင်းပြင်းနှင့် အဆင်းမလှ အရိုးစုမျှသာ ဖြစ်သော ရုပ်ဆင်းသဏ္ဌာန်ကို ဖင်းအဖြူအနီ အကြောင်အကြား ကြောက်ဘွယ်ကောင်းသော အဆင်းများကိုဖင်း လူတို့၏စိတ်ထဲ၌ ထိတ်ခနဲလန့်တုန်၍ အသက်ကုန်စေတတ်သော ဆိုးဝါကြမ်း

တမ်း ကြောက်ခမန်းဖြစ်စဘွယ် အသွယ်သွယ်သော ရုပ်အသွင် တို့ကိုငုင်း အစွမ်းကုန် ဖန်ဆင်းကြသည်မှာ တယောက်ဖန်ဆင်း သော အသွင်းသဏ္ဍာန်နှင့် တဦးဖန်ဆင်းသော အသွင်သဏ္ဍာန် တို့သည် အနည်းငယ်မျှမတူ အမူဖေါက်ပြန်ကာ အမျိုးမျိုးဖန် ဆင်းကြကုန်၏။

ဤကဲ့သို့ အထူးထူးအပြားပြား ကျောက်အား ပိုစရာ များ စွာသော စစ်သည်တော် တပ်သားအပေါင်းတို့သည် ဘုရား အလောင်းရှိရာ မဟာဗောဓိမဏ္ဍိုင်သို့ သံပြိုင်အော်ကာ လာကြ ကုန်သည်မှာ လကျာ လက်ဝဲ တဆယ့်နှစ်ယူဇနာစီ မာရ်နတ်၏ အရှေ့မှလည်း တဆယ့်နှစ်ယူဇနာ၊ အနောက် မျက်နှာမှာကား စကြာဝဠာ တတိုင်းအထိ အပြည့်အကြပ်ဖြစ်၍၊အထက်ရပ် မျက် နှာ၌ကား ကိုးယူဇနာရှိလေ၏။မာရ်နတ်စစ်သည် အပေါင်းတို့၏ သောင်းသောင်းကျော်ညာ လာကြသော အသံကြီးသည် မြေပြို ကာ ပဲ့တင်ဟီးသကဲ့သို့ ယူဇနာ တထောင်ခရီးမှ ကြားရလေ၏။ ယခုအခါ အယုတ်တမာ မာရ်နတ်၏ စစ်သည်တော် တပ်သားတို့ သည် ရောက်လိမ့်မည်ဟု မရောက်မီ ရှေးဦးကပင် ကြိုတင်၍ သိရ သည်မှာ များစွာသော တိတ်နိမိတ်ကြီးတို့သည် ထင်ရှားစွာ ဖြစ်ပေါ်၍ လာကြကုန်၏။

\+ \+ \+

## မာရ်နတ်စစ်သည်တို့၏ ရှေ့ပြေးနိမိတ်။

ထိုနိမိတ်ကြီးတို့သည်ကား–

၁။ အထောင်အသောင်း မကသော ဒုက္ကအပေါင်းတို့သည် ကောင်းကင်အတွင်းမှ တဝင်းဝင်း ကြကုန်၏။

၂။ ကြောက်မက်ဘွယ်သော အမှောင်တုကြီး ကျခြင်း။
၃။ ပထဝီမြေကြီး အထပ်ထပ် အခါခါ တုန်လှုပ်ခြင်း။
၄။ သမုဒ္ဒရာ မြစ်ချောင်းမှ အခိုးထောင်းထောင်းထခြင်း။
၅။ မြစ်ရေအပေါင်းတို့သည့်ကား အောက်သို့မစုန် အထက်သို့ ဆန်တက်ခြင်း။
၆။ တောင်အထွဋ်တို့သည် သစ်ပင်အပေါင်းကို ချိုးဖြတ်၍ အောက်ရပ်မြေပေါ်သို့ ကျခြင်း။
၇။ လေပြင်း-လေကြမ်း-လေရိုင်း- လေမုန်တိုင်းကြီးတို့သည် အရပ်ရှစ်မျက်နှာမှလာခြင်း။
၈။ တောလဲသော အသံကြီးတို့သည် တငြိုးငြိုး ဆူညံအောင် တရံမပြတ် ဖြစ်ကြလေကုန်၏။

ဤပြဆိုခဲ့ပြီးသော နိမိတ်ကြီးများနှင့် မြေကြီး ပြိုတော့မည် ကဲ့သို့ အသံကြီးများကို တွေ့မြင်ကြားသိရသော သိကြား, နတ် အပေါင်းတို့တွင် တစုံတယောက်သောသူမျှ ရပ်တည်ခြင်းငှါ မစွမ်းနိုင်ကြတော့ဘဲ မိမိတို့ မျက်နှာမူရာ အရပ်သို့သာလျှင် မြန်စွာပြေးကြကုန်၏။

၎င်းတို့တွင်သိကြားမင်းကြီးသည် မိမိမှုတ်သော(ဝိဇယုတ္တရ) ခရုသင်းကို ကျောပိုးကာ လွှယ်ပြေး၍ စကြာဝဠာ တတိုင်းဝ အနီး၌ ရပ်တည်ကာ မျှော်ကြည့်နေရှာ၏။ (သဟမ္ပတိ) ဗြဟ္မာ ကြီးသည် ဆောင်း–မိုးသော ထီးဖြူကို အထွဋ်၌ကိုင်ကာ ဗြဟ္မာ ပြည်သို့ ပြေးလေ၏။ (ကာလနဂါး)မင်းသည် မိမိ၏ အချေအရံ ဖြစ်သော ကချေသည် အပေါင်းကိုမျှ သတိမရနိုင်တော့ဘဲ မြေ၌ ငုတ်လျှိုးကာ ယူဇနာငါးရာ အဝန်းကြယ်သော (မန္ဒိယက)

နဂါးပြည်သို့ ပြေး၍ မိမိဗိမာန်အတွင်း၌ ခံတွင်းကို လက်ဝါးဖြင့် ပိတ်ခါ အိပ်ရှာလေ၏။ စကြာဝဠာတသောင်းမှ ကောင်းချီးပေး လာကြကုန်သော နတ်ဒေဝါတို့သည်လည်း မိမိတို့မျက်နှာမူရာ အရပ်သို့ ပြေးကြကာ စကြာဝဠာအဝနား၌ ရပ်ကြကုန်လျက်၊ အဝေးမှပင် အလောင်းတော်ကို အာရုံစိုက်ခါ ကြည့်နေလေ၏။

\+ \+ \+

## မာရ်နတ်ကြီးစစ်သည်များနှင့် ပလ္လင်လုခြင်း

ယင်းအပေါင်းတို့သည် ရဲရဲနီ၍ ပူလောင်သော သံခဲတွဲကို မချဉ်းကပ်ဝန့်သကဲ့သို့ ဗောဓိပင်မှ တဥသာဖ ကွာသော အရပ်မှာ သာ ရပ်တည်ကာ နေကြရလေ၏။ ထိုအခါ မာရ်နတ်သားသည် တပည့်များဖြစ်ကြသော မိမိစစ်သည်တော် တပ်သားများကို ငါ၏စစ်သား ရဲမက်များတို့ သုဒ္ဓေါဒနမင်း၏ သားဖြစ်သော ဤသိဒ္ဓတ္ထမင်းသားသည် များစွာ ခံရင့်ပေ၏။ ဤမင်းသားနှင့် တူသောယောကျာ်းအချားတပါးမှာမရှိ။ ငါတို့သည်ကား ဤမင်း သား၏ ရှေ့တည့်တည့်အရပ်မှ စစ်တပ်ကို ချီတက်ခြင်းငှါ မတတ် နိုင် လက်ဝဲလက်ျာပီလာနံပါး နောက်ဘက်နားကနေ၍ စစ်ထိုး ကြကုန်အံ့ဟု ပြောဆိုလေ၏။

ဘုရားအလောင်းတော်မြတ်သည် မာရ်နတ်၏စကားကိုကြား တော်မူ၍ လက်ဝဲလက်ျာရှေ့တည့်တည့်အားဖြင့် အရပ်သုံးပါးကို ရှုစားတော်မူသောအခါ ရှေ့ဦးစွာပင် ရောက်လာနှင့်ကြသော သိကြားဗြဟ္မာနှင့် နတ်များစွာတို့ကို တဦးတယောက်လျှင် တွေ့ မြင်တော်မမူ၍ မြောက်ဘက်မျက်နှာကို ကြည့်ရှုတော်မူရာတွင်

ဖြူပြာ–ညိုမောင်း လက်နက်ပေါင်းတို့ဖြင့် ကြောက်ဘွယ်ရာ ကောင်းအောင် ထောင်းထောင်းကြေမျှ ချီတက်၍လာကြသော မာရ်နတ်၏ စစ်သည်တွေကိုသာ တွေ့မြင်တော်မူလေ၏။

ထိုအခါ အလောင်းတော်သည် ဤမျှလောက် များပြား၍ ဒုတ်ဒါးလက်နက် ထိုးနှက်စရာအစုံတို့ဖြင့် အစွမ်းကုန်ချီတက် လာကြသော ဤသူများအပေါင်းတို့သည်ကား ငါတယောက် ကိုသာရည်မှတ်၍ သတ်တော့မည့်မာန်စွဲဖြင့် အံခဲကာတက်လာ ကြပေသည်။ ဤဥရုဝေဠ တောအရပ်၌မူကား ငါ၏ခမည်းတော် မယ်တော်နှင့် ဆွေတော်ရှစ်သောင်း မျိုးတော်ပေါင်းတို့လည်း မရှိကြချေ၊ ညီတော် နန္ဒမင်းသားနှင့် ရှေရင်တော်ဖွား သား တော် ရာဟုလာလည်းမရှိ၊ မြောက်သားတော်နှင့် မယ်ယသော် နှမတော် ဇနပဒကလျာဏီ စသော သူများလည်းမရှိချေ၊ ငါနှင့် တိုင်ပင်နှီးနှော၍ ပြောပြစရာမရှိသော ဤယခုအခါ၌ သခင်ချေ လေးရပ် တသိန်းကပ်ကမ္ဘာအတွင်းက သဒ္ဓါအရင်းထူ၍ ကြည် ဖြူစွာဖြည့်ကျင့်ခဲ့သော ပါရမီတော် အပေါင်းသည်သာ ငါ၏ တိုင်ပင်ကောင်းသော ဆွေရင်းမျိုးချာဖြစ်ခဲ့ရာသည်၊ ဤပါရမီ တော်များသည်ငါ၏အားထားရာပေတည်း၊ ဤပါရမီဆယ်ချက် တည်းဟူသော လက်နက်ကောင်းကိုကိုင်ကာ၊ ချီတက်လာသော မာရ်နတ်၏ စစ်သည်အပေါင်းကို ထောင်းထောင်း ကြေညက် အောင် ခြေဖျက်သုတ်သင်မှ တော်ချေမည်ဟု ကြံစီစဉ်းစား တော်မူကာ ဖြည့်ကျင့်ဆည်းပူးလာသော ပါရမီများ ကိုသာ တပါးပြီးတပါး စဉ်းစားဆင်ခြင်တော်မူလျက်၊ အရှေ့ဘက်သို့ မျက်နှာတည့်တည့် လှည့်တော်မူကာ တဆံလွှာမျှ တိမ်းပါး လှုပ်

ရှားတော်မမူဘဲ ရဲရင့်မြင့်မြတ်သော နှလုံးရည်ဖြင့် တည်ငြိမ်စွာ နေတော်မူလေသည်။

ယင်းသို့ တည်ငြိမ် ဣန္ဒြေကြီးစွာ နေတော်မူသော အလောင်းတော် မင်းသားကို မြင်ရသော မာရ်နတ်ကြီးသည် ဤသိဒ္ဓတ္ထ လူသားကို စကားဖြင့်ခြိမ်းခြောက်၍ အကြောက်ဓါတ်သွင်းကာ ချက်ခြင်းပြေးအောင် ကြံဆောင်လျက် ငါ၏ဘက်သား ရဲမက်များတို့ ငါ၏ထံသို့ အမြန်လာကြကုန်၊ အဘယ်ကြောင့် ယခုတိုင် မလှုပ်မရှက် ငြိမ်ချက်သား ကောင်း၍ နေ ပေ သ နည်း။ ဤသိဒ္ဓတ္ထ မင်းသားကိုဘမ်း၍ ခပ်ကြမ်းကြမ်း တုတ်နှောင်ကြကုန်၊ ခြေလက်ကိုဖြတ်၊ ပစပ်ကိုဖြတ်လှီး၍ ငုံးတိတိကြီး ဖြစ်အောင် ပြုကြကုန်၊ နှားရွက် နှာခေါင်း ခေါင်းကိုလည်း ခုတ်လှီး၍ ငုတ်တုတ်ကြီးဖြစ်အောင် ပြုကြလေကုန်၊ အဝေးကိုလည်း မပြေးစေကုန်လင့်၊ လုံအောင်ပိတ်ထား၍ ဆီး တား ကြ ကုန်၊ အသံကြီးဟိမ်း၍ တဒိန်းဒိန်းမြည်သော အမြောက်ကဲ့သို့ ဝေါက်ငန်းကာ ဟစ်အော်ပြောဆိုလေ၏။

မာရ်နတ်သားသည် အ မျိုး မျိုး ကြိမ်းဝါး၍ အ စိမ်း စား မလောက် ဒေါသရှိန် တောက်လျှမ်းကာ ဝေါက်ငန်း ပြောဆိုနေသော်လည်း အလောင်းတော် မြတ်သည်ကား တည်ငြိမ်ဖြောင့်မှန်သော သမာဓိ မဏ္ဍိုင်ကိုသာ ခိုင်ခန့်စွာ ထားတော်မူလျက် ဆယ်ချက်သော ပါရမီအစဉ်တော်ကို ဆင်ခြင်၍ နေတော်မူ၏။

\+ × ×

No- 6

## လေတိုက်ဖျက်ဆီးခြင်း။

အလောင်းတော်၏ မတုံမလှုပ်သော ရုပ်ပုံတော်ကို မြင်ရ၍၊ ဒေါသတန်ခိုးဖြင့် လွှမ်းမိုးနေသော မာရ်နတ်သည် အားမလျော့သေးဘဲ ဤထူးကဲသော သတ္တိဖြင့် သမာဓိ ကောင်း လှသော သိဒ္ဓတ္ထမင်းသားကို လေဟုန်ဖြင့် ပါသွားစေရန် ကြံ စီကာ အရှေ့မှ အနောက်၊ အနောက်မှ အရှေ့၊ တောင်မှ မြောက်၊ မြောက်မှ တောင်၊ နောက်ဆုတ်ရှေ့တိုး အမျိုးမျိုး တိုက်ခတ်သော ဝေရမ္ဘလေတို့ကို ထကြွစေ၏။ထိုဝေရမ္ဘလေ၏ အဟုန်သည် တယူဇနာ နှစ်ယူဇနာရှိသော တောင်အထွဋ်တို့ကိုပင် ဖြာဖြာထက်ချမ်း ဖျမ်းဖျမ်းကွဲစေ၍ တောခြုံသစ်ပင် ဟူသမျှတို့ကိုကား မူလအရင်း အမြစ်ကပါ တဖွားဖွားပေါ်စေလျက် ထက်ဝန်းကျင် အရပ်၌ရှိသော မြို့ရွာ နိဂုံးတို့ကို ပယ်မှုန်းချေဖျက်၍ ကြေညက်စေနိုင်သော်လည်း အလောင်းတော်၏ ထံတော် ပါး သို့ ရောက်သောအခါ၌ မူကား သင်္ကန်းတော် စွန်းကလေးကိုမျှ လှုပ်ရှားနိုင်သော အစွမ်းသတ္တိ မရှိချေ။

X X X

## မိုးရွာ၍ ပျက်စီးစေခြင်း။

မာရ်နတ်မင်းသည် ပြင်းထန်သောလေကြောင့် အန္တရာယ်မှ လွတ်ကင်းသော အလောင်းတော် သိဒ္ဓတ္ထမင်းကို မိုးရေတွင် မျော၍ ပေါလောကြီး ပါသွားစေအံ့ဟုကြံစီကာ တိမ်လွှာ တိမ်တိုက်ကြီးတို့ကို အထပ်တရာ အထပ်တထောင် ဖန်ဆင်း၍ ထန်ပြင်းသော မိုးကြီးကို ရွာစေ၏။ မာရ်နတ်မင်း၏ မိုးရေ အဟုန်

ကြောင့် ဝသုန္ဒရီ ဤပထဝီမြေကြီးသည် တခါတည်းကွဲအက်၍ တောနက်တောင်စောင်း သစ်ပင်အပေါင်းတို့ ထောင်းထောင်းညက်မျှ ဖြစ်ရသော်လည်း အလောင်းတော်၏ သက်နှင်း၌ နှင်းပေါက်ကလေး ဖျန်းသလောက်မျှ စိုစွတ်ခြင်းငှာ မတတ်နိုင်။

x x x

## ကျောက်ခဲမိုး ရွာခြင်း။

မာရ်နတ်သားသည် ဒေါသအရှိန် တင်းမာ၍ နောက်ထပ်တဖန် ကြံပြန်သည်မှာ ကျောက်ခဲအောက်တွင် အသက်ပျောက်စေအံ့ဟု ကျောက်ခဲမိုးကို ရွာစေပြန်၏။ မာရ်နတ်သား၏ ကြီးစွာသော ကျောက်ခဲမိုးသည် ကြီးစွာသော တောင်အထွဋ်တို့ကို အခိုးအလျှံ တောက်စေ၍ ကောင်းကင်သို့ ရောက်လေသော် အလောင်းတော်ထံမှောက်တွင် ကျောက်အသွင်ပျောက်ခါ ရတနာချယ်မှုန်းသော နတ်ပန်းကုန်း နတ်ပန်းဆိုင်တို့သာ ဖြစ်ချေ၏။

X X X

## လက်နက်မိုး ရွာခြင်း။

မာရ်နတ်သား နောက်ထပ်တဖန် ကြံတွေးမိသည့်အတိုင်း ရစ်ဆိုင်းပိတ်ဆီးသော လက်နက်မိုးကြီးကို ရွာစေပြန်၏။ တဘက်အသွားရှိသော သံလျက်၊ နှစ်ဘက် အသွားရှိသော သံလျက်၊ ဒါးလက်နက်၊ လှံလက်နက်၊ သင်ဒုန်းလက်နက် အစရှိသော လက်နက်တို့သည် အခိုးထွက်ခါ အလျှံတောက်၍ ကောင်းကင်တလျှောက်မှ လာကုန်သော်လည်း အလောင်းတော်ထံမှောက်သို့

ရောက်သောအခါ နတ်ပြည့်၌ဖြစ်သော မြတ်လေး၊ စကား၊ ခယား စသော ပန်းအပေါင်းတို့ကဲ့သို့ မွှေးရနံ့ တထောင်းထောင်းနှင့် ခညောင်းကာ နေကြလေကုန်၏။

\+ + +

## သဲမိုးရွာခြင်း။

ဆိုးဝါးသော မာရ်နတ်၏ ဥာဏ်ထုပ်သမျှသည် အလဟဿ အချီးနှီးအကျိုးမပြီးဘဲ ဖြစ်ပါသော်လည်း တနည်းတဖုံ အရဲတိုး၍ သဲမိုးကိုရွာစေပြန်၏။ အလွန်သေးဖွဲ့ သိမ်မွေ့လှစွာသော သဲတို့သည် မဲမှောင်သော အခိုးဆ၍ ဝင်းပသောအလျှံ တောက်ကုန်လျက် အထက်ကောင်းကင်မှ မောင်းနှင်လိုက်သကဲ့သို့ လာကြကုန်သော်လည်း အလောင်းတော်၏ ရှေ့နားသို့ ရောက်သောအခါ များစွာသောသဲပုံသည် ပန်းဝတ်မှုံဖြစ်၍ အလုံးစုံကြကုန်သည်။

\+ + ×

## ရွှံ့မိုးရွာခြင်း။

ထို့နောက် ရွှံ့ညွှံမိုးကို ရွာစေပြန်၏။ ထိုရွှံ့ညွှံ အပေါင်းသည်လည်း အခိုးတထောင်းထောင်း အလျှံပေါင်းထိန်တောက်လျက် ကောင်းကင်တလျှောက်မှ ရောက်လာကြကုန်သော်လည်း အလောင်းတော်၏ ရှေ့မှောက်သို့ ရောက်သောအခါ ပျစ်နှစ်သော နံ့သာပျောင်းတွေ ဖြစ်ကြလေကုန်၏။

## မီးခဲမိုးရွာခြင်း။

ထို့နောက် မီးခဲမိုးကို တမျိုးရွာစေပြန်၏။ပေါက်ပွင့်အဆင်းကဲ့သို့ နီဝင်းထိန်တောက်သော မီးခဲတို့သည် ကောင်းကင်အပြင်မှ လျှင်မြန်စွာလာကြကုန်သော်လည်း အလောင်းတော်ထံမှောက်သို့ ရောက်သောအခါ မွှေးကြိုင်သင်းပြန့်၍ အဆင်းအနံ့နှင့် ပြည့်စုံသော နတ်ပန်းတွေသာ ဖြစ်ကုန်လျက် ဖရိုဖရဲကြဲကုန်၏။

X X X

## အမှောင်ထုကြီး ပျက်စီးစေခြင်း။

သိဒ္ဓတ္ထ မင်းသားကို ကြီးစွာသော အမိုက်မှောင်ဖြင့် အကြောက်ကောင် ဖြစ်စေအံ့ဟု ရှောင်တခင်မကြုံဘူးသော အမိုက်မှောင်ထုကို ဖန်ဆင်းလိုက်ပြန်၏။ အလောင်းတော်မြတ်သည် မာရ်နတ်ဖန်ဆင်းသော အမိုက်မှောင်ထုကြီးကို ကိုယ်တော်မြတ်၏ မွေးချင်းတော် အရေအတွက် ရှိသမျှမှထွက်သော ရောင်ခြည်တော်လက်နက်ဖြင့် ပါယ်ဖျက်တော်မူခါ တထိန်ထိန်သာသော အလင်းကို ဖြစ်စေတော်မူ၏။

X X X

## ဥက္ကာပြန်မြင့် ပျက်စီးစေခြင်း။

ထိုနောက်ကောင်းကင်းမှ ဥက္ကာကိုပြန်စေ၏။ထိုဥက္ကာမှအခိုးအရှိန်တို့သည် မိုးတိန်ကိုခွဲဖေါက်၍ ရဲရဲတောက် ပြန်သန်းလျက် ကောင်းကင်လမ်းမှ ထစ်ကြိုးမြည်ဟီးကာ တဒီးဒီးလာကြကုန်သော်လည်း အလောင်းတော်၏ထံမှောက်သို့ ရောက်သောအခါ အားလုံးပင်ပျောက်ပျက်၍ အနှောက်အယှက်မရှိ ဖြစ်ကုန်၏။

## စက်လက်နက်ဖြင့် ပျက်စီးစေခြင်း။

ဒေါ်သမာန်စွယ်ကို မပါယ်မချီး အမျိုးမျိုးသော လက်နက်ဖြင့် အဆက်မပြတ် ပြုလုပ်ပါသော်လည်း အလောင်းတော်၏ မွေးတော် တချမ်းကိုမျှ ကြက်သီးဖျမ်းအောင် မစွမ်းဆောင်နိုင်သော မာရ်နတ်ကြီးသည် မိမိတပ်တော်သား ဘက်သို့ လှည့်ကာ အို....ငါ၏ရဲမက်သားတပည့်များတို့ မတုန်မလှုပ်အဘယ့်ကြောင့် ငြိမ်ကုတ်၍ နေကြကုန်သနည်း ဖြေးဖြေး ဖြေးဖြေးနှင့် ဘယ့်အတွက် လက်နှေး၍ နေကြကုန်သနည်း ဤသိဒ္ဓတ္ထ မင်းသားကို ယခုချက်ချင်းဖမ်း၍ ခပ်ကြမ်းကြမ်းတုပ်နှောင်ကြကုန်၊ ဦးခေါင်းကိုဖြတ် ရင်ဘတ်ကိုခွဲ၍ သေပွဲဝင်အောင် ပြုကြကုန်ဟု ပြောဆိုကာ မိမိမှာမူကား ဂိရိမေခလာဆင်၏ လည်ဂုတ်၌ နေ၍ လျက် စက်နက်လက်ကိုကိုင်ကာသိဒ္ဓတ္ထမင်းသား၏ဦးခေါင်းကိုဖြတ်အံ့ဟု စက်လက်နက်ဖြင့် တချက်ထည်းပစ်လေ၏ ထိုပစ်အပ်သောစက်လက်နက်၏ တံခိုးအာနုဘော်ကား မာရ်နတ်သားသည် ဒေါ်သအမျက်ပြင်းစွာထွက်၍၊ အထက်ကောင်းကင်သို့ လွှင့်တင်ပစ်လိုက်သည်ရှိသော် ဆယ့်နှစ်နှစ်ပါတ်လုံးမိုးရေတပေါက်တစက်မျှ မကျတော့ချေ၊ မြေသို့ပစ်လိုက်ပါမူ စက်လက်နက်ကျရာ အရပ်သည် တဆယ့်နှစ်နှစ်ပါတ်လုံးမြက်မပေါက်နိုင်တော့ချေ၊မြင့်မိုရ်တောင်ထိပ်သို့လွှင့်တင်ပစ်လိုက်သည်ရှိသော်ယူဇနာနှစ်သိန်းငါးသောင်း နှစ်ထောင်အဝန်းလုံးပါတ်ရှိသောမြင့်မိုရ်တောင်ကြီးသည်နှစ်ဖြာထက်ချမ်း ဖျမ်းဖျမ်းကွဲကာ မြေ၌ကျရာ၏ သို့စဉ်ကလောက်အစွမ်းထက်မျက်သော စက်လက်နက်ကြီးသည် တဟီးဟီးမြည်

ကာ ပြင်းစွာထစ်ကြိုးလျက် မိုးကြိုးစက် ကျသကဲ့သို့ အရှိန်ပြင်းစွာ ကျလာသော်လည်း မာရ်နတ်သား၏ မာန်စွယ်ကို နှိမ်နယ်ပါယ်ဖျက်သည့်အလား ဘုရားအလောင်း၏ ချေတော်ရင်းဝယ် ဖြန့်ခင်းထားသော ချေသုတ်ကြိုးခွေကဲ့သို့ ဖြစ်၍ကျလေ၏။

× + +

## အလောင်းတော် သစ္စာဒိဋ္ဌာန်ပြုခက်း။

ထိုအခါ အလောင်းတော်မြတ်သည် အို.... မာရ်နတ်ကြီး ငါသည် ဤပလ္လင်တော်မြတ်ကို မပြတ်တောင့်တခါ ဘဝပေါင်းများစွာတွင်ကား မဆိုထားဘိ ဝေဿန္တရာဘဝ တခုတည်းမှာပင် မြေကြီးကို ခုနှစ်ကြိမ်လှုပ်ခါစေ၍ အထုပ်ပမာဖြစ်သော ကောင်းမှုတွေကို ပေါင်းစုဆည်းပူး အပ်လှုလေပြီ၊ ဤမြေကြီးကား ပကတိအားဖြင့် စိတ်မရှိ သင့်အား ငါ့အား နှစ်ယောက်သားအတွက် ဖေါက်ပြားလျက် သက်သေခံမည်မဟုတ် သို့ဖြစ်၍ ဤမြေကြီးသည်ငါတဦးတည်း၏ သက်သေခံအမှန်ဖြစ်ပေလိမ့်မည်ဟု မိန့်တော်မူ၏။ ထိုစကားကိုကြားသော မာရ်နတ်သားသည် ဤဗောဓိသညာင်ရိပ်ပလ္လင်ကို လိုချင်ငန်းငန်း အာသာတန်းနေသော ရဟန်းသိဒ္ဓတ္ထ! သင်သည် ဤပလ္လင်ကိုလိုချင်၍ အလှူပေးသောအဖြစ်ကို အဘယ်သူ မြင်ပါသနည်း၊ သင့်အလှူ သိမြင်သူကို ယခုပင် သက်သေတင်ပြလော့ဟု ဒေါသမာန်ဖြင့် ပြောပြန်လေ၏။ ထိုအခါ အလောင်းတော်မြတ်သည် အို...မာရ်နတ်မင်းကြီး ဤတောကြီးမျက်မဲ၌ ငါတယောက်ထည်း နေသည်ဖြစ်၍ ငါ၏ဘက်တွင် သက်သေတင်ပြဘို့ရာ သူတဦးတယောက်မျှ မရှိချေ၊

သို့ပါသော်လည်း ဤမြေကြီးသည် ငါ၏အလှူကို သိသူသက်သေ ဖြစ်သည်ဟူ၍ တိသံတော်မြွက်ချေကာ သက်သေပြတော်မူလိုသည် ဖြစ်၍ တိမ်မိုးရောင်အတွင်းမှ တဝင်းဝင်းထွက်သော လျှပ်စစ်နွယ် ကဲ့သို့ တင့်တယ်သော လက်မောင်းတော်ကိုသင်္ကန်းတော်မှ ထုတ်ဆန့်၍ မြေကြီးသို့ ရှေးရှု လက်ညှိုး ညွှန်တော်မူလေသတည်း။

ထိုအခါ ယူဇနာပေါင်း နှစ်သိန်းလေးသောင်း အထုရှိသော ပံသုသိလာ ဤမြေနှစ်လွှာသည် စေတနာရှိသော ပုံအသွင် ဂုဏ်အင်ကြီးမားသော အလောင်းတော် မင်းသားဘက်မှ နှုတ်မြွက်ခါ သက်သေခံသည့်အသွင် စက်ရဟတ်ပမာ အဆက်မပျက် တုံလှုပ်လျှက် အဟုန်ကြီးကြီးနှင့် သိးထန်သော အသံကို ပြုလေသတည်း။

မြေကြီး၏အသံဖြင့် ကောင်းကင်ယံ တခုလုံး သည် လည်း မိုးကြိုး ထစ်ချုန်းသကဲ့သို့ တဒိုးဒိုးပြင်းစွာ မြည်လေ၏။ တောင်စဉ်ခုနှစ်ထပ် သတ္တရဘန် အရပ်ရပ် စသည်တို့၌လည်း ကြီးစွာသော အသံဖြင့် မြည်ဟီးကုန်၏။ စကြာဝဠာတိုက် တခုလုံးသည် မီးဟုန်းဟုန်း တောက်လောင်သော ဝါးတောကဲ့သို့ တဖျောင်းဖျောင်း တဖျစ်ဖျစ် အထစ်ထစ်သော အသံကြီးတို့သည် မြည်ဟီးကုန်၏။ မီးအရှိန်ပျင်းသော အိုးကင်း၌ လှော်အပ်သော စပါးကဲ့သို့ မိုးသားမဆောင် တိမ်တောင်မတက်ဘဲ လျှပ်စီးလက်ခြင်းနှင့် မိုးကြိုးစက်တို့သည် အထက်ကောင်းကင် တခုလုံး၌ တဒိုးဒိုး တလက်လက် ကြောက်မက်ဘွယ် ဖြစ်ကုန်၏၊

ထိုအခါ မာရ်နတ်သားသည် မြေကြီး နှင့် ကောင်းကင် အကြားတွင် ခိုနားစရာမရှိအောင် အကြောက်ကောင်ကြီးဖြစ်၍

နေလေ၏။ ၎င်းမာရ်နတ်မင်း၏ စစ်သည်တော်တပ်သားအပေါင်းတို့သည်လည်း ကြီးစွာသော ပြာပုံကို လေအဟုန်တိုက်သကဲ့သို့ ဥက္ကောင်း၌ဆင်သော တန်းဆာ၊ နား၌ဆင်သော တန်းဆာ၊ ကိုယ်၌ဝတ်သော အဝတ်တို့ကိုမျှ မယူဆောင် အသယ်ပိုးနိုင်တော့ဘဲ စွန့်လွှတ် ပစ်ထားကြရကုန်လျက် တကြောင်းတည်း သောခရီးကို နှစ်ယောက်ပြေးခြင်းမရှိ၊ မိမိတို့မျက်နှာပြူမိရာ အရပ်သို့သာလျှင် ပြေးကြကုန်၏။

\+ + ×

## မာရ်နတ်ကိုအောင်သဖြင့် ကောင်းချီး ပေးကြခြင်း။

စကြာဝဠာ တောင်ထိပ်မှ အရိပ်အကဲကိုခပ်ခါ မပြတ်ရှုမျှော်၍ နေကြသော နတ်အပေါင်းတို့သည် မာရ်နတ်ကြီးနှင့်တကွ နောက်တော်ပါ စစ်သည်တပ်သားများ၏ ပျက်ပြား နှိမ့်ရှုံး၍ တစုတရုံးတည်း ထွက်ပြေးကြရသော အကြောင်းအရာကို ကောင်းစွာ တွေ့မြင်ကြရသောအခါ မွေ့လျော်ဝမ်းမြောက်သော စိတ်ဖြင့် အလောင်းတော်မြတ် မင်းသိဒ္ဓတ်သည် အပြတ်အသတ်အောင်မြင်၍ စစ်ဘုရင်မာရ်နတ်နှင့် တပ်တော်သားတို့သည်ကားပျက်ပြားဆုံးရှုံးကာ အားလုံးပင် ထွက်ပြေးကြရကုန်ပြီဟု တညီတညာ သီးထန်စွာသော အသံကို ပြုကြကုန်၍ အောင်သူတကာတို့၏ ထိပ်ပန်းဖြစ်သော အလောင်းတော် ရှင်ရဟန်းအား ရှင်လမ်းဝမ်းမြောက်ခါ၊ ပူဇော်ကဲတော့ကြကုန်အံ့ဟု မဆန့်အောင်

ပြောဆိုကြပြီးလျှင် နဂါးတို့သည်လည်း နဂါးအပေါင်းတို့အား အကြောင်းကြားခါ ဂဠုန်တို့သည်လည်း ဂဠုန်အပေါင်းတို့အား အကြောင်းကြားခါ ပြောဆိုခေါ်ငင်ကြကုန်၏။

ထိုမှတပါး နတ်အများ ဗြဟ္မာအများတို့သည်လည်း မိမိတို့ နတ်အပေါင်း ဗြဟ္မာအပေါင်းတို့အား အကြောင်း ကြား ခါ ပြောဆိုခေါ်ငင်ကြကုန်လျက် ပန်းနံ့သာစသော ပူဇော်ဘွယ်ရာတို့ကို အသီးသီးယူငင်ကာ မဟာပုရိသဖြစ်သော ယောကျ်ားမြတ် ထံသို့ အမြန်လာကြကုန်၏။

အလောင်းတော် ထံမှောက်သို့ ရောက်ကြကုန်သော နဂါး၊ ဂဠုန်။ နတ်ဗြဟ္မာ အပေါင်းတို့သည် ညွတ်ပြောင်းပန်ထွာ ရှိသေစွာသာလျှင် ပူဇော်ဘွယ်ရာ များစွာတို့ဖြင့် ပူဇော်ကံတော့ကြကုန်၏။ ၎င်းတို့တွင် နဂါးအပေါင်းတို့သည်လည်း သာယာကြယ်လှ၍ အလွန်မြင့်သော အသံတို့ဖြင့် ဘုန်းကြက်သရေဂုဏ်နှင့် ပြည့်စုံတော်မူသော အလောင်းတော်မြတ်သည် အောင်အပ်သော မာန်စစ်သားကို၊ ဒုတ်၊ ဒါးမစွက် လက်နက်မကူ အောင်တော်မူလေပြီ။ ယုတ်မာသော အလိုဆိုးရှိသော မာရ်နတ်ကြီးကား ရှုံးခြင်းကြီးမလှ ရှုံးခြင်းသို့ ရောက်ရလေပြီဟု သာကြည်မြွက်ကျေးအောင် ဆုပေးကြကုန်၏။ ဂဠုန်နှင့် နတ်၊ မြတ်သော ဗြဟ္မာကြီးတို့သည်လည်းထိုနည်းအတူ ကြည်ဖြူမြတ်လေးအောင် ဆုပေးကြကုန်၏။

စကြာဝဠာ တသောင်းတွင် ခိုအောင်းပျော်ပါး ကြွင်းကျန်သော နတ်အများတို့သည်လည်း အလောင်းတော် ထံမှောက်သို့ လာရောက် ဆီးကပ်ကြကုန်လျက် ပန်းနံ့သာ အခိုးအထုံတို့ဖြင့်

အမျိုးမျိုးအဖုံဖုံ ပူဇော်ကြပြီးလျှင် ကောင်းချီးမင်္ဂလာ ထောမနာသံတို့ဖြင့် အဖန်ဖန်အခါခါ ဩဘာအောင်ဆု သွန်းပြုကြလေကုန်၏။

တဖန် တသောင်းသော စကြာဝဠာတွင် ကိုယ့်စကြာဝဠာနှင့် ကိုယ့်ဘုံအသီးသီး နေကြကုန်သော သကြား ဗြဟ္မာ နတ်များစွာတို့သည် သူထက်ငါ လာကြ၍ ပသပူဇော်ကြသည်တို့ကား များလှစွာကုန်၏၊အချို့သော နတ်တို့ကား သီချင်း သံပြိုင်အတိုင်အဖေါက် ဝမ်းမြောက် ရွှင်ကြည် သီဆိုကြကုန်သည်ဖြစ်၍ အချို့သော နတ်တို့ကား စောင်းညှင်း ပတ်သာ ဒူရိယာ အမျိုးမျိုးတို့ကို အရိုးတခန်း အဆန်းတဖုံ စုံလင်အောင်တီးကြကုန်၏၊ အချို့သော နတ် တို့ကား ဘယ်ယိမ်းညာနွဲ့ အလှမပြောင်း ကောင်းစွာ က,ကြကုန်၏ နတ်အပေါင်းတို့၏ ညွှတ်ပြောင်း ပူဇော်သော ပန်းနံ့သာတို့သည်ကား ကောင်းကင် ပြင်ဝယ် တသွင်သွင် တဒီးဒီး အရှိန်ကြီးစွာ ရွာသောမိုးရေအယဉ်ဖြင့် ပြည့်သကဲ့သို့ နေရာမလပ် အထပ်ထပ် ပြည့်လျှမ်း၍ ကြိုင်လျှမ်းကာ နေလေ၏။

ယင်းသို့လျှင် အလောင်းတော်မြတ် ဗောဓိသတ် ဖြစ်ခဲတော်မူသော သိဒ္ဓတ္ထ ရဟန်းတော်သည် နေမဝင်မှီအတွင်း အတင်းဗလက္ကာရ ပြုလုပ်တိုက်ခိုက်လာသော မာရ်စစ်သည် ရန်ညှန့်ကိုလှဲကာ အောင်ပွဲရတော်မူ၍ ဗောဓိပင်အောက်မြေမှ ပေါက်လာသော ရတနာ ရောင်ရှင် အပ္ပရာဇိတ ပလ္လင်နန်း၌ ရွှင်လမ်းကြည်ပြုံးစွာ သတင်းသုံးတော်မူလျှက် နက်နဲသော တရားမြတ်ကို သုံးသပ်ဆင်ခြင်တော် မူလေ၏။

ဤသို့ ဆင်ခြင်သောအခါ၊ မဂ်စိတ် လေးပါးနှင့် ယှဉ်သော သမ္မာဒိဋ္ဌိ၊ သမ္မာသင်္ကပ္ပ၊ သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝ၊ သမ္မာဝါယာမ၊ သမ္မာသတိ၊ သမ္မာသမာဓိဟူသော မဂ္ဂင်တရားရှစ်ပါးကို ထိုးထွင်းကာ သိတော်မူပြီးလျှင် ညဥ့်ဦးယံ၌ ပုဗ္ဗေနိဝါသဉာဏ် သန်းခေါင်းယံ၌ ဒိဗ္ဗစက္ခုဉာဏ် နေအာရုဏ်တက်လုဆဲဆဲသော မိုးသောက်ယံအခါ၌ အာသဝက္ခယဉာဏ်ဖြင့် ကိလေသာ အပေါင်းတို့ကို ထောင်းထောင်း ဖြတ်ပိုင်းလျက် အလုံးစုံသော တရားကို သိတတ်သော သဗ္ဗညုတဉာဏ်ကိုရ၍ သက္ကရာဇ် တရာ့သုံးခု ကဆုန်လပြည့်ဗုဒ္ဓဟူးနေ့အကုန် နေအာရုဏ်တက်သည်နှင့် တပြိုင်နက် စန်းနှင့် ဝိသာခါ ယှဉ်ခိုက်တွင် လောကသုံးပါး၏ အထွဋ်အထိပ် တည်းဟူသော ဘုရားအဖြစ်သို့ ကောင်းစွာ ရောက်တော်မူလေသတည်း။

\+ \+ \+

## သတ္တဌာန စခန်း။

### ၁။ ပဌမ ပလ္လင် သတ္တာဟ

ဘုရားအဖြစ်သို့ ရောက်တော်မူပြီးလျှင် ဗောဓိပင်နှင့် လေးတောင်ကွာ အရှေ့မျက်နှာ၌တည်သော ရွှေပလ္လင်ထက်၌ ထက်ဝက်ဖွဲ့ခွေ နေတော်မူ၍ ပဋိစ္စသမုပ္ပါဒ် ဓမ္မကို အပြန်ပြန် အလှန်လှန် ဆင်ခြင်ကြံရှုလျက် ကုဋေ တသိန်းမကသော ဖလသမာပတ်ကိုဝင်စား၍ နတ်သိကြား ဗြဟ္မာတို့၏ ပူဇော် ခြင်း ကို ခံလျက် ခုနစ်ရက်ပတ်လုံး စမ္ပါယ်တော်မူရာအရပ်သည် ပလ္လင်သတ္တာဟမည်၏။

## ၂။ ဒုတိယ အနိမိသ သတ္တာဟ

ထိုနောက် ပလ္လင်ပေါ်မှ ထတော်မူ၍ ဗောဓိပင်၏ အရှေ့မြောက် (တဆယ့်လေးလံ) ငါးဆယ့်ခြောက်တောင် ကွာသော အရပ်၌ ရပ်တော်မူ၍ငါသည်ဗောဓိရပ်ခွင်ရွှေပလ္လင်ဝယ်သဗ္ဗညုတဉာဏ်ကို ရပေပြီတကားဟု မမှိတ်သော မျက်စေ့ဖြင့် ရှုကြည့်တော်မူလျက် ခုနှစ်ရက်ပတ်လုံး စမ့်ါယ်တော်မူရာ အရပ်သည် အနိမိသ သတ္တာဟ မည်၏။

## ၃။ တတိယ ရတနာ စင်္ကမန သတ္တာဟ

ထိုသို့ ပလ္လင်တော်သို့ စိမ်းစိမ်းကြည့်ပြီးနောက် မြတ်စွာဘုရားသည် တယူဇနာမျှလောက်သော ကောင်းကင်သို့တက်၍ ရေမီးအစုံစုံသော တံခိုးပြာတိဟာကို ပြတော်မူပြီးလျှင် ကောင်းကင်မှ ကြွဆင်းတော်မူ၍ ရွှေပလ္လင်နှင့် အနိမိသအကြား အတောင်နှစ်ဆယ်ရှိသော အရပ်ကို အလယ်ဗဟိုရ်ပြု၍ တဘက် ငါးလံကွာ ဌာနတွင် အရှေ့မှ သည်အနောက် အတောင် ခြောက်ဆယ်ရှိသောရတနာ စင်္ကြံကို ဖန်ဆင်းလျက် ခုနှစ်ရက်ပတ်လုံး စင်္ကြံကြွတော်မူရာ အရပ်သည် ရတနာစင်္ကမန သတ္တာဟ မည်၏။

## ၄။ စတုတ္ထ ရတနာဃရ သတ္တာဟ

ထိုနောက် မဟာဗောဓိပင်မှ အနောက်မြောက် အတောင်လေးဆယ်အကွာတွင် ရတနာ ခုနှစ်ပါးဖြင့်ပြီးသော နတ်တို့ဖန်ဆင်းအပ်သော ရတနာရွှေအိမ်၌ ထက်ဝယ်ဖွဲ့ခွေ စံနေတော်မူပြီး သုတ် ဝိနည်း အဘိဓမ္မာတို့ကို ဆင်ခြင်တော်မူရာ မဟာပကာရ

နှ ပဋ္ဌာန်းကျမ်းသို့ရောက် လျှင် ခြောက်သွယ်သော ရောင်ခြည်တော် ကွန့်မြူးလျှက် အထက်အောက် ပါတ်ဝန်းကျင် တို့ကို ပြန့်နှံ့၍ ခုနစ်ရက်ပါတ်လုံး စမွှါယ်တော်မူရာ အရပ်သည် ရတနာဃရသတ္တာဟ မည်၏။

၅။ ပဉ္စမ အဇပါလ သတ္တာဟ။

ထိုနောက် မဟာဗောဓိပင်မှ အရှေ့မျက်နှာ ၃၂–လံကွာတွင် အဇပါလမည်သော ညောင်ပင်ရင်းသို့ ကပ်တော်မူ၍ မာရ်နတ်မင်း၏ သမီးသုံးယောက်ကို တရားဟော ဆုံးမတော်မူပြီး၊ စမွှါယ်တော်မူရာ အရပ်သည် အဇပါလ သတ္တာဟမည်၏။

၆။ ဆဋ္ဌမ မုစလိန္ဒ သတ္တာဟ။

ထိုနောက် မဟာဗောဓိပင်မှ တောင်မျက်နှာ အလံလေးဆယ်ကွာတွင် လင်းလွန်းပင်ရင်း၌ ခုနစ်ရက်စေ့သော နံနက်၌ မျက်နှာသစ်လိုသော အကြံတော် ဖြစ်လေသော် တဖုဿ ဖလ္လိကကုန်သည် ညီနောင်တို့အား ဗုဒ္ဓံသရဏံ ဂစ္ဆာမိ၊ ဓမ္မံသရဏံ ဂစ္ဆာမိဟူသော ဒွေဝါစိက သရဏဂုံကို ပေးတော်မူပြီး ဦးကျောင်းကိုသပ်၍ ဆံတော်မြတ် တလက်ဆုပ်ကိုလည်း ပေးတော်မူရာ အရပ်သည် မုစလိန္ဒ သတ္တာဟ မည်၏၊

၇။ သတ္တမ ရာဇာယတန သတ္တာဟ။

ထိုနောက် မဟာဗောဓိပင်၏ တောင်မျက်နှာ ငါးဆယ့်တလံကွာ လေးပါးသော မင်္ဂဉာဏ်ဖြင့် နိဗ္ဗာန်ကိုမြင်ပြီးသော ရဟန္တာ

သည် လွန်စွာချမ်းသာ၏။ ထို့အတူ သတ္တဝါ အပေါင်းတို့၌ စိတ်ညစ်ညူး၍ မကောင်းမှုကို ဖြစ်စေတတ်သော ဒေါသ၏ ကင်းခြင်းသည် အလွန်ချမ်းသာ၏။ ကာမဂုဏ် ငါးပါး၌ လိုက်စားတတ်သောရာဂ၏ကင်းခြင်းသည်လည်း အလွန်ချမ်းသာ၏။ ငါဟူသော မာန်ရစ်ခြင်း မရှိမှု၍ သတ္တဝါတို့အား မညှင်းဆဲဘဲ သီးခံခြင်းသည်လည်း လွန်စွာ ချမ်းသာ၏ဟု ဟောတော်မူရာ အရပ်သည် ရာဇာရတန သတ္တာဟ မည်၏။

သတ္တဋ္ဌာနစခန်း ပြီး၏။

× + +

## ဝါဆိုစဉ်။

အလောင်းတော်မြတ်သည် ဘုရားအဖြစ်သို့ ရောက်တော်မူပြီးနောက်၊ အစဉ်အတိုင်း ဝါဆိုတော်မူရာ ဌာနများ-

၁။ မိဂဒါဝုန်တော၌ ပဌမ ဝါဆိုတော်မူသည်။

၂။ ရာဇဂြိုဟ်ပြည်၌ ဒုတိယ ဝါဆိုတော်မူသည်၊ ၎င်းပြည်၌ (သုံးဝါ )ဝါဆိုတော်မူ၏။

၃။ ဝေသာလီပြည်မိဂဒါဝုန်တော၌ တဝါဝါဆိုတော်မူသည်။

၄။ မကုဋတောင်၌ တဝါ ဝါဆိုတော်မူသည်။

၅။ တာဝတိံသာ၌ တဝါ ဝါဆိုတော်မူသည်။

၆။ ဘဂ္ဂတိုင်း သံသုမာရဂီရိမြို့ ပဲဇင်းငုံတော၌ တဝါဝါဆိုတော်မူသည်။

၇။ ကောသမ္ဗီပြည်၌ တဝါဝါဆိုတော်မူသည်။

၈။ ပါလိလေယျကတောအုပ်၌ တဝါ ဝါဆိုတော်မူသည်။

၉။ နာဠွာမည်သော ပုဏ္ဏားရွာ၌ တဝါ ဝါဆိုတော်မူသည်။

၁၀။ ဝေရဉ္စာတိုင်းပြည်၌ တဝါ ဝါဆိုတော်မူသည်။

၁၁။ စာလိယတောင်၌ တဝါ ဝါဆိုတော်မူသည်။

၁၂။ သာဝတ္ထိပြည်ဇေတဝန်ကျောင်း၌တဝါ ဝါဆိုတော်မူသည်။

၁၃။ ကပ္ပိလဝတ္ထုပြည်၌ တဝါ ဝါဆိုတော်မူသည်။

၁၄။ အာဠဝီပြည်၌ တဝါ ဝါဆိုတော်မူသည်။

၁၅။ ရာဇဂြိုဟ်ပြည်၌ တဝါ ဝါဆိုတော်မူသည်။

၁၆။ စာလိယတောင်၌ နှစ်ဝါ ဝါဆိုတော်မူသည်။

၁၇။ ရာဇဂြိုလ်ပြည်၌ တဝါ ဝါဆိုတော်မူသည်။

၁၈။ သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌။ တဆယ့်ကိုးဝါ ဝါဆိုတော်မူသည်။

၁၉။ သာဝတ္ထိပြည် အရှေ့ ပုပ္ဗါရုံကျောင်း၌၊ လေးဝါ ဝါဆိုတော်မူသည်။

၂၀။ သာဝတ္ထိ ပြည်နယ်တွင် ဗေဠုဝရွာ၌၊ တဝါ ဝါဆိုတော်မူသည်။

ဤကဲ့သို့သော မြို့ရွာ တော တောင် အသီးသီးတို့ကို ဝါဆိုတော်မူရာ လေးဆယ့်ငါးဝါတိုင်တိုင် လှည့်လှည် ဝါဆိုတော်မူလေသတည်း။

# ခုနှစ်နေ့ ဖြစ်စဉ်။

## အလောင်းတော် ကြာသပတေးနေ့ ပဋိသန္ဓေတည်နေသည်။

တနင်္ဂနွေနေ့ အလောင်းတော် နတ်သားသည်၊ တုဿိတာ နတ်ပြည်မှ စုတေ၍၊ သက္ကရာဇ်ခြောက်ဆယ့်ခုနှစ်ခု၊ ဝါဆိုလပြည့် ကြာသပတေးနေ့တွင် မယ်တော်သိရိမဟာမာယာ ဝမ်းဘိုက်၌ ကိန်းပိုက် သန္ဓေ တည်နေတော်မူသည်။

## အလောင်းတော် သောကြာနေ့ ဖွါးမြင်သည်။

မယ်တော် သိရိမဟာ မာယာဒေဝီသည် ကပ္ပိလဝတ်ပြည်မှ ဒေဝဒဟပြည်သို့ အသွားလမ်း၏အကြား အင်ကြင်းဥယျာဉ် အတွင်း၌ သက္ကရာဇ် ခြောက်ဆယ့်ရှစ်ခုနှစ် ကဆုံလပြည့် သောကြာနေ့တွင် အလောင်းတော် သားယူးကို မီးရှူးသန့်စဉ် ဖွါးမြင်တော်မူသည်။

## အလောင်းတော် တနင်္လာနေ့ တောထွက်သည်။

အလောင်းတော် သိဒ္ဓတ္ထမင်းသည် သက်တော် တဆယ့် ခြောက်နှစ်အရွယ်တွင် မောင်နှစ်မတဝမ်းကွဲဖြစ်သော ယသော် ဒယာမင်းသမီးနှင့် စုလျားရစ်ပတ် လက်ထပ်တော်မူ၍ တဆယ့် သုံးနှစ်ပါတ်လုံးရွှင်ပြုံးမိန်မိန်ထီးနန်းစည်းစိမ်ကိုခံစားတော်မူစဉ် နိမိတ်ကြီးလေးပါး ထင်မြင်၍ သားတော်ရာဟုလာကို ဖွါးမြင် တော်မူသော သက္ကရာဇ် ကိုးဆယ့်ခုနှစ်ခုနှစ်၊ ဝါဆိုလပြည့် တနင်္လာနေ့တွင် မြိုင်ခွင်တောနက်သို့ ထွက်တော်မူသည်။

## အလောင်းတော် ဗုဒ္ဓဟူးနေ့ ဘုရားဖြစ်သည်။

ဥရုဝေဋ္ဌ တောအရပ်တွင် ခြောက်နှစ်ပါတ်လုံး ကျင့်သုံးအပ်သော ဒုက္ကရစရိယာကို လွန်စွာသော ဝိရိယဖြင့် အဓိကကျင့်တော်မူ၍ သက္ကရာဇ် တရာ့သုံးခုနှစ်၊ ကဆုံလပြည့် ဗုဒ္ဓဟူးနေ့တွင် ချမ်းမြေ့ကြည်ဖြူ ဘုရားဖြစ်တော်မူသည်။

## အလောင်းတော် စနေနေ့ ဓမ္မစကြာ တရားဟောသည်။

ဘုရားဖြစ်တော်မူပြီး၍ မဟာဗောဓိပင်မှ ချေလျှင်ကြွတော်မူပြီးသော် ဗာရာနသီပြည်အနီး မိဂဒါဝုန် တောကြီးဝယ် ကိုယ်တော်မြတ်နှင့်အတူကြင့်တော်မူကြသော ပဥ္စဝဂ္ဂီငါးဦးကို အမှူးထား၍ နတ်,ဗြဟ္မာ အပေါင်းတို့အား သက္ကရာဇ် တရာ့ခုနှစ်၊ ဝါဆိုလပြည့် စနေနေ့တွင် ဓမ္မာစကြာတရားကို ဟောကြားတော်မူသည်။

## အလောင်းတော်သည် အင်္ဂါနေ့တွင် ပရိတ်နိဗ္ဗာန်ပြုသည်။

လေးဆယ့်ငါးဝါပတ်လုံး ချိန့်အုံးသဲသဲ ထူးကဲလှစွာသော ဒေသနာတော် အမြိုက်ဆေးကို တိုက်ကျွေးတော် မူပြီးလျှင် ကုသိနာရုံပြည် မလ္လာမင်းတို့၏ ဥယျာဉ်အတွင်း ခင်းထားအပ်သော ညောင်စောင်း၌ မြောက်သို့ ဥခေါင်းလှည့် တော်မူ၍ သက္ကရာဇ် တရာ့လေးဆယ်ရှစ်ခုနှစ်၊ ကဆုံလပြည့် အင်္ဂါနေ့တွင် အမတဓါတ်နန်း စံမြန်းနိဗ္ဗူ ကြွတော်မူသည်။

အလောင်းတော် တနင်္ဂနွေနေ့ ဘေဇော၀ါတ် လောင်းသည်။

ပရိတ်နိဗ္ဗာန် စံယူပြီးသည့်နောက် ဆယ့်သုံးရက်မြောက်ဖြစ်သော သက္ကရာဇ် တရာ့လေးဆယ်ရှစ်ခုနှစ် ကဆုံလှုပ် ဆယ့်နှစ်ရက် တနင်္ဂနွေနေ့တွင် ဘယ်သူမျှမရှိ မမြုက်ဘဲ ဘေဇော၀ါတ်ထ၍၊ အလိုလို မီးခတော်မူသည်။

× × +

## ဂုဏ်တော်ကိုးပါး-ပါဠိ

၁။ အရဟံဂုဏ်၊

၂။ သမ္မာသမ္ဗုဒ္ဓဂုဏ်၊

၃။ ၀ိဇ္ဇာစရဏသမ္ပန္နဂုဏ်၊

၄။ သုဂတဂုဏ်၊

၅။ လောကဝိဒူဂုဏ်၊

၆။ အနုတ္တရော ပုရိသ ဓမ္မသာရထိဂုဏ်၊

၇။ သတ္တာဒေ၀ မနုဿာနံဂုဏ်၊

၈။ ဗုဒ္ဓဂုဏ်၊

၉။ ဘဂ၀ါဂုဏ်၊

ဂုဏ်တော်ကိုးပါး ပါဠိ ပြီး၏။

# ဂုဏ်တော်ကိုးပါး အနက်မြန်မာ ဘာသာပြန်။

## အရဟံ

တထောင့်ငါးရာ ကိလေသာတို့ကို ဖိချွေခါမြို့ မှုံ့မခရအောင် ဘုဝသုံးဒရတွင် အငြိမ်းကြွတို့ပထနာရည်ပြီး သမတိ ံသ၊ ပါရမီ အလီလီဖြည့်ခါမှ သိသိမင္ဂေ တဏှာ ကင်းကွာပလို့မို့ ဖြူဟွာ မင်းပါတဝ၊ လူ–နတ်ဘုရင်တို့တောင် တဆူမြတ်အရှင်လို အတူ မပေါ်ထွန်းပေသည့် ပူဇော်ခြင်းအထူးကို ခံတော်မူထိုက်သော အကြောင်းကြောင့် အရဟံ အရဟာ ဂုဏ်နှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရား....

## သမ္မာသမ္ဗုဒ္ဓေါ။

သင်္ခါရ၊ ဝိကာရ၊ လက္ခဏာ၊ နိဗ္ဗာန်၊ ပညတ် တည်းဟူသော ဥေယျဓမ်တို့ကို ရွေးမျှမကျန် မွေးညစ်သည့် ဓမ္မာတို့ကို ရွေးခေတ် အခါ၊ အရင်းကုသလာကြောင့်၊ သနင်းလူ့ ဘာအမတာဘုန်း သခင်သည်ဓမ္မာကုန်စဉ်ပဂတိအသွင်ဖေါ်ပြီး သိမြင်တော်မူသော အကြောင်းကြောင့် သမ္မာသမ္ဗုဒ္ဓေါ၊ သမ္မာသမ္ဗုဒ္ဓဂုဏ်နှင့် ပြည့် စုံတော်မူသော မြတ်စွာဘုရား....

## ဝိဇ္ဇာစရဏ သမ္ပန္နော။

ဉက္ကဋ္ဌေ ပနိတကြောင့် ပုဗ္ဗေနိဝ ရွေးခန္ဓာ အစဉ်တို့ကို ရွေးမျှ မကျန် အမှန်မှတ်လျှက် အသိရတဲ့ပြင်၊ နတ်မျက်စေ့တမျှ အာ သဝက်ခရေတို့ကို ဓမ္မာမြက်ချွေဂူဃရမ္မရာဇ်မို့ ဝိဇ္ဇာရှစ် တဆယ့်

ငါးစရဏတို့ကို ရက်မခြားရ၊ ပြကတေ့ချုံပြီး ပြည့်စုံတော်မူသော အကြောင်းကြောင့်၊ ဝိဇ္ဇာစရဏ သမ္ပန္နော ဝိဇ္ဇာစရဏ သမ္ပန္နဂုဏ်နှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရား။

သုဂတော။

မှုသာဝါဒ၊ ပိသုနဝါစာ၊ ဖရုသာဝါစာ၊ သမ္ဖပ္ပလာပဝါစာ ဟုဆိုအပ်သော လေးပါးသော ဝစီကံတို့ကို မသတီအမှန် တရုတ်တဆစ်မျှ အရဟံမမ္ဘာရာဇ် ထုတ်ဖေါ်မမြွက်ဘဲနှင့် နှုတ်တော် ခမ္မစက် ဗျာဒိတ်ချွေပြီး၊ သမ္မာစိတ်တေ အဘိမမ္မာအချက်ပြလို့ မှိ တိလောကဏ္ဏ အတုလအရှင်မဟာသည် ဒုဝစန ကြင်ခါတံခိုး အခိပတိမှိ အကျိုးရှိတော်မူသော စကားကို ဆိုတော်မူတတ် သော အကြောင်းကြောင့်၊ သုဂတော သုဂတဂုဏ်နှင့် ပြည့်စုံ တော်မူသော မြတ်စွာဘုရား၊

လောကဝိဒူ။

သတ္တလောက၊ သင်္ခါရလောက၊ ဩကာသလောကဟု ဆိုအပ်သော လောကသုံးခွင် ဘုံအပြင်ကို အကုန်ထင်ထင် ဘူပထဗျာလွှမ်း၍ မြူလွှာမကျန် ဉာဏ်အနုဂ္ဂကြောင့်၊ အရဟံ သကျဂေါတမ ဘုန်းအရှင်သည် လောကသုံးခွင်ကို သိမြင်တော် မူသော အကြောင်းကြောင့်၊ လောကဝိဒူ၊ လောကဝိဒူဂုဏ်နှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရား။

**အနုတ္တရောပုရိသ ဓမ္မသာရထိ။**

သီလ၊ သမာဓိ၊ ပညာ ဂုဏ်သုံးဖြာတို့ကို ပုံနှုန်းစရာ ရွှေတခိုး အဓိပတိ မှို့မြေမိုးအရှိ နတ်လူ အကြွမ်းတို့နှင့် ထပ်တူအကြွမ်း တိရိစ္ဆာန်အမိုက်တွေကို စိတ်အကြံ စရိုက် ယထာ ရဟာဖြင့် ဗက အာဠဝက အင်္ဂုလိမာလိတို့ကို အသွင်တုမရှိတဲ့ မာရဇိန် အမ တာမင်္ဂအချေဆိုက်အောင်လို့ အာဏာစက် ဓမ္မနေ ဓမ္မရေစဉ် ဖြန်းပြီး အမတာ ပြေခွင်နန်း ပို့ နိုင်တော်မူသော အကြောင်း ကြောင့် အနုတ္တရောပုရိသ ဓမ္မသာရထိ အနုတ္တရောပုရိသဓမ္မသာ ရထိ ဂုဏ်နှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရား....

**သတ္ထာဒေဝမနုဿာနံ။**

ကာမရူပ၊ အရူပဟု အစမူလ ကမ္ဘာအရင်းက သရောကင်း၍ တဏှာဇောရွေးမျှမကပ်ဘဲ အာသဝေါ လေးရပ် အကုန်ပယ်ပြီး ဘုံအသွယ်သွယ် သတ္တဝါရှိသမျှတို့ကို အပါဂမနိယ နဂ္ဂတိကင်း လို့မျိုး သုခိအရင်း အထက်နန်း အမတင့်ပြင် မင်္ဂချမ်းသာဆော စွာ ခဏပေးရအောင်လို့ ဩဝါဒရေဖြင့် တိုက်ကြွေးဆုံးမတော် မူတတ်သောအကြောင်းကြောင့်၊ သတ္ထာဒေဝ မနုဿာနံ သတ္ထာ ဒေဝမနုဿာနံဂုဏ်နှင့်ပြည့်စုံတော်မူသော မြတ်စွာဘုရား....

**ဗုဒ္ဓေါ။**

ဒုက္ခသစ္စာ၊ သမုဒယသစ္စာ၊ နိရောဓသစ္စာ၊ မဂ္ဂသစ္စာဟု ဆို အပ်သော စတုသစ္စာ ဓမ္မာ ဓမ္မခံ တို့ကို တခုမလတ်ရဘာယာမကြံ အကုန်နှစ်လုံးထားသည့်ပြင် ဘုံသုံးပါး လောကဓါတ်၌ အတော

မသတ်သည့် ဉာဏ်ဥက္ကဋ္ဌကြောင့်၊ အရဟံ ဗုဒ္ဓ ဂေါတမ ပရမေသည် သော္လသ အချောတဆယ့်ခြောက် အနက်တို့ကို ထက်အောင်မသွေ့တဲ့ကာ မယှဉ်နိုင်အောင် အချုပ်သဘောပြရမှာဖြင့် ဗုဒ္ဓေါ ဗုဒ္ဓဂုဏ်နှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရား....

ဘ ဂ ဝါ။

ဣဿရိယဓမ္မ ယဿသိရိကာမ၊ ပယတ္တ တည်းဟူသောခြောက်ပါးသော ဘုန်းသမ္ဘာအရှင်မို့ နှုံးစရာ မမြင်နိုင်အောင် ရွှေတံခိုး အတုမရတဲ့ပြင်၊ မြေမိုး အတုမကတဲ့ ကာဗ္လန္ဒြေတော်မှာ သမ္ဘာအရှိန်တေဇော် ဒွိဗြဲသ လက္ခဏာနှင့် ရှိရှိသမျှ ဖက်စံလို့ မမျှနိုင်သည့် အနဂ္ဂံ သဖ မနော္ဓမဟိဒ္ဓိအရှင်မို့ သဘောစိတ်ရှိလျှင်တသွေ့မျှမလပ် မကြုံရသဖြင့် ကေ ဝ လ ကပ္ပံ အလုံးစုံ ပြည့်ပြီးဘုန်းဂုဏ် မိပတိ မုနိအရဟံသည်၊ အတုမရှိသည့် သဏ္ဍာန်မောက်ကြွသည့် နှုံးမဖေါ်နိုင်အောင် ခြောက်ဝသော ဘုန်းတော်နှင့်ပြည့်စုံတော်မူသော အကြောင်းကြောင့်၊ ဘဂဝါ ဘဂဝါ တည်းဟူသော ဂုဏ်တော်ထူးနှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရား–

ဂုဏ်တော် ၉-ပါး အနက်မြန်မာ ဘာသာပြန်ပြီး၏။

\+ \+ \+

## ဗုဒ္ဓဂုဏ်-အကျယ်-ချီးကျူး ပူဇော်ခဏ်း။

၁။ သဗ္ဗညုတဉာဏ်ကို ရတော်မူသော မြတ်စွာဘုရား။

၂။ အားတော် ဆယ်တန် ဉာဏ်တော်အနန္တနှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရား။

၃။ အချေနှစ်ချောင်းရှိသော သတ္တဝါတို့ထက် မြတ်တော်မူသော မြတ်စွာဘုရား။
၄။ လူသုံးပါးတို့၏ ကိုးကွယ်ရာ ဖြစ်တော်မူသော မြတ်စွာဘုရား။
၅။ သိဒ္ဓတ္ထမင်းသားမှ ဖြစ်တော်မူသော မြတ်စွာဘုရား။
၆။ သုဒ္ဓေါဒနမင်းကြီး၏ သားတော်ဖြစ်တော်မူသော မြတ်စွာဘုရား။
၇။ မဟာမာယာဒေဝီ မိဖုရားကြီးမှ ဖွားမြင်တော်မူသော မြတ်စွာဘုရား။
၈။ သာကီမျိုး- သာကီနွယ်ဇာတ်မှ မြင့်မြတ်သော ဗုဒ္ဓဝင်ဇာတ်သို့ ပြောင်းကြ၍ ဘုရားအဖြစ်သို့ ရောက်တော်မူသော မြတ်စွာဘုရား။
၉။ ဂေါတမဗုဒ္ဓ ဟူသောအမည်ဖြင့် မြတ်သောဘုရားအဖြစ်သို့ ရောက်တော်မူသော မြတ်စွာဘုရား။
၁၀။ ကောင်းသောစကားကို ဆိုတော်မူတတ်သော မြတ်စွာဘုရား။
၁၁။ ကောင်းသောနိဗ္ဗာန်သို့ ကြွသွားတော်မူသော မြတ်စွာဘုရား။
၁၂။ မြတ်သောချီးမွမ်းခြင်းကို ခံတော်မူထိုက်သော မြတ်စွာဘုရား။
၁၃။ ကုသိုလ်-အကုသိုလ်တို့ကို စွန့်တော်မူသော မြတ်စွာဘုရား။
၁၄။ သေခြင်းကင်းသော အမြိုက်နိဗ္ဗာန်သို့ ရောက်တော်မူသော မြတ်စွာဘုရား။

၁၅။ အတုမရှိသော မဂ်-ဖိုလ်-နိဗ္ဗာန်သို့ ပေးတော်မူသော မြတ်စွာဘုရား။

၁၆။ လူ-နတ်-ဗြဟ္မာတို့၏ ကိုးကွယ်ရာ ဖြစ်တော်မူသော မြတ်စွာဘုရား။

၁၇။ လောကသုံးပါးကို သိမြင်တော်မူသော မြတ်စွာဘုရား။

၁၈။ ကိလေသာ ကင်းစင်တော်မူပြီးသော မြတ်စွာဘုရား။

၁၉။ ကိလေသာ ကင်းစင်အောင် ဟောပြတော် မူတတ်သော မြတ်စွာဘုရား။

၂၀။ ဘေးရန်အပေါင်းတို့၏ ကင်းရာဖြစ်သော မြတ်စွာဘုရား

၂၁။ ဘေးရန်အပေါင်းတို့၏ လွတ်ကင်းရာသို့ ညွှန်ပြတော်မူတတ်သော မြတ်စွာဘုရား။

၂၂။ လူ-သုံးဦးတို့၏ အကြီးအမှူး ဖြစ်တော်မူသော မြတ်စွာဘုရား။

၂၃။ အလွန် လှပတင့်တယ်သော မျက်လုံးတော်လည်း ရှိတော်မူသော မြတ်စွာဘုရား။

၂၄။ တည်ကြည် ဖြောင့်မတ်သော စိတ်နှစ်လုံးတော်လည်း ရှိတော်မူသော မြတ်စွာဘုရား။

၂၅။ သာယာစွာသော အသံတော်နှင့်လည်း ပြည့်စုံတော်မူသော မြတ်စွာဘုရား။

၂၆။ မနိုင်းယှဉ်အပ်သော ကျေးဇူးဂုဏ်တို့၏တည်ရာဖြစ်တော်မူသော မြတ်စွာဘုရား။

၂၇။ တစုံတယောက်သောသူနှင့်မျှ မတူသော မြတ်စွာဘုရား။

၂၈။ အားတော်ဆယ်ပါးနှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရား။

၂၉။ တည်ကြည်သော သမာဓိ ရှိတော်မူသောမြတ်စွာဘုရား။

၃၀။ အရဟတ္တဖိုလ်သို့ ပို့ဆောင်တော် မူတတ်သော မြတ်စွာဘုရား။

၃၁။ ခန္ဓာကိုယ်၏ဆင်းရဲမှုကို ခံတော်မူသော မြတ်စွာဘုရား။

၃၂။ စိတ်တော်၏ ဆင်းရဲမှုကို ခံတော်မူသောမြတ်စွာဘုရား။

၃၃။ လူသုံးပါးတို့၏ ကောင်းကျိုးအတွက် ဖြစ်တော်မူသော မြတ်စွာဘုရား။

၃၄။ သုံးဆယ့်နှစ်ပါးသော ယောကျ်ားမြတ်တို့၏ လက္ခဏာတော်ကြီးနှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရား။

၃၅။ ရှစ်ဆယ်သော လက္ခဏာငယ်တို့နှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရား။

၃၆။ ကိုယ်တော်မှ ထွက်သော ရောင်ခြည်တော်တို့ဖြင့် ထွန်းတောက်တော်မူသော မြတ်စွာဘုရား။

၃၇။ သီလ၊ သမာဓိ၊ ပညာဂုဏ် အပေါင်းတို့နှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရား။

၃၈။ ဘဝခန္ဓာကိုယ် အသစ် ဖြစ်တော်မူသော မြတ်စွာဘုရား။

၃၉။ တက်သစ်သောနေ လုလင်ကဲ့သို့ ရဟန်းတို့၏ အလယ်၌ တင့်တယ်တော်မူသော မြတ်စွာဘုရား။

၄၀။ လပြည့်ဝန်းကဲ့သို့ တင့်တယ်သော မျက်နှာတော်လည်း ရှိတော်မူသော မြတ်စွာဘုရား။

၄၁။ တဏှာ ကင်းစင်တော်မူပြီးသော မြတ်စွာဘုရား။

၄၂။ ဥေယျမိတရားငါးပါးကိုသိတော်မူသောမြတ်စွာဘုရား။
၄၃။ ပြည့်စုံသော ဘုန်းတော်လည်း ရှိတော်မူသော မြတ်စွာဘုရား။
၄၄။ မြတ်သော ဗောဓိပင်အနီး၌ စစ်သည် ဗိုလ်ပါနှင့် တကွသော မာရ်နတ်သားကို အောင်တော်မူသော မြတ်စွာဘုရား။
၄၅။ အရဟတ္တ မဂ်ဉာဏ် သဗ္ဗညုတဉာဏ်ကို ထိုးထွင်း၍ သိတော်မူသော မြတ်စွာဘုရား။
၄၆။ မာရ်နတ် စစ်သည်အပေါင်းတို့ မဖျက်ဆီးနိုင်သော မြတ်စွာဘုရား။
၄၇။ ကိလေသာ အညစ်အကြေးကို ဖြတ်တတ်သော မဂ်သန်လျက် ရှိတော်မူသော မြတ်စွာဘုရား။
၄၈။ ကောင်းသော သတိမြဲစွာရှိ၍ လုံ့လ‌ကြီးသော သီလနှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရား။
၄၉။ အလိုအလျောက် ထွင်းဖေါက်သိမြင်နိုင်သော အဘိညဉ် တန်းခိုးနှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရား။
၅၀။ မဟာဂရုန်ဘတော်၏ တည်ရာဖြစ်တော်မူသော မြတ်စွာဘုရား။
၅၁။ ပြုနိုင်ခဲ စွန့်နိုင်ခဲသော စွန့်ခြင်းကြီး ငါးပါးကို ပြုလုပ် စွန့်ကြဲတော်မူသော မြတ်စွာဘုရား။
၅၂။ ဘဝသုံးပါးတည်းဟူသော မဟာသမုဒ္ဒရာမှ လွန်မြောက်တော်မူသော မြတ်စွာဘုရား။

၃၃။ မြတ်သော ဘုရားအဖြစ်သို့ ရောက်တော်မူသော မြတ်စွာဘုရား။

၃၄။ လူသုံးပါးတို့၏ ကိုးကွယ်ရာ ဖြစ်တော်မူသော မြတ်စွာဘုရား။

၃၅။ ကောင်းစွာတည်ကြည်သော သမာဓိ ရှိတော်မူသော မြတ်စွာဘုရား။

၃၆။ လူ–နတ် ပြဟ္မာ သတ္တဝါအပေါင်းတို့၏ အကျိုးစီးပွါးကို ဆောင်တော်မူတတ်သော မြတ်စွာဘုရား။

၃၇။ ထက်ဝန်းကျင် မြင်စွမ်းနိုင်သော သဗ္ဗညုတ ဉာဏ်တော်လည်း ရှိတော်မူသော မြတ်စွာဘုရား။

၃၈။ မနှိုင်းယှဉ်အပ်သော ဂုဏ်နှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရား။

၃၉။ အလုံးစုံသော ပါရမီအပေါင်းကို ကောင်းစွာဆီပူးအားထုတ်တော်မူသော မြတ်စွာဘုရား။

၄၀။ သူတော်ကောင်း အပေါင်းတို့သည် ကောင်းစွာဆီးကပ်တော်မူသော မြတ်စွာဘုရား။

၄၁။ ချမ်းသာစစ်အမှန် မြတ်နိဗ္ဗာန်သို့ ကော်ပို့ဆောင်တော်မူတတ်သော မြတ်စွာဘုရား။

၄၂။ ရတနာသုံးပါး မိဘ-ဆရာတို့အား မလေးစားဘဲ၊ နွားနှင့်တူသော သူမိုက်တို့ကိုအောင်တော်မူသောမြတ်စွာဘုရား။

၄၃။ ဝီရိယဟုသော တက်မကို ဉာဏ်တော် တည်း ဟူသော လက်တော်ဖြင့် အခါခပ်သိမ်း စွဲကိုင်တော်မူသော မြတ်စွာဘုရား။

၆၄။ လိမ္မာလှစွာသော သဘော်လှေမှူးနှင့်တူသော မြတ်စွာဘုရား။

၆၅။ မဂ္ဂင်ရှစ်ပါး တည်းဟူသော သဘော်- လှေ ထက်သို့ တက်စီးတော်မူသော မြတ်စွာဘုရား။

၆၆။ မဂ္ဂင်ရှစ်ပါးတည်းဟူသော သဘော်-လှေဖြင့် များစွာကုန်သော သတ္တဝါတို့ကို ဘဝသုံးပါး တည်းဟူ သော မဟာသမုဒ္ဒရာမှ ကယ်တင်တော်မူသော မြတ်စွာဘုရား။

၆၇။ သတ္တဝါတို့ ဆင်းရဲဒုက္ခကို ပယ်ဖြောက်တော်မူတတ်သော မြတ်စွာဘုရား။

၆၈။ သစ္စာလေးပါးကို သိမြင်တော်မူသော မြတ်စွာဘုရား။

၆၉။ အမျိုးသုံးဆယ်သော ပါရမီတို့ကို ဖြည့်ကျင့်တော်မူသော မြတ်စွာဘုရား။

၇၀။ မြတ်သော ဗောဓိပင်အနီး၌ သစ္စာလေးပါးကို သိမြင်တော်မူ၍၊ မြတ်သောတံခိုးတို့လည်း ရောက်တော်မူသော မြတ်စွာဘုရား။

၇၁။ လူ-နတ်တို့၏ အစီးအပွါးကို ဆောင်တော်မူပြီး၊ ဘဝသုံးပါးမှ လွတ်မြောက်တော်မူသော မြတ်စွာဘုရား။

၇၂။ များစွာသော ဘုန်းကြောင့် ဖြစ်သော လက္ခဏာတော်လည်း ရှိတော်မူသော မြတ်စွာဘုရား။

၇၃။ ကောင်းကင်နှင့်တူသော ပညာတော်လည်း ရှိတော်မူသော မြတ်စွာဘုရား။

၇၄။ မြင့်မိုရ်တောင်နှင့်တူသော မတုန် မလှုပ်သော သမာဓိလည်း ရှိတော်မူသော မြတ်စွာဘုရား။

၇၅၊ ကြာနှင့်တူသော ချမ်းမြေ့စွာသော ယနံ့သတင်းနှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရား။

၇၆။ မြေကြီးနှင့်တူသော သီးခံနိုင်သော နှစ်လုံးတော်လည်း ရှိတော်မူသော မြတ်စွာဘုရား။

၇၇။ ကောင်းသော ပညာတော်လည်း ရှိတော်မူသော မြတ်စွာဘုရား။

၇၈။ နေ့အခါ နေမင်း တင့်တယ်ခြင်းကဲ့သို့ အခါ ခပ်သိမ်း တင့်တယ်တော်မူသော မြတ်စွာဘုရား။

၇၉။ ဗန္ဓုကမ္ဗလာ ကျောက်နေရာ၌ နေတော်မူလျက်၊ ချမ်းသာကို ပေးတော်မူတတ်သော မြတ်စွာဘုရား။

၈၀။ တာဝတိံသာ နတ်တို့အား ဝါတွင်း သုံး လ ပတ်လုံး တုဘက်ကင်းအောင် တရားဟောတော်မူသော မြတ်စွာဘုရား။

၈၁။ ချေတော်တည်းဟူသော နူးညံ့သောကြာ၏ အပြင်၌၊ တရာ့ရှစ်ကွက် စက်လက္ခဏာတော် အရေးတို့ဖြင့် တင့်တယ်တော်မူသော မြတ်စွာဘုရား။

၈၂။ ဘုံသုံးပါးတို့၌၊ ခပ်သိမ်းသောသူတို့နှင့် မနှိုင်းယှဉ်အပ်သော မြတ်စွာဘုရား။

၈၃။ ခပ်သိမ်းသော လောကသည် ပူဇော်အပ်သော မြတ်စွာဘုရား။

၈၄။ လူ-နတ်-ဗြဟ္မာတို့စီးဝေးရာ၌တည်ကြည်သောစိတ်တော်လည်း ရှိတော်မူသော မြတ်စွာဘုရား။

၇၅။ ပညာတည်းဟူသော ဆီမီးရောင်ဖြင့် အမိုက်မှောင် အဝိဇ္ဇာထုကို ဖြိုခွင်းနိုင်သော မြတ်စွာဘုရား။

၇၆။ သတ္တဝါအပေါင်းတို့၏ အကျိုးစီးပွါးကို ရွက်ဆောင်တော်မူတတ်သော မြတ်စွာဘုရား။

၇၇။ ကြီးမြတ်သော မဟာဂရုဏာ တော်နှင့်တကွ အဆုံးမရှိသော ဉာဏ်နှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရား။

၇၈။ ခပ်သိမ်းသော လောကီ လောကုတ္တရာ ဂုဏ်တို့၏သိမ်းရာဘဏ်တိုက်သဘွယ် ဖြစ်တော်မူသော မြတ်စွာဘုရား။

၇၉။ အကုသိုလ်ကို ဖြတ်တောက်သော နည်းလမ်းကောင်းကို ပေးတော်မူတတ်သော မြတ်စွာဘုရား။

၈၀။ မိဂဒါဝုန်တော၌၊ ဓမ္မစကြာတရားကို ဟောတော်မူသော မြတ်စွာဘုရား။

၈၁။ အတုမရှိ အလွန် နှစ်လိုဘွယ်သော ဂုဏ် ရှိတော်မူသော မြတ်စွာဘုရား။

၈၂။ ရှိခိုးခြင်းငှါ ခံတော်မူထိုက်သော မြတ်စွာဘုရား။

၈၃။ သန့်ရှင်းစင်ကြယ်သော အခြံအရံ ရှိတော်မူသော မြတ်စွာဘုရား။

၈၄။ ပြိုးပြိုးပြက် နှစ်သက်ဘွယ်သော အရောင်တို့ဖြင့် ဆိုးအပ်သောကိုယ် ရှိတော်မူသော မြတ်စွာဘုရား။

၈၅။ ဘုန်း ပညာ ကြက်သရေအပေါင်းတို့၏ တည်ရာလည်းဖြစ်တော်မူသော မြတ်စွာဘုရား။

၈၆။ စောင့်ရှောက်အပ်သော စက္ခုစသော ဣန္ဒြေ အပေါင်းတို့နှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရား။

၉၇။ နေဝန်း, လဝန်းကဲ့သို့ များစွာဆန်းကြယ်သော စက်လက္ခဏာ ရှိတော်မူသော မြတ်စွာဘုရား။

၉၈။ လူ–နတ်–ဗြဟ္မာ အပေါင်းတို့၏ ပူဇော်အပ်တော်မူသော မြတ်စွာဘုရား။

၉၉။ တရားမင်း ဖြစ်တော်မူသော မြတ်စွာဘုရား။

၁၀၀။ လောဘ၊ ဒေါသ၊ မောဟ၊ စသော လှိုင်းတံပိုးတို့နှင့် ပွမ်းသော ပင်လယ်ရေအယဉ်ကို မကူးရှစ်ပါး တည်းဟူသောလှေဖြင့် ကူးမြောက်တော်မူသော မြတ်စွာဘုရား။

၁၀၁။ ဘေးမရှိသော နိဗ္ဗာန်ဟူသော ကမ်းတဖက်သို့ ရောက်တော်မူသော မြတ်စွာဘုရား။

၁၀၂။ သတ္တဝါတို့၏ကိုးကွယ်ရာ ပုန်းအောင်းရာ လည်းလျောင်းရာ ဖြစ်တော်မူသော မြတ်စွာဘုရား။

၁၀၃။ နိဗ္ဗာန်ပြည်မြတ်သို့ ကုတို့ကူးခတ်မြတ်သော ရေဆိပ်သဘွယ် ဖြစ်တော်မူသော မြတ်စွာဘုရား။

၁၀၄။ သတ္တဝါအပေါင်းတို့၏ မှီခိုရာ ကျွန်းနှင့်လည်း တူတော်မူသော မြတ်စွာဘုရား။

၁၀၅။ ကောင်းမှုတည်းဟူသော မျိုးစေ့၏ စိုက်ပျိုးရာ လယ်မြေကောင်းသဘွယ် ဖြစ်တော်မူသော မြတ်စွာဘုရား။

၁၀၆။ မြတ်သော နိဗ္ဗာန်ချမ်းသာကို ပေးတော်မူတတ်သော မြတ်စွာဘုရား။

၁၀၇။ သူတပါးတို့၏ အကျိုးစီးပွါးကို ရွက်ဆောင်တော်မူတတ်သော မြတ်စွာဘုရား။

၁၀၈။ လူနတ်တို့၏ မျက်စေ့အား တင့်တယ်တော်မူသော မြတ်စွာဘုရား။

၁၀၉။ ရေမီး အစုံအစုံသော တန်ခိုး ပြာတိဟာကို လျှင်စွာပြုတော်မူတတ်သော မြတ်စွာဘုရား။

၁၁၀။ အထူးသဖြင့် ချီးမွမ်းအပ်မြတ်သော နှစ်လိုခြင်းကို ဖြစ်စေတော်မူသော မြတ်စွာဘုရား။

၁၁၁။ မြတ်သော တန်ခိုးဂုဏ်ကျေးဇူးနှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရား။

၁၁၂။ မဟာဂရုဏာ သမာပတ်တည်းဟူသော တက်လတ်သော နေအာရုံ ရှိတော်မူသော မြတ်စွာဘုရား။

၁၁၃။ ကျယ်စွာသော အဝန်းရှိသော ဉာဏ်တော်နှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရား။

၁၁၄။ တုဘက်ကင်းမြောက် တယောက်တည်းသာ ဖြစ်တော်မူသော မြတ်စွာဘုရား။

၁၁၅။ သတ္တဝါအပေါင်းတို့အား မြတ်သော သစ္စာလေးပါး တရားရောင်ခြည်ဖြင့် စင်ကြယ်စွာ သိစေတော်မူသော မြတ်စွာဘုရား။

၁၁၆။ လောကသုံးပါး အတွင်း စင်ကြယ်စွာသော အဆုံးမရှိ ပြန့်နှံ့ကျော်ဇောခြင်း ရှိတော်မူသော မြတ်စွာဘုရား။

၁၁၇။ ဘုံသုံးပါးတို့၏ အထွဋ်အမြတ် ဖြစ်သော မျက်စိ ဖြစ်တော်မူသော မြတ်စွာဘုရား။

၁၁၈။ သူတပါးတို့ သီးခံနိုင်ခဲသော အမှုကို သီးခံခြင်းရှိတော်မူသော မြတ်စွာဘုရား။

၁၁၉။ ကျေးဇူး ဂုဏ်အထူးကို သိပူးရှာမှီးတော်မူသော မြတ်စွာဘုရား။

၁၂၀။ သဗ္ဗညုတ ဉာဏ်ကို ချစ်တော်မူခြင်းကြောင့် ငြီးငွေ့ခြင်းကင်းသော စိတ်ရှိတော်မူသော မြတ်စွာဘုရား။

၁၂၁။ များစွာသောကိုယ်၏ အဖြစ်၌၊ သားမယားနှင့် တကွသော အင်္ဂါကြီးငယ် အသက်ကို အလိုရှိသူတို့အားပေးလှူတော်မူသော မြတ်စွာဘုရား။

၁၂၂။ ဒါနပါရမီ၊ အစဆယ်ပါးသော သီလပါရမီတို့ကို ဖြည့်ကျင့်တော်မူသောမြတ်စွာဘုရား။

၁၂၃။ ထိုဆယ်ပါးသော ပါရမီတို့ ပြည့်စုံခြင်းကြောင့်၊ မြတ်သောဘုရားအဖြစ်သို့ရောက်တော်မူသောမြတ်စွာဘုရား။

၁၂၄။ လူ–နတ်တို့၏ မှီခိုရာ မြတ်သော ကိုင်းကျွန်းသဘွယ် ဖြစ်တော်မူသော မြတ်စွာဘုရား။

၁၂၅။ သမ္မုတိနတ်၊ ဥပပတ္တိ နတ်တို့ထက် လွန်သော ဝိသုဒ္ဓိနတ်ဖြစ်တော်မူသော မြတ်စွာဘုရား။

၁၂၆။ အဆုံးစွန်သော ကိုယ်တော်ကို ဆောင်တော်မူတတ်သော မြတ်စွာဘုရား။

၁၂၇။ မာရ်ငါးပါးကို ဖျက်ဆီးတော်မူတတ်သော မြတ်စွာဘုရား။

၁၂၈။ မာရ်စစ်သည်တို့သည် ဖျက်ဆီးခြင်းငှါ မတတ်နိုင်သော မြတ်စွာဘုရား။

၁၂၉။ ပညာတည်းဟူသော ဆီမီးရောင်ဖြင့်၊ ပြောင်ပြောင်တောက်အောင် ထွန်းညှိတော်မူသော မြတ်စွာဘုရား။

၁၃၀။ မာရ်ငါးပါးကိုအောင်မြင်တော်မူသော ဗောဓိပင်နေရာ၌ သဗ္ဗညုတဉာဏ်သို့ရောက်တော်မူသောမြတ်စွာဘုရား။

၁၃၁။ ဆည်းကပ် ရောက်လာကုန်သော ဗြဟ္မာ–လူ–နတ် ပရိတ်သတ်တို့အား မြတ်သော တရားစကားကို ဟောတော်မူသော မြတ်စွာဘုရား။

၁၃၂။ ညစ်ညမ်း ယုတ်မာ ကိလေသာကို ပယ်ခွာတော်မူသော မြတ်စွာဘုရား။

၁၃၃။ လူ–နတ်–ဗြဟ္မာ သတ္တဝါတို့၏ မှေ့လျော်ရာ ဖြစ်တော်မူသော မြတ်စွာဘုရား။

၁၃၄။ ရဟန်း အပေါင်းတို့ကို အစိုးရတော်မူသော မြတ်စွာဘုရား။

၁၃၅။ အရပ်တော်နှင့် အလံတော် ညီမျှသဖြင့်၊ ပညောင်ပင် အဝန်းကဲ့သို့ ညီညွတ် တင့် တယ် သော ကိုယ်ရှိတော်မူသော မြတ်စွာဘုရား။

၁၃၆။ အကြိမ် တရာဖတ်သော ဝါဂွမ်းကဲ့သို့ နူးညံ့သော လက်ဖဝါး ခြေဖဝါး ရှိတော်မူသော မြတ်စွာဘုရား။

၁၃၇။ ဗြဟ္မာမင်း၏ အသံထက် ကဲလွန်စွာ သာယာသော အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသောအသံတော်လည်း ရှိတော်မူသော မြတ်စွာဘုရား။

၁၃၈။ ဧကောမည်သော မြင်းခေါင်းကဲ့သို့ ပြည့်ဖြိုးသော မြင်းကောင်းတော်လည်း ရှိတော်မူသော မြတ်စွာဘုရား။

၁၃၉။ ရွှေပဒုမ္မာ ကြာချပ်နှင့်တူသော အအိမ်ဖြင့် ဖုံးအပ်သည် ဖြစ်၍၊ ကျစ်လစ်လှစွာသော ယောကျ်ားမြတ်၏ နိမိတ်တော်လည်း ရှိတော်မူသော မြတ်စွာဘုရား။

၁၄၀။ ရွှေချေးနင်း အပြင်ကဲ့သို့ ညီညွတ်စွာတည်သော ခြေဖဝါးတော်လည်း ရှိတော်မူသော မြတ်စွာဘုရား။

၁၄၁။ မျက်မှောင် နှစ်ခု၏ အလယ်၌ နူးညံ့ဖြူစင်သော ဥဏ္ဏာလုံး မွေးရှင်တော်လည်း ရှိတော်မူသော မြတ်စွာဘုရား။

၁၄၂။ ကောင်းမြတ်သော နိဗ္ဗာန်သို့၊ ကြွသွားတော်မူတတ်သော မြတ်စွာဘုရား။

၁၄၃။ ဗြဟ္မာမင်း၏ ကိုယ်ကဲ့သို့ ဖြောင့်မတ်သော ကိုယ်တော်လည်း ရှိတော်မူသော မြတ်စွာဘုရား။

၁၄၄။ ညိုသော မျက်လုံးတော်လည်း ရှိတော်မူသော မြတ်စွာဘုရား။

၁၄၅။ အညစ်အကြေးမတင် သန့်ရှင်း စင်ကြယ်သော အရေတော်လည်း ရှိတော်မူသော မြတ်စွာဘုရား။

၁၄၆။ အနည်းငယ်သော အရသာကို ဆောင်ယူခြင်းငှါ စွမ်းနိုင်သော ခုနှစ်ထောင်သော အကြောတို့၏ စုဝေးလျက် ရှိတော်မူသော မြတ်စွာဘုရား။

၁၄၇။ သွားတော်လေးဆယ်တို့သည် အစီအရီညီညွတ်သေးသွယ်၍၊ လှပတင့်တယ်ခြင်း ရှိတော်မူသော မြတ်စွာဘုရား။

၁၄၈။ ရေစီးချောင်းမထင် ပြည့်ဖြိုးသော ကျောက်ကုန်းအပြင်လည်း ရှိတော်မူသော မြတ်စွာဘုရား။

၁၄၉။ တရားရှစ်ကွက် စကြ်လက္ခဏာတော်ဖြင့်၊ မှတ်အပ်သော မြတ်သော ခြေဖဝါးတော်လည်း ရှိတော်မူသော မြတ်စွာဘုရား။

၁၅၀။ မကျဲသော သွားတော်လည်း ရှိတော်မူသော မြတ်စွာဘုရား။

၁၅၁။ မြူမတင်ဘဲ၊ သန့်ရှင်းစွာမြင့်သော ဘမျက်တော်လည်း ရှိတော်မူသော မြတ်စွာဘုရား။

၁၅၂။ ရပ်တော်မူလျက် မကိုင်းညွတ်ဘဲ၊ သိမ်မွေ့ နူးညံ့သော လက်တော်နှစ်ဘက်ဖြင့်၊ ပဆစ်ဒူးဝန်းတော် နှစ်ဘက်ကို သုံးသပ်တော် မူနိုင်သော မြတ်စွာဘုရား။

၁၅၃။ ရွှေမရိုးစည်ငယ်ကဲ့သို့ လုံးသော လည်တိုင်တော်လည်း၊ ရှိတော်မူသော မြတ်စွာဘုရား။

၁၅၄။ အဖျားကော့၍၊ သိမ်မွေးနူးညံ့သော မျက်မွေး၊ မျက်တောင်လည်း ရှိတော်မူသော မြတ်စွာဘုရား။

၁၅၅။ ခြင်္သေ့မင်း၏ ရှေ့ထက်ဝက်သော ကိုယ်နှင့်အတူ ပြည့်ဖြိုးသောကိုယ်လည်း ရှိတော်မူသော မြတ်စွာဘုရား။

၁၅၆။ ကောင်းသောစကားကို ဆိုတော်မူတတ်သော မြတ်စွာဘုရား။

၁၅၇။ ခုနှစ်ပါးသော အရပ်တို့၌၊ ပြည့်ဖြိုးသော အသားတော်လည်း ရှိတော်မူသော မြတ်စွာဘုရား။

၁၅၈။ ရှည်သော လက်ချောင်း-ခြေချောင်းတော်လည်း ရှိတော်မူသော မြတ်စွာဘုရား။

၁၅၉။ တခုတခုသော မွေးညှင်းတော်၌ တချောင်းတချောင်းစီသာ ရောက်သော မွေးညှင်းတော်လည်း ရှိတော်မူသော မြတ်စွာဘုရား။

၁၆၀။ ပြည့်ဖြိုးဖွံ့စင်စွာသော စွယ်တော်လေးဆူလည်း ရှိတော်မူသော မြတ်စွာဘုရား။

၁၆၁။ ဇမ္ဗူရာဇ် ရွှေစဥ်ကဲ့သို့သော အရေတော်လည်း ရှိတော်မူသော မြတ်စွာဘုရား။

၁၆၂။ မျက်နှာတော်သို့ မျှော်လျှက် အထက်သို့ တက်သော လက်ျာရစ်လည်သည့် တင့်တယ်ထူးဆန်းသော မွေးညှင်းတော်လည်း ရှိတော်မူသော မြတ်စွာဘုရား။

၁၆၃။ ကြီးပြန့်သော လျှာတော်လည်း ရှိတော်မူသော မြတ်စွာဘုရား။

၁၆၄။ ခြင်္သေ့မင်း၏ မေးနှင့်တူသော ပြည့်ဖြိုးသော မေးတော်လည်း ရှိတော်မူသော မြတ်စွာဘုရား။

၁၆၅။ ရွှေပွက်လုံးကဲ့သို့ ပြေပြစ်ချောမွတ်သော လက်ချောင်းချောချောင်းတော်လည်း ရှိတော်မူသော မြတ်စွာဘုရား။

၁၆၆။ တင့်တယ်သော နဖူးသင်းကျစ်နှင့် ဦးခေါင်း ရှိတော်မူသော မြတ်စွာဘုရား။

၁၆၇။ မြတ်သော အလှကို ခံတော်မူထိုက်သော မြတ်စွာဘုရား။

၁၆၈။ လူ-သုံးပါးကို၏ နှစ်လိုခြင်းကို ဖြစ်စေတော်မူသော မြတ်စွာဘုရား။

၁၆၉။ ဆယ်ပါးသော အားတော်နှင့် ပြည့်စုံတော်မူပြီး တုဘက်ကင်းတော်မူသော မြတ်စွာဘုရား။

**ဗုဒ္ဓဂုဏ်အကျယ် ချီးကျူးပူဇော်ခန်း ပြီး၏။**

# အောင်တော်မူ ဗုဒ္ဓဂုဏ်ရှစ်ပါး။

၁။ (ဂိရိမေခလာ)အမည်ရှိသောဆင်ကိုစီး၍၊ ဖန်ဆင်းအပ်သော လက်နက်အစုံတို့ဖြင့်၊ လက်ရုံးတထောင်ရှိသော စစ်သည်အပေါင်းနှင့်တကွသော မာရ်နတ်သားကို အောင်တော်မူသော မြတ်စွာဘုရား။

၂။ ညဉ့်သုံးယံပတ်လုံး အလွန် ကြောက်မက်ဘွယ် ကောင်းအောင် စစ်ထိုးနိုင်သော ကြမ်းတန်းခက်ထန်သဖြင့် သူတပါးတို့ သီးခံနိုင်ခဲသော ( အာဠဝက ) ဘီလူးကို အောင်တော်မူသော မြတ်စွာဘုရား။

၃။ တောမီး မိုးကြိုးစက်ကဲ့သို့ အလွန်မုန်ရစ်၍ ကြမ်းကြုတ်စွာသော နာဠာဂိရိ အမည်ရှိသော မင်းစီးဆင်ကို အောင်တော်မူသော မြတ်စွာဘုရား။

၄။ လက်၌ သန်လျက်စွဲ၍ သုံးယူဇနာရှိသော ခရီးကြမ်းကို တဟုန်တည်း ပြေးစွမ်းနိုင်သော အလွန် ကြမ်းကြုတ် ရက်စက်သဖြင့်၊ လက်သျှိုးတည်းဟူသော ပန်းကုန်းလည်၌ ရှိသော ( အင်္ဂုလိမာလ ) ခိုးသူကြီးကို အောင်တော်မူသော မြတ်စွာဘုရား။

၅။ သစ်သားကို ကိုယ်ဝန်ဆောင်ပြု၍ တရားနာပရိသတ် လူ ရဟန်းအပေါင်းတို့ အလယ်၌ (စိဉ္စာမာဏ)အမည်ရှိသော မိန်းမညစ်၏ စွတ်စွဲဖျက်ဆီးသော စကားကို အောင်တော်မူသော မြတ်စွာဘုရား။

၆။ မှန်သောတရားစကားကိုမမှန်၊ မမှန်သော တရားစကား ကိုမှန်သည်ဟု ဝါဒစွဲနှင့် သူတပါးတို့အား နှိမ်နင်းလိုသော စိတ် ရှိသဖြင့် အလွန်မိုက်လှစွာသော သစ္စက ပရိဗိုဇ်ကို အောင်တော် မူသော မြတ်စွာဘုရား။

၇။ အထူးထူးအပြားပြားများစွာသောတန်ခိုးရှိသော(နန္ဒော ပနန္ဒ)အမည်ရှိသော၊ ကြီးမြတ်သော နဂါးမင်းကို သားတော် (ရှင်မောဂ္ဂလ္လာန်)အား တန်ခိုးဖန်ဆင်း၍ နည်းညွှန်ပေးသော ဥပဒေ အစီအရင်ဖြင့်၊ အောင်တော်မူသော မြတ်စွာဘုရား။

၈။ မကောင်းသော မိစ္ဆာအယူကို စွဲမြဲစွာ ယုံကြည် လျက် ကျော်ဇောတောက်ပသဖြင့်၊ ကြီးသောတန်ခိုးရှိသော (ဗကဗြဟ္မာ မင်း)ကို အောင်တော်မူတတ်သော မြတ်စွာဘုရား။

အောင်တော်မူ ဗုဒ္ဓဂုဏ်ရှစ်ပါး ပြီး၏။

\+ × ×

## ဗုဒ္ဓလမ်းစဉ် ဂုဏ်ရှစ်ပါး။

**သတ္တဝါအပေါင်းတို့အား-**

၁။ အဝိဇ္ဇာ တဏှာဟု ဆိုအပ်သော မိုက်မဲတွယ်တာမှုကိုလွတ် မြောက်အောင် နည်းပေးညွှန်ပြတော်မူသော မြတ်စွာဘုရား။

**သတ္တဝါအပေါင်းတို့အား-**

၂။ အစဉ်နှိပ်စက်တတ်သော မောဟတည်းဟူသော အမိုက် မှောင်ကို ဉာဏ်ပညာ အလင်းရောင်ဖြင့်၊ လွတ်မြောက်အောင် နည်းပေး ညွှန်ပြတော်မူသော မြတ်စွာဘုရား။

**သတ္တဝါအပေါင်းတို့အား-**

၃။ ရာဂ၊ အစရှိသော မီးအလျှံတို့ဖြင့် အစဉ်လောင်မြိုက်ခြင်းမှလွတ်မြောက်အောင် နည်းပေး ညွှန်ပြတော်မူသော မြတ်စွာဘုရား။

**သတ္တဝါအပေါင်းတို့အား-**

၄။ သမုဒ္ဒရာ လေးစင်းနှင့်တူသော သံသရာ၌၊ မျောပါနစ်ဆုံးမည်ကို သိမြင်တော်မူသဖြင့်၊ မဂ္ဂင်ရှစ်ပါးဟူသော ကြီးစွာသော လှေ-သင်္ဘောတို့ဖြင့် ချမ်းသာယာသို့ ကယ်တင်ဆောင်ယူခြင်းကို ညွှန်ပြတော်မူသော မြတ်စွာဘုရား။

**သတ္တဝါအပေါင်းတို့အား-**

၅။ ဇာတိ စသော ပဋိသန္ဓေ၊ အို-နာ-သေရေး တို့ဖြင့်၊ အစဉ်ရောထွေး နှိပ်စက်သည့် ဘေးရန်အပေါင်းတို့ကို လွတ်မြောက်အောင် နည်းပေး ညွှန်ပြတော်မူတတ်သော မြတ်စွာဘုရား။

**သတ္တဝါအပေါင်းတို့အား-**

၆။ မြေ လေးစင်းကိုက်သည့် ခန္ဓာကိုယ်၌၊ နှိပ်စက်အပ်သော ဝေဒနာကို ဆေးသမားသဘွယ် အလွယ်နှင့်ပျောက်အောင် နည်းပေး ညွှန်ပြတော်မူတတ်သော မြတ်စွာဘုရား။

**သတ္တဝါအပေါင်းတို့အား-**

၇။ ကိလေသာ တည်းဟူသော ခိုးသူအပေါင်းတို့သည်အစဉ်နှိပ်စက်အပ်သောကြောင့်၊ သံသရာတည်းဟူသော ခရီးထဲမှ လွတ်

မြှောက်အောင် နည်းပေး ညွှန်ပြတော်မူတတ်သော မြတ်စွာဘုရား။

သတ္တဝါအပေါင်းတို့အား-

ဂ။ လေးဆယ့်ငါးဝါတို့ ကာလပတ်လုံး ကိလေသာ အပူမီးတို့မှ ငြိမ်းအေးစိမ့်သောငှါ၊ တရားတည်းဟူသော ရေစဉ်-ရေကောင်းဖြင့်၊ တိုက်ကျွေးပက်ဖြန်း သွန်းလောင်းတော်မူပြီး ဘေးမခဘဲ အေးမြချမ်းသာရာ အထွဋ်အထိပ်သို့ နည်းပေး ညွှန်ပြတော်မူတတ်သော မြတ်စွာဘုရား။

ဗုဒ္ဓလမ်းစဉ် ဂုဏ်ရှစ်ပါး ပြီး၏။

× × +

## အရိမေတ္တေယျ ဘုရားအလောင်းတော် ရင့်မာတကျိပ် ဖြစ်စဉ်။

၁။ မေတ္တေယျ။

၂။ ရာမမင်း။

၃။ ပသေနဒီကောသလမင်း။

၄။ အဘိဘူနတ်ကြီး။

၅။ ဒီဃသောနိရာဟု အသူရိန်။

၆။ စင်္ကီပုဏ္ဏား။

၇။ သုဘ လုလင်။

ဂ။ တောဒေယျပုဏ္ဏား။

၉။ နာဠာဂိရိဆင်။

၁၀။ ပုလလဲဆင်မင်း။

ဤသို့တကျိပ်သော အလောင်းတော်တို့သည် အစဉ်အတိုင်း နောက်လာလတံ့သော အနာဂါတ်ကာလ၌ သဗ္ဗညုတဉာဏ်ကို ရကုန်လတံ့....

ဤအလောင်းတော်တို့သည် ပွင့်တော်မူလတံ့သော အရိမေတ္တေယျ ဘုရားရှင်၏ ပါရမီ ရင့်ချိန် ၌ဖြစ်သော ရင့်မာတကျိပ် ဘ၀ဖြစ်စဉ် အမည်တော်များ ပေတည်း....

**အရိမေတ္တေယျ ဘုရားအလောင်းတော် ရင့်မာတကျိပ် ပြီး၏။**

\+ \+ ×

## ရှေ့အနာဂါတ်ကာလ၌ ပွင့်တော်မူလတံ့သော အရိမေတ္တေယျ ဗုဒ္ဓဘုရားရှင်၏ အကြောင်း။

လူ-နတ်-ဗြဟ္မာတို့၏ အားထားရာအစစ် ဓမ္မရာဇ်မှန်ကူ သရဏ္ဍူထွဋ်ထား အရိမေတ္တေယျ မြတ်စွာဘုရား၊ အလောင်း တော်သည် နေပြည်တော်ကား ကေတုမတီပြည်ကြီး၌ ပွင့်တော် မူမည်။

၁၊ ဘခမည်းတော်ကား သုဗြဟ္မာ အမည်ရှိသော မင်းဆရာ ပုဏ္ဏား ဖြစ်တော်မူမည်။

၂။ မယ်တော်ကား ဗြဟ္မာ၀တီမည်သော ပုဏ္ဏေးမ ဖြစ်တော် မူမည်။

၃။ ဖွါးမြင်တော်မူရာ အရပ်ကား ဣသိပတန မိဂဒါဝုန်တော၌ (အရိမေတ္တေယျ ဘုရားအလောင်း) ဖြစ်တော်မူသော (အဇိတ) လုလင်ကို ဖွါးမြင်တော်မူမည်။

၄။ သင်္ခစကြာဝတေးမင်းကြီးက သားတော်အဖြစ် ကောက်ယူပြီး မွေးမြူတော်မူမည်။

၅။ အရွယ်သို့ ရောက်လတ်သော် စန္ဒမုခီ မင်းသမီးနှင့် စုလျားရစ်ပတ်လက်ထပ်ပွဲ ဆင်နွှဲကျင်းပတော် မူမည်။

၆။ ထိုအခါ (ဗြဟ္မဝဍ္ဎ) အမည်ရှိသော သားတော်ကို ဖွါးမြင်တော်မူမည်။

၇။ ထိုနောက် ဥယျာဉ်တော်သို့ ထွက်တော်မူ၍၊ သူအို–သူနာ သူသေ–ရဟန်း စသော နိမိတ်ကြီးလေးပါးကို မြင်တော်မူသဖြင့် သံဝေဇဉာဏ် အမြင်သန်ပြီး တောထွက်တော်မူမည်။

၈။ ဒုက္ကရစရိယာ ခြောက်ရက် ကျင့်တော်မူမည်။

၉။ ထိုအခါ စန္ဒမုခီမိဖုရား နို့ဃနာဆွမ်း ကပ်လှူတော်မူမည်။

၁၀။ ထိုကပ်လှူသော နို့ဃနာဆွမ်းကို ဘုဉ်းပေးတော်မူမည်။

၁၁။ ထိုနေရာ၌ တနေကုန် သီတင်းသုံးတော်မူမည်။

၁၂။ ညနေအချိန် ချမ်းသည့်အခါ ထိုနေရာမှ တရွေ့ရွေ့ကြွတော်မူပြီး၊ ဂန့်ဂေါ်ပင်သို့ ရွှေရှုရောက်တော်မူမည်။

၁၃။ ဂန့်ဂေါ်ပင်အောက်၌ အမြင့်-၆၄ တောင်ရှိသော ရတနာရွှေပလ္လင် ပေါက်တော်မူမည်။

၁၄။ ထိုရတနာ ရွှေပလ္လင်ထက်၌ ထက်ဝယ်ဖွဲ့ခွေ စံနေတော်မူမည်။

၁၅။ ထိုသို့ စံနေတော်မူစဉ် သစ္စာလေးပါး အမြိုက်တရားကို ထွားထွားကျေညက် ပယ်ဖျက်ခုတ်ထွင် အောင်မြင်တော်မူမည်။

၁၆။ သဗ္ဗညုတဉာဏ်ကိုရပြီး မြတ်သောဘုရားအဖြစ်သို့ ကောင်းစွာ ရောက်တော်မူမည်။

၁၇။ ထိုနောက် ဣသိပတန မိဂဒါဝုန်တော၌၊ လူ-နတ်-ဗြဟ္မာ သတ္တဝါအပေါင်းတို့အား ဓမ္မစကြာတရားကို ဟောတော်မူသည်။

၁၈။ ထိုအခါ တရားတော်ကို နာရ၍၊ ကုဋေတသိန်းမျှသော သတ္တဝါတို့ ကျွတ်တန်းဝင်ကြကုန်မည်။

၁၉။ ထိုအခါ လကျ်ာရံ မထေရ်ကား အသောက ရဟန္တာတည်း။

၂၀။ လက်ဝဲရံမထေရ်ကား ဗြဟ္မဒေဝ ရဟန္တာတည်း။

၂၁။ အလုပ်အကျွေးကား သီဟရဟန္တာမထေရ်တည်း။

၂၂။ လကျ်ာရံ ရဟန္တာမထေရ်ရီကား ပဒုမတည်း။

၂၃။ လက်ဝဲရံ ရဟန္တာမထေရ်ရီကား သုမနတည်း။

၂၄။ အရိမေတ္တေယျ မြတ်စွာဘုရား၏ အရပ်တော် အတောင်ရှစ်ဆယ်မြင့်၍ အသက်တော် အနှစ်ရှစ်သောင်း ရှည်တော်မူပြီး ဂန့်ဂေါ်ပင်ကို အမှီပြု၍ ပွင့်တော်မူမည်။

အဆင်းတော် အထူးသမ္ပယ်တော်မူပြီး သာသနာတော် အနှစ်သုံးသိန်း ထားတော်မူမည်။

ဤကား ပွင့်လတ္တံ့သော အရိမေတ္တေယျ ဗုဒ္ဓဘုရားရှင်၏ အတ္ထုပ္ပတ္တိ အကျဉ်း ပြီး၏။

# ကျမ်းပြီးနိဂုံး။

ဤဗုဒ္ဓပန်းတိုင်အမည်ရှိသော စာအုပ်ကိုရေးသား၍ပြီးခဲ့လေပြီ၊ ဤစာအုပ်ရေးသားရခြင်း၏ အကြောင်းရင်းမှာဗုဒ္ဓဘာသာဝင် ပုဂ္ဂိုလ်များဖြစ်ကြသည့် လူကြီးမိဘတို့၏ အတွက်မှာကား အထူးရေးသားဖော်ပြရန်မလိုပေ၊ထိုပုဂ္ဂိုလ်တို့၏ရင်နှစ်ရင်သွေး သားသမီးကလေးတို့၏ အတွက်ကား လိုပေသေးသည်။ထိုသားငယ်သမီးငယ် လူမမယ်ကလေးများမှာ လူကြီးများကဲ့သို့ဝါဒအသွေးအရောင် မရှိကြသေးဘဲ အဖြူထည်သက်သက် ကလေးများသာဖြစ်ကြပေသည်။ ထို့ကြောင့် ပန်းချီဆရာကြီးများနှင့်တူသော လူကြီးမိဘတို့၏ လိမ်းသချယ်မှုန်းပေးသမျှသော ဝါဒအသွေးအရောင်တို့ကို အသဲစွဲအောင်လက်ခံမြဲဖြစ်ကြလေသည်။.... သို့ရာတွင် ဗုဒ္ဓဘာသာဝင်မှန်သမျှမှာ....(ရတနာသုံးပါး ဦးထိပ်ထား၍ မြတ်များမိခင်ဖွားသန့်စဥ်သည်)ဟုဆိုရိုးရှိ သည့်အတိုင်း မမွေးဖွားမီကပင်၊ ဗုဒ္ဓဝါဒ ဗုဒ္ဓဘာသာ အရောင် ဟတ်လျက်ရှိနေသည့်အတွက်၊ အမိဝမ်းတွင်းကပင် ဖြူဖြူဖွေးဖွေး ဗုဒ္ဓဘာသာလောင်းကလေးများ ဖြစ်ခဲ့ကြပေသည်။ သို့ပင်ဖြစ်လင့်ကစား၊ လူကြီးမိဘတို့က အရေးမပြုဂရုမမူ ရှိခြေပါလျှင် အခြားသော ဝါဒပန်းချီဆရာကြီးတို့၏၊ မလိုလား အပ်သော ဝါဒ အသွေးအရောင်တို့ကို အမှတ်တမဲ့ သုတ်လိမ်းပေးခြင်း ခံလိုက်ရပါက.... ထိုအသွေး အရောင်တို့ကို၊ အလွယ် တကူနှင့် ချွတ် ဆေး၍ ရနိုင်တော့မည်မဟုတ်ချေ။ သို့ဖြစ်သောကြောင့်၊ လောက၌အထွဋ်မြတ်ဆုံးဖြစ်သော သဗ္ဗညုတ ဉာဏ်တော်ကို ရတော်မူကြသည့်

ဗုဒ္ဓဘုရားရှင်တို့၏ ဝါဒတည်းဟူသော အသွေးအရောင် ဂုဏ်တော်တည်းဟူသော အသွေးအရောင်တို့ကို၊ ဗုဒ္ဓဝင်ကျမ်းကြီးများမှထုတ်နှုတ်၍ ဗုဒ္ဓပန်းတိုင်ဟူသော အမည်ဖြင့်ဤကျမ်းစာအုပ်ကို ရေးသားရပေသည်။ ထိုဗုဒ္ဓဝါဒ၊ ဗုဒ္ဓဘာသာ ဗုဒ္ဓ၏အသွေးအရောင်တို့ကို တလောကလုံး သုတ်လိမ်း ချယ်မှုန်း နိုင်ကြပါစေသတည်း။

☆ ★ ☆

## ဆုတောင်း။

ဤကုသလ၊ မြတ်ပုညကြောင့်၊ ဘဝနောင်ခါ။ သံသရာဝယ် ပညာဉာဏ်ရှိန်၊ နေသို့ထိန်လျှက်၊ ဣန္ဒြေငါးဖြာ၊ ရင့်ကျက်ပါ၍၊ နောင်ခါပွင့်ကြ၊ သဗ္ဗညုဒ္ဓတို့၊ နှစ်ဝစက်စုံ၊ ကြွာပဒုံကို၊ ကြည်ယုံဦးချ၊ ဂါရဝဖြင့် ဆုသဆင်ပန်၊ ဗျာဒိတ်သံကို၊ ဧကန်မုချ၊ နာခံရလျှက်၊ သီဝမြို့၊ ပြည်နိဗ္ဗူကို၊ လွယ်ကူချမ်းသာ၊ ရလိုပါ၏၊ သတ္တဝါဝေနေ၊ များဗိုလ်ခြေလည်း၊ မသွေနိစ္စ၊ ချမ်းသာကြ၍၊ သုခပွားစေ၊ တောင်းဆုချွေသည်၊ ပေးဝေအမျှ ရကြပါစေသောဝ်............။

ဦးကိုကိုကြီး ။

နက္ခတ်ဗေဒင်ပညာရှိ

အမှတ်(၁၀) ကာလီမာလမ်း၊

မြေနီကုန်း၊ ရန်ကုန်မြို့။

# သတိပြုပါ။

၁။ စီးပွါးရေး အကြောင်းကြောင့်လား....

၂။ အချစ်ရေး-အိမ်ထောင်ရေး အကြောင်းကြောင့်လား..-

၃။ ကျန်းမာရေး အကြောင်းကြောင့်လား....

၄။ မိတ်ဆွေကောင်း – မိတ်ဆွေဆိုး ခွဲမရတဲ့အကြောင်းကြောင့်လား....

၅။ နေ့ကောင်း–နေ့ဆိုး–မသိလို့လား....

၆။ အကြံအစီ၊ အလုပ်အကိုင်၊ အမှုအခင်း၊ လူပျောက်၊ ဥစ္စာပျောက်အတွက် လောကသက်ဆိုင်ရာ မှန်သမျှ ဒွိဟာ သံသရ ရှိနေကြသလား ကြိုကြိုတင်တင် တိကျမှန်ကန်ခြင်းကို လိုလား တောင့်တ အလိုရှိနေကြသော လူထုကြီးတရပ်လုံးအား (မှုမှန်) (ဗေဒင်) (လက္ခဏာ) ပညာ(ထူး)ကြီးဖြင့် အဖြေမှန်ကို အတိ အကျ အကူအညီပေးနေပါပြီ--

ဆေးနွေးဘူးသူတိုင်း ဆရာ၏ အကြံဉာဏ် မိမိ၏ကံ အချေခံ ဖြင့်၊ အကျိုးရှိကြ၍ ကျေနပ်သော ထောက်ခံမှု များစွာ ရခဲ့ သည်။

၁။ ရုပ်ရည်ကြောင့်လား....

၂။ အသံကြောင့်လား....

၃။ နာမည်ကြောင့်လား....

၄။ ကံကြောင့်လား....

၅။ နေရပ်ကြောင့်လား....

ဆိုသည့် အချက်အလက် မျိုးစုံတို့ကို အင်္ဂါရပ် လေးချက်နှင့် ညှိနှိုင်း၍ သင့်ဘဝ၏ ခရီးတလျှောက်ဖြစ်စဉ် အားလုံး အစုံကို ဆွေးနွေးသည့် ရက်–နာရီ–အချိန်မှစ၍ ရှေ့အဘို့ အကုန် တခါ တည်း သိနိုင်ရန် တာဝန်ခံနှင့် ဟောနေပြီ။

ဥာဏ်ပူဇော် ဆွေးနွေးခ– ၁၀–ကျပ်၊ ၁၅–ကျပ်၊ ၂၅–ကျပ် ၅၅–ကျပ်၊ ၁၀၅–ကျပ်၊ ၅၀၅–ကျပ်၊ ၁၀၀၅–ကျပ်ထိ တနည်း၊ ဓါတ်ရိုက်၊ဓါတ်ဆင် ခြင်းဖြင့်၊ ထူးခြားအောင် ကူညီမည်။

ဦး ကိုကိုကြီး
နက္ခတ်ဗေဒင် – ပညာရှိ၊
အမှတ် (၁၀)၊ကာလီမာလမ်း၊ မြေနီကုန်း
ရန်ကုန်မြို့။